.mgyoe.com


SAMPLE BOOK

HAROLD ROBBINS


# A STONE FOR DANNY FISHER

# ပြတ်ငြိမ်း ဘဝရိုင်း

လေးတွဲပေါင်းချုပ်



mgyoe.com



mgyoel.com SAMPLE BOOK

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com

SAMPLE BOOK


စိတ်ကူးချိုချိုစာအုပ်

# ဘဝရိုင်း

## A Stone for Danny Fisher

## Harold Robbins

မြတ်ငြိမ်း
(မြန်မာပြန်)




လေးတွဲပေါင်းချုပ် ပထမအကြိမ်၊ ၂၀၂၅

mgyoe.com

mgyoe.com SAMPLE BOOK

ဘဝရိုင်း၊ မြတ်ငြိမ်း(မြန်မာပြန်)
စာမျက်နှာ ၆၈၈ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ • ၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၅၊ ဇွန်လ၊ လေးတွဲပေါင်းချုပ် ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၉၄၊ နေဝန်းသစ်စာပေ၏ ပထမအကြိမ်မှ

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com


mgyoe.com SAMPLE BOOK

C·91

35¢

THE COMPLETE BOOK

# A STONE FOR DANNY FISHER



A violent novel of a lonely guy, his girls and his enemies in New York's toughest slum

HAROLD ROBBINS

Author of NEVER LOVE A STRANGER

A CARDINAL EDITION

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# အညတရတစ်ဦးအတွက် အမှတ်တရလေးတစ်ခု

သားသားရေ…

ဇီယွန်တောင်ကုန်းသုသာန်ကို အရောက်သွားဖို့ လမ်းတွေအများကြီးရှိတယ် ကွယ်။

လောင်းအိုင်းလင်းမှာ သာယာလှပတဲ့ ပန်းခြံပတ်လမ်းတွေ အများကြီး၊ အဲဒီ လမ်းတွေအတိုင်း ကိုယ်ပိုင်ကားနဲ့သွားမလား ရတယ်၊ ဒါမှမဟုတ် မီးရထားတို့၊ ဘတ်စ်ကားတို့စီးသွား၊ အဲဒါမှ မဟုတ်သေးရင် ဓာတ်ရထားစီးသွား၊ ရောက်တာပဲ။ ဒါပေမဲ့ ဒီရက်သတ္တပတ်အတွင်း လူမကျပ်တဲ့လမ်း၊ လူမရှုပ်တဲ့လမ်းဆိုလို့ တစ်လမ်းမှ ရှိမှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီရက်သတ္တပတ်က ရဟူဒီနှစ်သစ်ကူးပွဲတော် နေ့တွေရဲ့ အကြိုရက်သတ္တပတ်လေ။ ဒီခြောက်ရက်အတွင်းမှာ သားသားတို့အနေနဲ့ အလှူဒါနပြုကြရတယ်၊ ဝတ်ပြုဆုတောင်းပွဲတွေ လုပ်ကြရတယ်။ အဲဒီအထဲမှာ ဘဝ တစ်ပါး ပြောင်းသွားသူရဲ့ သင်္ချိုင်းဂူကို တစ်နှစ်တစ်ကြိမ်သွားပြီး ဝတ်ပြုဆုတောင်း တာလည်း ပါတယ်။

အဲဒီလို ကွယ်လွန်သူရဲ့ အုတ်ဂူရှေ့မှာ ဝတ်ပြုဆုတောင်းပြီးတာနဲ့ သားသားရဲ့ ခြေထောက်အောက်က ကျောက်ခဲလေးတစ်လုံးကိုကောက်၊ အုတ်ဂူပေါ်မှာ တင်ထား၊ ဒါမှ သုသာန်ထဲကို ညစဉ်လာရောက်တဲ့ 'မော်ကွန်းတင်နတ်သား' က သားသားတင် ထားတဲ့ ကျောက်ခဲကိုတွေ့မယ်။ ဒါမှ ကွယ်လွန်သူရဲ့ အုတ်ဂူရှိရာကို သားသား ကိုယ်တိုင် ရောက်ခဲ့တယ်ဆိုတာ မော်ကွန်းတင်နတ်သားက မှတ်တမ်းတင်မယ်။ ဒါမှ သားသား ကုသိုလ်ရမယ်လေ။

mgyoe.com

ကြိုတင်ချိန်းထားတဲ့ အချိန်အတိုင်း အဖြူရောင်ကျောက်တုံး မုခ်ဦးကြီးအောက်မှာ သားသားတို့ ဆုံကြမယ်၊ သားသားရဲ့ ခေါင်းပေါ်က ကျောက်တုံးကြီးမှာ ထွင်းထားတဲ့ စာလုံးတွေကတော့ 'ဒီယွန်တောင်ကုန်း သုသာန်' တဲ့။ သားသားတို့အားလုံး ခြောက်ယောက်လေ။ သားသားတို့ တစ်ယောက်ကိုတစ်ယောက် ကြောင်အမ်းအမ်း ကြည့်ကြမယ်။ နောက်ပြီး နှုတ်ခမ်းဖျားတွေက စကားလုံးတွေကို ချုပ်ချုပ်တည်းတည်း ပြောကြမယ်။ သားသားတို့အားလုံး လူစုံပြီ၊ သားသားတို့ တစ်အုပ်စုလုံး လျှို့ဝှက်တိုင်ပင်ထားဘိသကဲ့သို့ စကားတစ်ခွန်းမှ မပြောဘဲ တစ်ချိန်တည်း တစ်ပြိုင်တည်း စတင်ခြေလှမ်းကြတယ်။ မုခ်ဦးဝရဲ့အောက်က ဖြတ်လျှောက်သွားကြတယ်။

သားသားရဲ့ ညာဘက်မှာက သုသာန်မှူးရဲ့ အဆောက်အအုံ၊ သားသားရဲ့ ဘယ်ဘက်မှာကတော့ မှတ်တမ်းရုံး၊ အဲဒီရုံးရဲ့ မှတ်တမ်းတွေထဲမှာ သားသားနဲ့အတူ ဒီကမ္ဘာမြေကြီးပေါ်မှာ ခြေချခဲ့တဲ့ လူတော်တော်များများရဲ့ လက်ရှိလိပ်စာတွေရယ်၊ သားသား လူ့လောကထဲ မရောက်မီက ဒီကမ္ဘာမြေကြီးပေါ်မှာ ခြေချခဲ့တဲ့ လူတော်တော်များများရဲ့ လက်ရှိလိပ်စာတွေရယ်ကို မှတ်တမ်းတင်ထားတယ်လေ။ အဲဒီလိပ်စာတွေကို မြေကွက်အမှတ်အလိုက် အသုဘရှင် အသင်းအဖွဲ့ရဲ့ နာမည်အလိုက် စာရင်းသွင်း မှတ်တမ်းတင်ထားတယ်။ သားသား ဒီအကြောင်းရပ်ပြီး စဉ်းစားမနေနဲ့၊ ဘာဖြစ်လို့လဲဆိုတော့ သားသားအတွက် ဖေဖေကလွဲရင် ကျန်တဲ့လူတွေဟာ မနေ့ကနဲ့ပဲ သက်ဆိုင်နေတယ်လေ။

သားသားတို့ လမ်းရှည်ကြီးတစ်လမ်းအတိုင်း လျှောက်သွားရင်း လမ်းသွယ်ကလေးတစ်ခုကို ရှာနေကြတယ်။ ဟော… နောက်ဆုံးတော့ တွေ့ပြီ။ အနက်ရောင်အပြားဝိုင်းကလေးပေါ်မှာ အဖြူရောင်နံပါတ်တွေ။ သားသားတို့ လမ်းသွယ်ကလေးထဲ ချိုးကွေ့ဝင်လိုက်ကြတယ်။ မျက်လုံးတွေက သင်္ချိုင်းမြေကွက်ပေါ်မှာ ရေးထိုးထားတဲ့ အသုဘရှင်တွေရဲ့ နာမည်တွေကို လိုက်ဖတ်နေတယ်။ သားသားတို့ ရှာနေတဲ့ နာမည်ကို တွေ့ပြီ။ မီးခိုးရောင် ကျောက်တုံးပေါ်မှာ တောက်ပြောင်နေတဲ့ အနက်ရောင်စာတန်း။ သားသားတို့ သင်္ချိုင်းမြေကွက်ထဲ ဝင်လိုက်ကြတယ်။

အဲဒီမှာ သားသားတို့ကို ကြိုဆိုဖို့ အဘိုးအို လူဖလံကလေးတစ်ယောက် ခပ်သုတ်သုတ် ပြေးထွက်လာတယ်။ သူ့ရဲ့ နှုတ်ခမ်းမွေးနဲ့ မုတ်ဆိတ်မွေးတွေက ဖြူဖြူဆွတ်ဆွတ်၊ မုတ်ဆိတ်မွေးဖြူဖြူတွေပေါ်မှာတော့ ဆေးရွက်ကြီးချေးတွေ စွန်းထင်းလို့၊ သူက သူ့အင်္ကျီရင်ဖုံးပေါ်က တံဆိပ်ကလေးကို လက်ချောင်းတွေနဲ့ကိုင်ရင်း စူးစမ်းတဲ့

mgyoe.com

 oe.com SAMPLE BOOK 

အပြုံးကို ပြုံးပြလိုက်တယ်။ သူက အသုဘရှင်တွေအတွက် ဝတ်ပြုဆုတောင်းတွေ ရွတ်ဖတ်သရဇ္ဈာယ်ပေးတဲ့ သူလေ။ သူက သားသားတို့အတွက် ရဟူဒီဘာသာစကားနဲ့ ဆုတောင်းစာတွေ ရွတ်ပြ၊ ဖတ်ပြပေးမယ့်လူ။ ဒါက နှစ်ပေါင်းများစွာကတည်းက ကျင့်သုံးခဲ့တဲ့ ရိုးရာဓလေ့ပါ။

သားသားက နာမည်တစ်ခုကို တိုးတိုးရေရွတ်လိုက်တယ်။ သူက လည်တိုင်ကိုပုပြီး ငှက်တစ်ကောင်လို ခေါင်းညိတ်တယ်။ သားသားတို့ရှာနေတဲ့အုတ်ဂူကို သူ သိတယ်လေ။ သူက တစ်ဖက်ကို လှည့်လိုက်တယ်။ သားသားတို့က သူ့နောက်ကို လိုက်တယ်။ တခြားအုတ်ဂူတွေပေါ်က ဂရုတစိုက် ကျော်လွှားကြတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီနေရာမှာ မြေလွတ်က ရှားတယ်လေ။ သူက ခြေလှမ်းရပ်ပြီး ရင့်ရော်တုန် ယင်နေတဲ့ လက်နဲ့ ညွှန်ပြတယ်။ သားသားက ခေါင်းညိတ်ပြတယ်။ သားသားရှာနေ တာ ဒီအုတ်ဂူပဲ မဟုတ်လား။ ဒီတော့ သူက နောက်ကိုဆုတ်လိုက်တယ်။

အနီးအနားမှာရှိတဲ့ လေယာဉ်ကွင်းမှာ ဆင်းသက်ဖို့ လေယာဉ်တစ်စင်း ခေါင်းပေါ်က တဝီဝီပျံသွားတယ်။ ဒါပေမဲ့ သားသားက မော့မကြည့်ဘူး။ သားသားက ကျောက်ပြားပေါ်က ကမ္ပည်းစာကို ဖတ်ကြည့်နေတယ်။ သားသားရဲ့ တစ်ကိုယ်လုံးကို ငြိမ်းချမ်းခြင်းနဲ့ ငြိမ်သက်ခြင်းက လွှမ်းမိုးနေတယ်။ တစ်နေ့တာလုံး ခံစားခဲ့ရတဲ့ တင်းကျပ်မှုတွေ သားသားရဲ့ ကိုယ်ပေါ်က ကွာကျသွားပြီ။ သားသားမျက်လုံးတွေ ပင့်တင်လိုက်တယ်။ ပြီးတော့ ဝတ်ပြုဆုတောင်း ရွတ်ဖတ်သူကို အသာအယာ ခေါင်း ညိတ်ပြလိုက်တယ်။

သူ့ရှေ့ကို ခြေတစ်လှမ်း တိုးလိုက်ပြန်တယ်။ ပြီးတော့ သားသားရှေ့မှာ မတ် တတ်ရပ်တယ်။ သူက သားသားတို့ရဲ့ နာမည်တွေကိုမေးတယ်။ သူ့ရဲ့ ဝတ်ပြု ဆုတောင်းထဲမှာ ထည့်ပြီး ရွတ်ဖတ်ဖို့၊ သားသား နာမည်တစ်ခုချင်း ပြောပြတယ်။

ဖေဖေ့ မေမေ။

ဖေဖေ့ ဖေဖေ။

ဖေဖေ့ အစ်မ။

ဖေဖေ့ အစ်မရဲ့ယောက်ျား။

ဖေဖေ့ ဇနီး။

ဖေဖေ့ သား။

သူ့ရဲ့ ဝတ်ပြုဆုတောင်းသံက စကားလုံးတွေ မသဲမကွဲနဲ့ ရွတ်ဆိုနေတဲ့ တေး

mgyoe.com

mgyoe.com SAMPLE BOOK


တစ်ပုဒ်လို အုတ်ဂူတွေကြားထဲမှာ တစ်သမတ်တည်း ပဲ့တင်ထပ်နေလေရဲ့။ ဒါပေမဲ့ သူရွတ်ဆိုတာကို သားသား နားထောင်မနေဘူး။ သားသားရဲ့ရင်ထဲမှာ ဖေဖေ့ကို သတိရတမ်းတမှုတွေနဲ့ ပြည့်နေတယ်။ နောက်ပြီး သားသားတို့ တစ်ယောက်ချင်း အတွက် ဖေဖေဟာ အသွင်မတူသူတစ်ယောက် ဖြစ်နေတယ်လေ။

နောက်ဆုံးမှာ ဆုတောင်းရွတ်ဖတ်တာ ပြီးသွားတယ်။ ဆုတောင်းရွတ်ဖတ်သူကို အခကြေးငွေပေးလိုက်တယ်။ သူက သူ့တာဝန်ကို အခြားတစ်နေရာမှာ ဆက်ပြီး ထမ်းဆောင်ဖို့ ထွက်သွားတယ်။ သားသားက သားသားရဲ့ အနီးအနား မြေပြင်ပေါ်မှာ ကျောက်ခဲကလေးတွေ ရှိလိုရှိငြား ရှာကြည့်တယ်။ ကျောက်ခဲလေးတစ်လုံးကို သားသား လက်ထဲမှာ ဂရုတစိုက်ကိုင်ပြီး တခြားလူတွေ တစ်ယောက်ချင်း ကမ္ဗည်းတိုင်ရှိရာကို တိုးသွားသလို သားသားလည်း ရှေ့တိုးသွားတယ်။

သားသားတို့တွေအားလုံး စုပေါင်းပြီး ဒီနေရာကို နောက်ဆုံးအကြိမ် ရောက်ခဲ့ပြီးတဲ့ နောက်ပိုင်း၊ ဆောင်းရာသီရဲ့ အေးစက်ခြင်းနဲ့ နှင်းခဲတွေ၊ နွေရာသီရဲ့ ပူလောင်ခြင်းနဲ့ မိုးစက်တွေ ဖေဖေ့အပေါ် လွှမ်းခြုံပတ်ဝိုင်းခဲ့ကြပြီလေ။ သို့ပေမဲ့ သားသားတို့ရဲ့ အတွေးစတွေဟာ ခုလည်း ဟိုတုန်းကအတိုင်း ပြန်လည်ပေါ်ပေါက်နေတယ်။ သားသားတို့ တစ်ယောက်ချင်းစီရဲ့ သတိရလွမ်းဆွတ်ဖွယ် ဖြစ်ရပ်တွေထဲမှာ ဖေဖေဟာ ပြတ်ပြတ်ထင်ထင် ရှိနေဆဲဖြစ်တယ်။ အဲ... တစ်ယောက်ကလွဲလို့ပေါ့။

ဖေဖေ့ မေမေအတွက်တော့ ဖေဖေဟာ သူ့ရင်ခွင်ကို တွယ်ကပ်တိုးဝှေ့ပြီး သူ့လက်မောင်းတွေပေါ်မှာ ခိုလှုံနေတဲ့ အထိတ်ထိတ်အလန့်လန့် ကလေးငယ်တစ်ယောက်ပါပဲ။

ဖေဖေ့ ဖေဖေအတွက်တော့ ဖေဖေဟာ ထိန်းကျောင်းရခက်တဲ့ သားတစ်ယောက်။ ဖေဖေ့ ဖေဖေရဲ့ အချစ်ဟာ ဖေဖေ့ ဖေဖေကို ဖေဖေချစ်သလိုမျိုး ခိုင်မာတယ်၊ ပြင်းထန်တယ်။ ဒါပေမဲ့လည်း ဖေဖေ့ ဖေဖေရဲ့ အချစ်ကို ခံစားရဖို့ မလွယ်ခဲ့ဘူး။

ဖေဖေ့အစ်မအတွက်တော့ ဖေဖေဟာ ထက်မြက်သွက်လက်တဲ့ မောင်ကလေးတစ်ယောက်ပေါ့။ ဒီမောင်ကလေး ရဲရဲဝံ့ဝံ့ စွန့်စားမှုဟာ မေတ္တာတရားနဲ့ စိုးရိမ်ထိတ်လန့်မှုဆိုတဲ့ အကြောင်းတရားကြောင့် ပေါ်ပေါက်လာတဲ့ လုပ်ရပ်ပေါ့။

ဖေဖေ့အစ်မရဲ့ ယောကျ်ားအတွက်တော့ ဖေဖေဟာ လူတိုင်း မျှော်လင့်တောင့်တတဲ့ အောင်မြင်မှုကို သူနဲ့အတူ မျှဝေခံစားခဲ့တဲ့ မိတ်ဆွေတစ်ယောက်ပဲ။

ဖေဖေ့ဇနီးအတွက်တော့ ဖေဖေဟာ ညဥ့်အချိန်မှာ သူနဲ့အတူယှဥ်တွဲပြီး ရမ္မက်

mgyoe.com

 oe .com SAMPLE BOOK 

နတ်ကို ပူဇော်ကန်တော့ခဲ့တဲ့ ချစ်သူတစ်ဦး။ နောက်ပြီး သူနဲ့အတူတွဲဖက်ပြီး ရင်သွေးတစ်ဦးကို ဖြစ်ပေါ်စေခဲ့သူ။

ဖေဖေ့သားအတွက်တော့... ဖေဖေ့သားအတွက်တော့၊ ဖေဖေ ဘယ်လိုလူစားဖြစ်နေမလဲဆိုတာ ဖေဖေမသိဘူး။ ဘာဖြစ်လို့လဲဆိုတော့ သားသားက ဖေဖေ့ကိုမှ မသိခဲ့ဘဲကိုး။

ဖေဖေ့အုတ်ဂူပေါ်မှာ ကျောက်ခဲကလေးငါးလုံး တင်ထားပြီး သို့တိုင် သားသားရေ... သားသားက ကြောင်စီစီနဲ့ မှတ်တတ်ရပ်နေတုန်းပဲ။ တခြားလူတွေအားလုံးရဲ့ ရင်ထဲမှာ ဖေဖေဟာ အမှန်တကယ်ရှိနေတယ်။ ဒါပေမဲ့ သားသားအတွက်တော့ ဒီလို မဟုတ်ဘူးလေ။ ဒါဆိုလည်း သားသား ဘာဖြစ်လို့ ဒီနေရာမှာရပ်ပြီး သားသားမသိခဲ့တဲ့ တစ်စုံတစ်ယောက်အတွက် လွမ်းဆွတ်တသနေရမလဲ။

သားသားရဲ့ နှလုံးသားထဲမှာ ကလေးငယ်တစ်ယောက်ရဲ့ မကျေနပ်မှု အစိုင်အခဲသေးသေးလေး ရှိနေတယ်လေ။ ဘာဖြစ်လို့လဲဆိုတော့ သားသားအပေါ်မှာ ဖေဖေ တာဝန်မကျေခဲ့လို့၊ သားသားဆိုရင် ကလေးတွေ ပြောလေ့ပြောထရှိတဲ့ အကြွားအဝါစကားတွေကို ဘယ်တော့မှမပြောခဲ့ဘူး။

"ငါ့ဖေဖေဟာ အသန်မာဆုံး"

ဒါမှမဟုတ် အတော်ဆုံး၊ ဒါမှမဟုတ် အကြင်နာဆုံး၊ ဒါမှမဟုတ် အချစ်ဆုံးဆိုတဲ့ စကားမျိုးတွေလေ။ တခြားကလေးတွေက ဒီစကားမျိုးတွေ သားသားကိုပြောတော့ သားသားရဲ့ ရင်ထဲမှာ တွေဝေမှုတွေ အုံကြွလာပြီး တိတ်ဆိတ်ခါးသီးစွာ နားထောင်နေခဲ့ရတယ် မဟုတ်လား။

ဖေဖေ့ကို မကျေမနပ်လည်း မဖြစ်ပါနဲ့၊ အပြစ်လည်း မတင်ပါနဲ့ သားသားရယ်။ ဖြစ်နိုင်မယ်ဆိုရင် သားသားရဲ့ ဆုံးဖြတ်ချက်ကို အလျင်စလို မချလိုက်ပါနဲ့။ သားသား ဖေဖေရဲ့ ဇာတ်လမ်းကို နားထောင်လိုက်ပါဦး။ ဖေဖေဟာ လူသားတစ်ယောက်ပါ။ ဒီတော့ ချို့ယွင်းချက်ရှိမယ်၊ အားနည်းချက်ရှိမယ်။ ဖေဖေ့ဘဝ တစ်သက်တာမှာ အမှားပေါင်းများစွာ ကျူးလွန်ခဲ့တယ်။ လူတော်တော်များများအပေါ်မှာ တာဝန်ပျက်ခဲ့တယ်။ ဒါပေမဲ့ သားသားအပေါ်မှာတော့ ဖေဖေဟာ တမင်ဖြစ်စေလိုတဲ့ ဆန္ဒနဲ့ တာဝန်ပျက်ကွက်ခဲ့တာ မဟုတ်ပါဘူးကွယ်။ ဒီတော့ ဖေဖေပြောတာ နားထောင်ပါဦး။ ဖေဖေတောင်းပန်ပါတယ် သားသားရယ်၊ ဖေဖေပြောပြတာ နားထောင်ပါဦး သားသားရယ်။ နောက်ပြီး သားသားရဲ့ဖေဖေအကြောင်း လေ့လာမှတ်သားလိုက်ပါဦး။

mgyoe.com

mgyoe.com SAMPLE BOOK

ဖေဖေနဲ့အတူ ဘဝအစပိုင်း၊ အိုး… ကနဦးဘဝအစပိုင်းကို ပြန်လိုက်ခဲ့ပါဦးကွယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအမှတ်တရ ဖြစ်ရပ်ကလေးတစ်ခုကို အတူတကွ ဖော်ထုတ်ဖို့ဆိုတာ ဖေဖေနဲ့ သားသားပဲရှိတယ်မဟုတ်လား။ ဖေဖေနဲ့ သားသားဆိုတာ ကလည်း တစ်သွေးတည်း တစ်သားတည်း၊ နောက်ပြီး နှလုံးသားတစ်မျိုးတည်းနဲ့ ဖွဲ့စည်းထားတဲ့ သားအဖမဟုတ်လားကွယ်။

မှတ်မိသလောက် အစမှပြန်ကောက်ရလျှင် သည်နေ့သည် ကျွန်တော်၏ ရှစ်နှစ်မြောက် မွေးနေ့။

ကျွန်တော်သည် အိမ်ထောင်ပြောင်း ပစ္စည်းတင်ကားကြီး၏ ခေါင်းခန်းထဲတွင် ထိုင်လိုက်လာသည်။ လမ်းထောင့် အမှတ်အသားများကို စိတ်စောစွာ ကြည့်လာသည်။ လမ်းထောင့် တစ်ထောင့်နားရောက်တော့ ကုန်တင်ကားကြီး အရှိန်လျော့သွားသည်။

"ဒီလမ်းဖြတ်လား"

ယာဉ်မောင်းက ကျွန်တော့်နံဘေးမှာ ထိုင်နေသည့် လူမည်းကြီးကိုမေး၏။

နီဂရိုးလူထွားကြီးက ကျွန်တော့်ဘက် လှည့်ကြည့်သည်။

"ကောင်လေး၊ ဒီလမ်းဖြတ်ဟုတ်လား"

ဖြူဖွေးကြီးမားသော သွားတွေကိုဖော်ပြလျက် သူက မေး၏။

ကျွန်တော် စိတ်လှုပ်ရှားလွန်းနေသဖြင့် စကားပင် ကောင်းကောင်းမပြောနိုင်။

"ဒီလမ်းဖြတ်ပဲ"

အသံတိမ်တိမ်ဖြင့် ဖြေမိ၏။ ကိုယ်ကို လှည့်စောင်းပြီး လမ်းကိုကြည့်၏။ ဟုတ်သည်၊ ဒီလမ်းဖြတ်ပါပဲ။ အိမ်တွေကို ကျွန်တော် မှတ်မိသည်။ တစ်အိမ်နှင့် တစ်အိမ် ဆင်တူတွေ၊ အိမ်ရှေ့တိုင်းတွင် ခပ်သွယ်သွယ် သစ်ပင်ဂျိုက်ကလေး တစ်ပင်စီ ရှိသည်။ ဖေဖေ၊ မေမေတို့နှင့် ကျွန်တော် လိုက်လာခဲ့သည့်နေ့တုန်းက မြင်ကွင်းအတိုင်း ပါပဲ။ ဖေဖေနှင့် မေမေက ကျွန်တော့်မွေးနေ့အတွက် အိမ်ဝယ်ပေးသည့်နေ့ကပေါ့။

ထိုနေ့က ကျွန်တော်တို့ သုံးယောက်စလုံး ပြုံးနေသည်။ အိမ်မြေပွဲစားကြီးပင် ပြုံးနေသည်။ သို့ပေမဲ့ ဖေဖေက အလကား ပြုံးနေခြင်းမဟုတ်၊ သူ့အပြုံးမှာ အဓိပ္ပာယ် ရှိသည်။ အိမ်ကို ဇွန်လ ၁ ရက်နေ့တွင် အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားဖို့ ဖေဖေက ပွဲစားကိုမှာသည်။ ဘာကြောင့်ဆို ထိုနေ့သည် ကျွန်တော့်မွေးနေ့ဖြစ်သောကြောင့်၊ နောက်ပြီး ၎င်းအိမ်သည် ကျွန်တော့်မွေးနေ့လက်ဆောင်ဖြစ်နေသောကြောင့်။

ကဲ… ခုတော့ ကျွန်တော့်၏ ရှစ်နှစ်မြောက်မွေးနေ့၊ ဇွန် ၁ ရက်ကို ရောက်ပါပြီ။

ထို့ကြောင့် ကျွန်တော်တို့ ပြောင်းရွှေ့လာခဲ့ကြပြီ။

ထရပ်ကားကြီးသည် လမ်းဖြတ်ဘက်သို့ ခပ်ဖြည်းဖြည်း ချိုးကွေ့လိုက်၏။ လမ်းမကြီးကို ကျောခိုင်းပြီး လမ်းသွယ်ထဲသို့ ဝင်လာသည့် ကားကြီး၏ ဘီးတွေအောက်မှာ ကျောက်စရစ်ခဲချင်း ကြိတ်သံ တကျွိကျွိကို ကျွန်တော် ကြားနေရ၏။ ကျွန်တော်၏ လမ်းသစ်မှာ ကတ္တရာပင် မခင်းရသေး။ မီးခိုးရောင်ဖျော့ဖျော့ ကျောက်စရစ်ခဲတွေပဲ ခင်းထားရသေးသည်။ ကားဘီးများက ကောက်ယူပြီး ရွံ့ကာများဆီသို့ ပစ်ပေါက်ခြင်း ခံရသည့် ကျောက်ခဲကလေးများသည် တဒေါက်ဒေါက် အသံထွက်နေ၏။

ထရပ်ကားကြီး၏ ခေါင်းခန်းထဲတွင် ကျွန်တော် ဝုန်းခနဲ မတ်တတ်ရပ်လိုက်၏။ ပြီးတော့ လက်ညှိုးညွှန်ပြီး ဟစ်ကြွေးလိုက်၏။

"ဟောဟိုမှာ... အဲဒါ ကျွန်တော့်အိမ်"

လမ်းဖြတ်၏နောက်ဆုံး တသီးတခြားဖြစ်နေသည့် အိမ်ဆိုလို့ သည်တစ်လုံးပဲရှိသည်။

ထရပ်ကားကြီးသည် ဖြည်းဖြည်းချင်း လိမ့်သွားပြီး အိမ်ရှေ့တွင် ရပ်လိုက်၏။ ကားဝင်လမ်းပေါ်တွင် ကျွန်တော်တို့ ကားကလေး ရပ်ထားသည်ကို တွေ့ရ၏။ မေမေနှင့် ကျွန်တော့်ထက် နှစ်နှစ်ကြီးသော ကျွန်တော့်အစ်မ မီရီယံတို့က အိမ်သို့ ကြိုပြီးသွားနှင့်ကြသည်။ ပေါင်မုန့်တို့၊ ဆားဘူးတို့ ယူသွားပြီး စားစရာသောက်စရာများ အသင့်ဖြစ်အောင် ပြင်ဆင်ထားကြသည်။ မေမေက ကျွန်တော့်ကို သူတို့နှင့် တစ်ပါတည်း လိုက်ခဲ့စေချင်သည်။ သို့သော် ကျွန်တော်က ထရပ်ကားကြီး စီးချင်သည်။ ကျွန်တော့်ဆန္ဒကို ယာဉ်မောင်းဆရာကြီးက လိုက်လျောခွင့်ပြုခဲ့သည်။

ကျွန်တော် ကားမရပ်မီကတည်းက ခေါင်းခန်းတံခါးကိုဖွင့်ဖို့ ကြိုးစား၏။ သို့သော် လူမည်းကြီးက သူ့လက်ကို တံခါးပေါ်မှမဖယ်။ သူက ပြုံးပြီး...

"ကောင်လေး၊ ခဏစောင့်ဦးလေ၊ မင်း ဒီနေရာမှာ အကြာကြီးနေရဦးမှာပါကွ"

ထရပ်ကားကြီးရပ်သွားတော့ လူမည်းကြီးက သူ့လက်ကို ရပ်ပေးသည်။ ကျွန်တော် ခေါင်းခန်းထဲမှ ခက်ခက်ခဲခဲ ဆင်းသည်။ ရှေ့လောကြီးနေသဖြင့် ခြေနင်းခုံပေါ်မှ ခြေချော်ပြီး လမ်းပေါ်သို့ ခြေကားရား လက်ကားရား လဲကျသွားသည်။ သန်မာသောလက်များက ကျွန်တော့်ကိုဆွဲယူပြီး မတ်တတ်ရပ်စေ၏။

နီဂရိုးကြီးက သူ့အသံအောအောကြီးဖြင့် ကျွန်တော့်ကို ကပ်မေးသည်။
mgyoe.com

 mgyoe.com SAMPLE BOOK 

"နာသွားလား ကောင်လေး"

ကျွန်တော် ခေါင်းယမ်းပြလိုက်၏။ ခုချိန်တွင် ကျွန်တော် စကား ပြောချင်လွန်းနေလျှင်ပင် စကားမပြောနိုင်။ ကိုယ့်အိမ်ကိုယ် ကြည့်နေရသဖြင့် မအားနိုင်လောက်အောင် ဖြစ်နေလေသည်။

အိမ်နံရံတစ်ဝက်ကို နီညိုရောင်အုတ်များဖြင့် တက်ထားသည်။ ကျန်တစ်ဝက်ခေါင်မိုးစွန်းရောက်သည်အထိ အညိုရောင် ပျဉ်ကပ်ထားသည်။ အမိုးကတော့ အနက်ရောင်ပျဉ်ကြွပ်ပြားတွေ၊ နောက်ပြီး အိမ်ရှေ့အဝင်ဝတွင် လှေကားခုံ အမိုးလို ဆင်ဝင်ကလေးလည်းပါသည်။ သည်အိမ်ကား ကျွန်တော် တွေ့ဖူးသရွေ့ အိမ်တွေထဲတွင် အလှဆုံးအိမ်။ ကျွန်တော်က ဝင့်ကြွားစွာ အသက်ပြင်းပြင်းတစ်ချက် ရှူလိုက်၏။ ပြီးတော့ ဘယ်သူတွေများ ကြည့်နေသလဲဟု လမ်းတစ်လျှောက်ကို လှမ်းကြည့်သည်။ လမ်းပေါ်မှာ ဘယ်သူမျှမရှိ။ သည်အိမ်ရာကွက်တစ်ကွက်လုံးတွင် ကျွန်တော်တို့အိမ်ထောင်စုသည် ပထမဆုံး ပြောင်းရွှေ့လာသူများဖြစ်၏။

လူမည်းကြီးက ကျွန်တော့်နံဘေးတွင် မတ်တတ်ရပ်နေသည်။

"အိမ်လေးက လှသကွ၊ ဒီလောက်ကောင်းတဲ့ အိမ်ကလေးကို ပိုင်ဆိုင်ရတာမင်း အရမ်းကြီးကို ကံကောင်းတာပဲ ကောင်လေးရ"

ကျွန်တော် သူ့ကို ကျေးဇူးတင် ဝမ်းမြောက်စွာ ပြုံးပြလိုက်၏။ ထို့နောက်အိမ်ရှေ့လှေကားထစ်များပေါ် ပြေးတက်သွားပြီး တံခါးခေါက်ရင်း အော်လိုက်၏။

"မေမေ... မေမေ၊ ကျွန်တော်ပါ၊ ကျွန်တော် ရောက်ပြီလေ"

တံခါးပွင့်သွားသည်။ တံခါးဝတွင် မေမေ ရပ်နေသည်။ သူ့ခေါင်းမှာ တဘက်တစ်ထည် စည်းထားသည်။ ကျွန်တော်က မေမေ့ကို တွန်းဖယ်ပြီး အိမ်ထဲသို့ ပြေးဝင်သည်။ အခန်းလယ်ရောက်တော့ အပြေးရပ်လိုက်၏။ အိမ်ထဲမှာရှိသမျှ အရာရာတိုင်းသည် အသစ်နံ့ထွက်နေသည်။ နံရံတွေပေါ်မှ သုတ်ဆေးတွေ၊ လှေကားများပေါ်မှသစ်သားတွေ၊ အရာရာတိုင်း အသစ်တွေချည်း။

ကျွန်တော်က မေမေ့လက်မောင်းကို ဆုပ်ကိုင်လိုက်၏။

"မေမေ ကျွန်တော့်အခန်းက ဘယ်ဟာလဲဟင်"

ကျွန်တော်သည် ပထမဆုံးအကြိမ်အဖြစ် ကိုယ်ပိုင်အခန်းရတော့မည်။ ယခင်အိမ်တစ်လွှာငှားနေခဲ့တုန်းကတော့ ကျွန်တော်သည် အိမ်ခန်းတစ်ခန်းတည်းတွင် မီရီယံနှင့်အတူ တွဲနေခဲ့ရ၏။ ကျွန်တော့်အတွက် အိမ်ဝယ်ပေးမည်ဟု ဖေဖေ မဆုံးဖြတ်မီ

mgyoe.com

တစ်နံနက်တွင် ကျွန်တော်သည် ခုတင်ပေါ်ထိုင်လျက် မိမိ (မိရီယံ) အဝတ်အစားလဲနေသည်ကို ကြည့်နေမိ၏။ ထိုအခိုက် အခန်းထဲသို့ မေမေဝင်လာသည်။ မေမေက ကျွန်တော့်ကိုကြည့်သည်။ ထို့နောက် နံနက်စာစားချိန်တွင် ကျွန်တော်တို့ အိမ်တစ်လုံး ဝယ်မည်ဖြစ်ကြောင်း၊ ထိုအချိန်မှစပြီး ကျွန်တော့်သည် ကိုယ်ပိုင်အခန်းရတော့မည်ဖြစ်ကြောင်း ပြောသည်။

ယခု သူက သူ့လက်မောင်းကို ကျွန်တော့်လက်ထဲမှ လွတ်အောင်ရုန်းပြီး စိတ်အားထက်သန်စွာ ပြောသည်။

"သားရဲ့အခန်းက လှေကားဘေးမှာ ပထမဆုံး တွေ့ရတဲ့အခန်းပဲ ဒင်နီ။ နောက်ပြီး လွတ်လွတ်ကင်းကင်းနေ။ မေမေ့မှာ လုပ်စရာအလုပ်တွေ အများကြီး"

ကျွန်တော် လှေကားပေါ် ပြေးတက်သွားသည်။ ကျွန်တော့် ရှူးဖိနပ်ဖနောင့်များက တခွပ်ခွပ်မြည်သံကို ထုတ်လွှင့်နေ၏။ လှေကားထိပ်ရောက်တော့ ခဏဆိုင်းပြီး ဘေးဘီကို လှည့်ကြည့်သည်။ မေမေနှင့် ဖေဖေတို့အခန်းက အကျယ်ဆုံး၊ အိမ်ရှေ့ဘက်မှာ။ ထို့နောက် မိရီယံ၏အခန်း၊ ထို့နောက် ကျွန်တော့်အခန်း။ ကျွန်တော့်အခန်းတံခါးကို ဖွင့်ပြီး အထဲသို့ သာသာကလေး ဝင်ခဲ့၏။

အခန်းမှာ အနံ ၁၀ ပေ၊ အလျား ၁၄ ပေလောက်ရှိသည့် အခန်းကျဉ်းကလေး၊ ပြတင်းနှစ်ပေါက် ဖောက်ထားသည်။ ထိုပြတင်းပေါက်များမှ ကြည့်လိုက်လျှင် ကားဝင်လမ်း၏ တစ်ဖက်ခြမ်းတွင် ဆောက်ထားသည့်အိမ်မှ ပြတင်းနှစ်ပေါက်ကို လှမ်းမြင်နေရ၏။ ကျွန်တော်က အခန်းတံခါးကို ပိတ်လိုက်၏။ အခန်းကို ဖြတ်လျှောက်သွားပြီး ပြတင်းပေါက်မှန်နှင့် မျက်နှာကပ်၍ အပြင်သို့ကြည့်သည်။ သိပ်ဝေးဝေးမမြင်ရ၊ သည်တော့ ပြတင်းတံခါးကို ဖွင့်ကြည့်သည်။

အိမ်နှစ်လုံးကြားရှိ ကားဝင်လမ်းကို ငုံ့ကြည့်သည်။ ကျွန်တော့်အောက် တည့်တည့်တွင် ဖေဖေ လောလောလတ်လတ် ဝယ်ထားသည့် မော်တော်ကားလေး၏ ခေါင်မိုးကို မြင်နေရ၏။ ကားဝင်လမ်းအတိုင်း ဆက်သွားလျှင် အိမ်နောက်ဘက်ရှိ ကားဂိုဒေါင်သို့ ရောက်သည်။ ကားဂိုဒေါင်၏ နောက်ဘက်တွင်မူ ကွင်းပြင်ကြီးမှလွဲပြီး ဘာမျှမရှိ။

ကျွန်တော့် အခန်းလယ်သို့ ပြန်လာသည်။ ဖြည်းဖြည်းချင်း ပတ်ချာလှည့်ပြီး နံရံတစ်ချပ်စီကို သေသေချာချာကြည့်သည်။ နောက်ပြီး ကိုယ့်ကိုယ်ကိုယ် အထပ်ထပ် အခါခါ ပြောနေမိ၏။

mgyoe.com

"ငါ့အခန်း၊ ဒါ ငါ့အခန်း"

ကြမ်းပြင်ပေါ် လှဲချပြီး ကြမ်းပြင်ကို ပါးနှင့် အပ်ထားလိုက်၏။ ပါးပေါ်တွင် ကြမ်းပြင်၏ အေးစိမ့်သောအတွေ့ကို ခံစားရ၏။ ကြမ်းပြင်ကို သုတ်ထားသည့် အသစ်စက်စက် ချိပ်အရောင်တင်ဆီနံ့က နှာခေါင်းထဲဝင်လာသည်။ ပြီးတော့ မျက်စိတွေ ကျိန်းစပ်လာစေသည်။ မျက်လုံးတွေမှိတ်ပြီး ကြမ်းပေါ်မှာပင် မိနစ်အနည်းငယ်ကြာမျှ ဆက်လှဲနေလိုက်၏။ ထို့နောက် မျက်နှာကို မှောက်ပြီး အေးစက်သောကြမ်းပြင်ကို နှုတ်ခမ်းများဖြင့် ဖိကပ်လိုက်သည်။ ပြီးတော့ တိုးတိုးကလေး ပြောနေမိ၏။

"အိမ်ကလေးရယ် မင်းကိုငါချစ်တယ်။ ဒီကမ္ဘာပေါ်မှာ မင်းဟာ အလှတကာ့ အလှဆုံး အိမ်ကလေးပါပဲကွယ်။ နောက်ပြီး မင်းက ငါ့အိမ်ကလေးလေ၊ ဒီတော့ မင်းကို ငါ ချစ်တာပေါ့"

"ဒင်နီ နင်ကြမ်းပြင်ပေါ်လှဲပြီး ဘာလုပ်နေတာလဲ"

ကျွန်တော် ကမန်းကတန်း ကျုံ့ထပြီး တံခါးပေါက်ဘက် လှည့်လိုက်၏။ ရပ်နေသူမှာ မီရီယံ၊ သူကလည်း မေမေ့လိုပင် ပဝါတစ်ထည်ဖြင့် ခေါင်းစည်းထားသည်။

"ဘာမှမလုပ်ပါဘူး"

ကျွန်တော် ကြောင်တက်တက် ဖြေလိုက်၏။

သူက ကျွန်တော့်ကို မယုံသလို ကြည့်သည်။ ကျွန်တော် ဘာလုပ်နေသည်ကို သူ မှန်းကြည့်လို့မရကြောင်း ကျွန်တော် သိသည်။

"မေမေက ပြောတယ်။ နင် အောက်ထပ်ဆင်းလာပြီး ရှောင်နေတဲ့။ ဟိုလူတွေ အိမ်ထောင်ပရိဘောဂတွေကို အပေါ်ထပ် တင်တော့မယ်တဲ့"

သူက ဆရာမကြီးလေသံဖြင့် ပြော၏။

ကျွန်တော် အောက်ထပ်သို့ သူ့နောက်မှ လိုက်သွားသည်။ အိမ်ကြီး၏ သစ်လွင်တောက်ပခြင်းတွေ စတင်ပျက်ပြယ်နေပြီ။ ကျွန်တော်၏ ခြေထောက်များဖြင့် ပွတ်တိုက်သဖြင့် လှေကားထစ်များပေါ်တွင် ဆေးပျက်စပြုနေပြီဖြစ်သော နေရာများကို တွေ့ရ၏။ ဧည့်ခန်းထဲတွင် ပရိဘောဂတွေ ရောက်နေပြီ။ ဝါးလုံးအကြီးကြီးတွင် ပတ်ပြီး သယ်လာသည့် ကော်ဇောလိပ်ကြီးကို အခန်းထောင့်မှာ ထောင်ထားသည်။ အလုပ်သမားတွေ အဆင်သင့်ဖြစ်လျှင် ကြမ်းပေါ်တွင် ခင်းတော့မည်။

မေမေက အခန်းအလယ်တွင် ရပ်နေသည်။ သူ့မျက်နှာမှာ ပေရေစွန်းကွက်

mgyoe.com

နေသည်။

"မေမေ ကျွန်တော့်ကို ဘာခိုင်းစရာရှိသေးလဲဟင်"

ကျွန်တော် မေးလိုက်၏။ ကျွန်တော့်နောက်မှ မီရိယံ၏ 'ဟွန်း' ခနဲ သရော်တော်တော် လှောင်သံကို ကြားလိုက်ရ၏။ သူက ယောကျ်ားလေးတွေကို ကြည့်လို့ရသူမဟုတ်။ ယောကျ်ားလေးတွေသည် ဘယ်ဘက်မှာမှ အသုံးမကျဟု ထင်မြင်သူဖြစ်၏။ ဒါကို ကျွန်တော်ကလည်း မခံချင့်။ ကျွန်တော် ထပ်မေးသည်။

"ခိုင်းစရာရှိလား မေမေ"

မေမေက ပြုံးပြသည်။ မေမေ ကျွန်တော့်ကို ပြုံးပြလျှင် သူ့မျက်နှာသည် နူးညံ့ပျော့ပျောင်းနေတတ်၏။ ကျွန်တော်ကတော့ ကျွန်တော့်ကို သူပြုံးပြနေတာကိုပဲ သဘောကျသည်။

"မရှိပါဘူး ရွှေသွေးရယ်၊ သားအပြင်ထွက်ပြီး ခဏတစ်ဖြုတ် ဆော့နေပါလား၊ မေမေ ခိုင်းစရာရှိရင် သားကို ခေါ်လိုက်မယ်လေ"

ကျွန်တော် မေမေ့ကို ပြန်ပြုံးပြလိုက်၏။ ကျွန်တော့်ကို ရွှေသွေးဟုခေါ်လျှင် မေမေ စိတ်ကြည်နေကြောင်း ကျွန်တော် သိသည်။ ထိုသို့ခေါ်လျှင် မီရိယံက မကျေနပ်ကြောင်းလည်း ကျွန်တော် သိသည်။ မိသားစုတစ်စုလုံးတွင် ရွှေရောင်ဆံပင်ရှိသူဆိုလို့ ကျွန်တော်တစ်ယောက်ပဲ ရှိသည်လေ။ ကျန်အိမ်သားတွေက အနက်ရောင်ဆံပင်တွေနဲ့ချည်း။ ထိုအကြောင်းနှင့်ပတ်သက်ပြီး တစ်ခါတစ်ရံ ဖေဖေက မေမေ့ကို စတတ်သည်။ ထိုသို့စတိုင်း မေမေ ဒေါကန်လေ့ရှိ၏။ ဘာကြောင့်ရယ်တော့ ကျွန်တော်မသိ။

ကျွန်တော် မီရိယံကို ပြောင်ပြပြီး အပြင်ထွက်ခဲ့သည်။ ထရပ်ကားပေါ်မှ ပစ္စည်းများကို ဟိုဆရာကြီးတွေ သယ်ချပြီးပြီ။ လမ်းပေါ်မှာ အိမ်ထောင်ပရိဘောဂတွေ တစ်ပုံကြီး။ ကျွန်တော် သူတို့ကို ခဏရပ်ကြည့်နေသည်။

သည်နေ့ကား ပူလောင်သောနေ့၊ နီဂရိုးကြီးက ရှပ်အင်္ကျီကို ချွတ်ထားသည်။ သူ၏ မည်းနက်သော အရေပြားအောက်မှ ကြွက်သားတွေ အမြှောင်းမြှောင်းထနေသည်ကို မြင်ရ၏။ သူ့မျက်နှာပေါ်တွင် ချွေးသီးချွေးပေါက်တွေ ဖြိုင်ဖြိုင်စီးကျနေ၏။ ဘာကြောင့်ဆို အလုပ်တွေကို သူချည်းပြုလုပ်နေရသည်။ ကျန်တစ်ယောက်က စကားပဲပြောနေသည်။ ဘာပြီးဘာလုပ်ဖို့ နီဂရိုးကြီးကို ပြောနေသည်။

ခဏကြာတော့ သူတို့ကိုကြည့်နေရတာ ပျင်းလာသည်။ သို့ဖြင့် လမ်းဖြတ်

mgyoe.com

ထောင့်ချိုးဘက်သို့ လှမ်းကြည့်သည်။ နီးနားဝန်းကျင် အနေအထားက ဘယ်လိုရှိဝါလိမ့်။ ကျွန်တော့်အခန်း ပြတင်းပေါက်မှကြည့်လျှင် လှမ်းမြင်နေရသည့် အိမ်နောက်ဘက် လမ်းဖြတ်ရှိ မြေကွက်လွှင်ပြင်ကြီးကို စိတ်ဝင်စားမိ၏။ အရင်နေခဲ့သည့် ဝန်းကျင်တွင် မြေကွက်လွတ်ဆိုလို့ လုံးဝမရှိ။ အိမ်ခန်းငှားထားသည့် အကျည်းတန်တန် အိမ်ကြီးတွေပဲရှိသည်။

ပွင့်နေသည့် အိမ်ရှေ့တံခါးပေါက်မှ လှမ်းကြည့်လိုက်တော့ မေမေ အလုပ်ရှုပ်နေသည်ကို တွေ့ရ၏။ မေမေ့ကို လှမ်းခေါ်ပြီး ကျွန်တော် လမ်းဖြတ်အဆုံးကို လျှောက်ကြည့်ရမလားဟု မေးသည်၊ မေမေက ပြန်မပြော။ ကျွန်တော် အိမ်ရှေ့လှေကားထစ်များပေါ်မှ ဆင်းခဲ့၏။ လမ်းထောင့်ဆီသို့ လျှောက်ခဲ့သည်။ ရင်ထဲမှာ ကြည်နူးနေသည်၊ ဝင့်ဝင့်ကြွားကြွား ဖြစ်နေသည်။

ကျွန်တော့်မှာ အရမ်းကောင်းသည့် အိမ်တစ်လုံး ရှိနေပြီး သည်နေ့ကား အရမ်းသာယာသည့်နေ့ မဟုတ်လား။ ကျွန်တော့် မွေးနေ့တွေအားလုံးသည် သည်နေ့လိုပင် သာယာပါစေဟု ဆုတောင်းပါသည်။

လမ်းထောင့်ကို ချိုးကွေ့လိုက်သည်နှင့် ခွေးတစ်ကောင်၏ အထိတ်တလန့် ဟောင်သံများကို ကြားလိုက်ရ၏။ အသံလာရာဘက်သို့ ကျွန်တော် လှမ်းကြည့်သည်။ သို့သော် ဘယ်နေရာမှ အသံထွက်မှန်းမသိ၊ အသံလာရာဘက်သို့ လျှောက်ခဲ့၏။

သည်ရပ်ကွက်မှာ ယခုမှ လူနေအိမ်များ အခြေစိုက်စ ရှိသေးသည်။ ဟိုက်ပတ်ရပ်ကွက်ဟု ခေါ်ကြသည်။ သည်ရပ်ကွက်က ဘရွတ်ကလင်းမြို့ အရှေ့ဖလက်ဘွတ်ရှိ မြို့နယ်မှာရှိသည်။ ကျွန်တော်က ဆောက်လျက်တန်းလန်း အိမ်တွေရှိသည့် လမ်းအတိုင်း လျှောက်သွားသည်။ တစ်ဝက်တစ်ပျက်သာ ပြီးသေးသည့် အိမ်တွေမှ အကာအကွယ်မဲ့ အဖြူရောင်သစ်သားပေါင်တွေသည် နေ့လယ်ခင်း၏ နေရောင်စူးစူးအောက်တွင် ဝင်းလက်နေသည်။ နောက်တစ်လမ်းကို ဖြတ်ကူးလိုက်တော့ အဆောက်အအုံတွေ ကျွန်တော့်နောက်မှာ ကျန်ခဲ့၏။ သည်နေရာမှာ ဘာမှမရှိ၊ ကွင်းပြင်ကြီးပဲရှိသည်။

အထိတ်တလန့် အော်နေသည့် ခွေးသံသည် ခုမှ နည်းနည်းပိုကျယ်လာသည်။ ဘယ်နေရာမှ အော်နေသည်ကို ကျွန်တော် ခုထိမပြောနိုင်သေး။ ခုလို ကွင်းပြင်ကြီးထဲတွင် အသံတွေ ဘယ်လောက်ဝေးဝေးထိ လွင့်ပျံနိုင်သလဲဆိုတာ ကျွန်တော် မသိ။ ဖေဖေ့ ဆေးဆိုင်နှင့် မနီးမဝေးရှိ ယခင် ကျွန်တော်တို့ နေထိုင်ခဲ့သည့် နေရာမှာဆိုလျှင်

mgyoe.com

mgyoe.com SAMPLE BOOK

လမ်းထောင့်လောက်မှာရှိနေသည့်တိုင် အသံတစ်သံ ကြားရဖို့မလွယ်။ ရှေ့လမ်းဖြတ် အတွင်းရှိ မြေကွက်ကြီးတွင် ဘာအဆောက်အအုံမျှ မဆောက်ရသေး။ လမ်းဖြတ် တစ်ထောင့်မှ နောက်တစ်ထောင့်သို့ရောက်အောင် ဖောက်နက်စွာ တူးထားသည့် ကျင်းကြီးပဲရှိသည်။ သည်ကျင်းကြီးတွေကို ဖို့ပြီးသည်နှင့် သည်နေရာမှာလည်း အိမ်တွေ ဆောက်မည်ထင်သည်။

ခွေးဟောင်သံ ဘယ်နေရာမှ ပေါ်ထွက်နေသည်ကို ခုတော့ ကျွန်တော် ပြော နိုင်ပြီ။ နောက်ထပ် လမ်းဖြတ်တစ်ဖြတ်ကျော်ဆီမှ ပေါ်ထွက်နေခြင်း၊ ထိုနေရာရှိ ကျင်း ကြီး၏ နှုတ်ခမ်းနားတွင်ရပ်ပြီး အောက်သို့ငုံ့ကြည့်နေသော ကောင်လေးနှစ်ယောက် ကို မြင်နေရသည်။ ကျင်းထဲသို့ ခွေးကျနေတာဖြစ်မည်။ ကျွန်တော် ခြေလှမ်းကို သွက်သွက်လှမ်းလိုက်၏။ ခဏတာအတွင်း ကောင်လေးနှစ်ယောက် နံဘေးတွင် ကျွန်တော် ရပ်မိလျက်သား ဖြစ်သွားသည်။

ခွေးညိုကလေးတစ်ကောင်သည် ကျင်းနံရံကို ကုတ်ဖွဲ့တက်ရင်း ပါးစပ်က လည်း ဟောင်သည်။ ခွေးကလေးက တစ်ဝက်တစ်ပျက်ပဲ တက်နိုင်သည်။ ပြီးတော့ အောက်သို့ ပြန်လျှောကျသွားသည်။ အောက်သို့ တလိမ့်ခေါက်ကွေး ကျသွားချိန်တွင် သူက အကျယ်ဆုံး အော်မြည်သည်။ ထိုအခါ ကောင်လေးနှစ်ယောက်က ရယ်မောကြသည်။ ဘာ့ကြောင့် ရယ်ကြမှန်း ကျွန်တော်မသိ။ တကယ်တော့ ဒါ ရယ်စရာမှ မဟုတ်ဘဲ။

"အဲဒါ မင်းတို့ခွေးလေးလားဟင်"

ကျွန်တော် မေးလိုက်၏။ သူတို့နှစ်ယောက်စလုံး ကျွန်တော့်ကို လှည့်ကြည့် သည်၊ မဖြေကြ။

ကျွန်တော်က ကျွန်တော့်မေးခွန်းကိုပင် ထပ်မေးသည်။

ကောင်လေးနှစ်ယောက်အနက် အကြီးကောင်က...

"ဘယ်ကောင်က သိချင်တာလဲကွ"

သူ့လေသံကြောင့် ကျွန်တော် လန့်သွားသည်။ သည်ကောင် ဖော်ဖော်ရွေရွေမှ မရှိဘဲ။

"ငါက မေးကြည့်တာပါကွာ"

အကြီးကောင် ကျွန်တော့်ဘက်သို့ ခပ်ကြွားကြွားကလေး လျှောက်လာသည်။ သူက ကျွန်တော့်ထက် အကောင်ကြီးသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"အေး... ငါမေးနေတာက ဘယ်ကောင်က သိချင်တာလဲလို့"

သူ့လေသံက ခုမှ ပိုပြီးကြမ်းလာသည်။

ကျွန်တော် နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်၏။ အိမ်သစ်ဆီမှ ထွက်မလာခဲ့လျှင် ကောင်းသားဟု တွေးမိ၏။ အလုပ်သမားတွေ ပရိဘောဂများကို အိမ်ထဲသို့ သွင်းပြီးချိန်ထိ ခဏရှောင်နေဖို့ပဲ၊ မေမေက ကျွန်တော့်ကို ပြောခဲ့သည်။

"ဒါ မင်းတို့ခွေးလေးလား"

ကျွန်တော် ကြိုးစားပြီးပြုံးရင်း မေးသည်။ ကျွန်တော့်အသံ တုန်မနေပါစေနှင့်ဟုလည်း ဆန္ဒပြုမိသည်။

အကြီးကောင်က သူ့မျက်နှာကို ကျွန်တော့်မျက်နှာနှင့်ထိအောင် ကပ်လိုက်၏။ ကျွန်တော် ခပ်တည်တည်ပင် သူ့မျက်လုံးများကို စိုက်ကြည့်လိုက်၏။

"မဟုတ်ဘူး"

သူကဖြေသည်။

"ဩော်..."

ကျွန်တော်က ခွေးကလေးကို လှည့်ကြည့်လိုက်ပြန်၏။ ခွေးကလေးက ကျင်းနံရံကို ကုတ်ဖဲ့တက်ဖို့ ကြိုးစားနေဆဲ။

အကြီးကောင်၏ အသံက ကျွန်တော့်နားထဲ ဝင်လာသည်။

"မင်းက ဘယ်ကလဲ၊ ငါ မင်းကို အရင်က တစ်ခါမှ မမြင်ဖူးပါဘူး"

ကျွန်တော် သူ့ဘက်ပြန်လှည့်လိုက်ကာ...

"အရှေ့ ၄၈ လမ်းက၊ ဒီနေ့ပဲ ပြောင်းလာတာ။ အိမ်သစ်တွေထဲက အိမ်လေ။ ဒီလမ်းဖြတ်မှာ ငါတို့ ပထမဆုံး ပြောင်းလာတာပဲ"

သူ့မျက်နှာမှာ ပုပ်သိုးပြီး စားတော့ ဝါးတော့မလို ဖြစ်နေသည်။

"မင်းနာမည်က ဘယ်သူလဲ"

"ဒင်နီဖစ်ရှာ၊ မင်းတို့နာမည်တွေကကော"

"ပေါလ်၊ သူက ငါ့ညီ အက်ဒီ"

ကျွန်တော်တို့သည် ခွေးကလေးကိုကြည့်ရင်း ခဏတာ တိတ်ဆိတ်နေ၏။ ခွေးကလေးသည် တစ်ဝက်လောက်ထိ တက်လာနိုင်ပြီးမှ ပြန်ပြီး ပြုတ်ကျသွားသည်။ ပေါလ်က ရယ်မောပြီး...

"ရယ်ရတယ်ဟေ့... ဒီငတုံးခွေးကလေးဟာ ဟိုထဲက ဘယ်လိုထွက်ရမယ်ဆို

mgyoe.com

mgyoe.com SAMPLE BOOK

တာတောင် သိလောက်တဲ့ဉာဏ် မရှိဘူးကွ"

"ငါကတော့ သိပ်ရယ်စရာမကောင်းဘူး ထင်တာပဲ။ ဒီခွေးလေးခမျာ ဒီကျင်းထဲက ဘယ်တော့မှ ထွက်လို့မရဘဲ ဖြစ်ချင်ဖြစ်နေမှာပေါ့"

"တက်လို့မရတော့ကော ဘာဖြစ်သေးလဲ၊ စကတည်းက ဘာကိစ္စ အဲဒီထဲ ဆင်းသွားလဲ၊ သူ့ထိုက်နဲ့သူ့ကံပေါ့"

ကျွန်တော် ဘာမျှမပြော။ ကျွန်တော်တို့သည် ကျင်းနှုတ်ခမ်းတွင်ရပ်လျက် ခွေးကလေးကို ငုံ့ကြည့်နေကြ၏။ ကျွန်တော့် တစ်ဖက်ခြမ်းမှ အသံကြားသဖြင့် လှည့်ကြည့်လိုက်၏။ အက်ဒီ သူက ကျွန်တော့်ထက် ညှက်သည်။ ကျွန်တော် သူ့ကို ပြုံးပြတော့ သူက ပြန်ပြီးပြုံးပြသည်။

ပေါလ်က ကျွန်တော့်ကို ကွေ့လျှောက်ပြီး အက်ဒီနံဘေးတွင် ရပ်လိုက်၏။ သူ့အမူအရာကြောင့် ကျွန်တော်တို့နှစ်ယောက်စလုံး အပြုံးရပ်သွားသည်။ အက်ဒီ ကြည့်ရတာ ရှက်သွားသယောင်၊ ဘာကြောင့်များပါလိမ့်။

"မင်းက ဘယ်ကျောင်းတက်မှာလဲ"

ပေါလ်ကမေး၏။

"မပြောတတ်သေးဘူး၊ ဒီရိုပ်သာလမ်းပေါ်က ယူတီကာနားက ကျောင်းဖြစ်မယ် ထင်တယ်"

"ဘယ်နှတန်းရောက်ပြီလဲ"

"လေးတန်း (က)"

"မင်းအသက် ဘယ်နှနှစ်ရှိပြီလဲ"

"ရှစ်နှစ်၊ ဒီနေ့ ငါ့မွေးနေ့လေ။ ဒါကြောင့် တို့ အိမ်ပြောင်းလာတာပေါ့။ အဲဒီအိမ်ကို ဖေဖေက ငါ့ဖို့ မွေးနေ့လက်ဆောင်အဖြစ် ဝယ်ပေးတာလေ"

ကျွန်တော် ဂုဏ်ယူဝင့်ကြွားစွာ ပြော၏။ ပေါလ်က မလိုတမာ နှာခေါင်းရှုံ့သည်။ ကျွန်တော့်စကားကို သူ အထင်မကြီးကြောင်း တွေ့ရသည်။

"မင်းက သိပ်တော်တဲ့ ကောင်လေးပေါ့လေ၊ ဟုတ်လား။ မင်းက ငါ့အတန်းတောင် ရောက်နေပြီ။ ဒါပေမဲ့ ငါက ကိုးနှစ်"

"အဲ... ငါက သုံးတန်း (ခ) ကို ကျော်တက်ခဲ့လို့ပါ"

ကျွန်တော်က တောင်းပန်သံတစ်ဝက်ဖြင့် ရှင်းပြသည်။ သူ့မျက်လုံးတွေ အေးစက်ပြီး ရန်လိုလာသည်။

mgyoe.com

"မင်း စေးကရက်ဟတ်ကို သွားမှာလား"

ကျွန်တော် အူကြောင်ကြောင်ဖြစ်သွားသည်။

"အဲဒါက ဘာလဲဟင်"

"စေးကရက်ဟတ်ဘုရားကျောင်းလေကွာ၊ ထရှိုင်နားက"

"ဟင့်အင်း"

ခေါင်းခါရင်း ဖြေလိုက်သည်။

"ဟိုးလီးခရော့ခ်ကိုကော၊ သုသာန်ကိုပိုင်တဲ့ ဘုရားကျောင်းကြီးကြီးလေ"

"ဘယ်သုသာန်လဲ"

ကျွန်တော့်စိတ်ထဲ တော်တော်ထူးဆန်းနေပြီ။ သူ့မေးခွန်းကို မဖြေချင်။ သူသည်လောက်တောင် တမေးတည်း မေးနေရအောင် သည်ကိစ္စက ဘယ်လောက်အရေးကြီးနေလို့လဲ။

သူက 'ကလယ်ရပ်ဒန်လမ်းမကြီး' ကို ကျော်ပြီး ညွှန်ပြသည်။ လမ်းဖြတ်တစ်ဖြတ်ကျော်လောက်တွင် သုသာန်၏ ဝင်းထရံဖြစ်သော အနက်ရောင် သံတိုင်များကို မြင်ရ၏။ ကျွန်တော် သူ့ဘက်ပြန်လှည့်ကာ...

"မသွားဘူး"

"ဒါဆို မင်း ဘယ်ဘုရားကျောင်းကို သွားမှာလဲ"

သူက ဖွတ်ဆက်မေးသည်။ သည်တော့ ကျွန်တော်က...

"ဘယ်ဘုရားကျောင်းမှ မသွားဘူး"

ကျွန်တော့်အဖြေကို စဉ်းစားနေခိုက် သူ ခဏနှုတ်ဆိတ်နေသည်။ နောက်ဆုံးတွင် သူကမေးသည်။

"မင်း ဘုရားကို မယုံကြည်ဘူးလား"

"ဟာ... ယုံတာပေါ့၊ ဒါပေမဲ့ ဘုရားကျောင်းတော့ မသွားဘူး"

သူ ကျွန်တော့်ကို မသင်္ကာကြည့်ဖြင့် ကြည့်သည်။ ပြီးတော့ သေချာပေါက် ပြောချလိုက်၏။

"မင်း ဘုရားကျောင်းကို မသွားဘူးဆိုရင် ဘုရားကို မယုံလို့ဘဲ"

"ငါ ယုံတယ်"

ကျွန်တော်က ခေါင်းမာစွာဖြေသည်။ ကျွန်တော့် မျက်လုံးတွေတွင် ဒေါသမျက်ရည်များ စို့လာသည်ကို သိလိုက်၏။ သူ ကျွန်တော့်ကို သည်လိုပြောခွင့်မရှိ။

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော် တတ်နိုင်သမျှ ရင်ကော့ပြီး ရပ်လိုက်သည်။ ကျွန်တော့်အသံသည် စူးရှနေ၏။

"ငါက ဂျူးကွ၊ ငါ ရဟူဒီဝတ်ပြုပွဲပဲတက်တယ်"

ညီအစ်ကိုနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။ ခုမှ သဘောပေါက်သည်ဟူသော အကြည့်မျိုး သူတို့မျက်လုံးတွေထဲတွင် ရုတ်တရက် ထင်ဟပ်သွားသည်။ သူတို့မျက်နှာတွေ သုန်မှုန်ပြီး မခေါ်ချင်၊ မပြောချင်သည့်အသွင် ဆောင်သွားသည်။ ပေါလ်က ရန်လုပ်တော့မည့်ဟန်ဖြင့် ကျွန်တော့်ဆီသို့ ခြေတစ်လှမ်းလှမ်းလိုက်၏။ ကျွန်တော်က ဇာတိစိတ်အသိဖြင့် နောက်သို့ဆုတ်လိုက်၏။ ကျွန်တော့်ရင်တွေ တဒိန်းဒိန်းခုန်နေပြီ။ သူတို့ စိတ်ဆိုးရလောက်အောင် ကျွန်တော် ဘာပြောမိပါလိမ့်ဟု အံ့သြနေသည်။

ပေါလ်က သူ့မျက်နှာကို ကျွန်တော့်မျက်နှာရှေ့သို့ တိုးလာကာ မာန်ဖီပြီး မေးသည်။

"မင်း ဘာဖြစ်လို့ ခရစ်တော်ကို သတ်တာလဲ"

သူ့အသံမှာ ကြမ်းတမ်းခက်ထန်လွန်းသဖြင့် ကျွန်တော် အရမ်းကြောက်လန့်နေပြီ။

"ငါ မသတ်ပါဘူးကွာ၊ ငါ ခရစ်တော်ကို သိတောင်မသိပါဘူး"

ကျွန်တော့်အသံ တိမ်ဝင်နေပြီ။ ကျွန်တော် တစ်ဖြုတ်မျှ စဉ်းစားသည်။ ခွေးကလေးက အော်နေပြန်သည်။ သို့သော် ခွေးကလေးကို လှည့်မကြည့်ဝံ့။ ကျွန်တော်က စကားလမ်းကြောင်းပြောင်းဖို့ ကြိုးစားကြည့်သည်။

"ငါတို့ အဲဒီခွေးကလေးကို ဟိုအထဲက တက်နိုင်အောင် လုပ်ပေးကြရင် ကောင်းမယ်"

အဖြေမပေးကြ။ သူတို့နှစ်ယောက် စိတ်ဆိုးမာန်ဆိုး ဖြစ်နေဆဲ။ သူတို့ကျေနပ်လောက်သည့်စကားမျိုး ပြောဖို့လည်း ဘာပြောရမှန်းမသိ။ ကြာတော့ ကြောက်လာသည်။ သို့ဖြင့် ကျွန်တော် နောက်ကြောင်းပြန်လှည့်ပြေးသည်။ သို့သော် ကျွန်တော်က လိုအပ်သလောက် မမြန်။ ပေါလ်က ကျွန်တော့်ကို မိသွားသည်။ ကျွန်တော့် လက်မောင်းနှစ်ဖက်ကို ကျွန်တော့်နံဘေးနှစ်ဖက်မှာ ကပ်နေအောင် ဖိထားသည်။ သူ့လက်မှလွတ်အောင် တွန့်လိမ်ပြီး ရုန်းသည်။ သို့သော် လွတ်အောင် မရုန်းနိုင်။ ကျွန်တော် စတင်ငိုကြွေးတော့၏။

mgyoe.com

mgyoe.com SAMPLE BOOK


ပေါလ်၏မျက်နှာပေါ်တွင် ရုတ်ခြည်းဆိုသလို မထီတရီ အပြုံးတစ်ခုပေါ်လာသည်။ သူက ကျွန်တော့်လက်တွေကို လွှတ်ပြီး နောက်သို့ဆုတ်လိုက်၏။

"သြော်... မင်းက ဟိုခွေးကို ဟိုအထဲက တက်နိုင်အောင် တင်ပေးချင်တယ် ပေါ့၊ ဟုတ်လား"

ကျွန်တော်က ကျွန်တော့်ရှိုက်သံတွေကို မျိုချဖို့ ကြိုးစား၏။ လက်တစ်ဖက်ဖြင့် မျက်ရည်တွေကို သုတ်သည်။

"ဟုတ်... ဟုတ်ကဲ့"

သူက အသက်ပြင်းပြင်း တစ်ချက်ရှုသည်၊ မျက်နှာမှာ ပြုံးနေဆဲ။

"ကောင်းပြီ၊ ဂျူးကောင်လေးရေ၊ ခွေးလေးကို သွားခေါ်ပေတော့"

ကျွန်တော့်ဆီ ရုတ်တရက်ပြေးလာသည့် လက်နှစ်ဖက်ကို သူ့ရှေ့မှာ ဆန့်တန်းထားသည်။ ကျွန်တော် ကြောက်အားလန့်အားဖြင့် သူနှင့်လွတ်အောင်ရှောင်သည်။ သို့သော် သူ့လက်တွေက ကျွန်တော့်ရင်ဘတ်ကို လာဆောင့်သည်။ ကျွန်တော် အသက်ရှုလို့မရတော့။ နောက်ပြီး ကျင်းထဲကျသွားသည်။ ကျင်းနံရံတစ်လျှောက် တလိမ့်ခေါက်ကွေး လိမ့်ကျသွားသည်။ ရှေ့ဆက်မကျအောင် လက်လှမ်းမီရာကို ဖမ်းဆွဲသည်။ သို့သော် ဖမ်းစရာ၊ ဆွဲစရာဘာမှုမရှိ။ ကြမ်းပြင်ပေါ် ဒုတ်ဒုတ်ထိရောက်တော့ ၁ မိနစ်လောက် လဲနေသည်။ အသက်ရှုနိုင်အောင် မနည်းကြိုးစားနေရသည်။

ပျော်ရွှင်မြူးထူးသော တအိအိမြည်သံကို ကြားရပြီး ပူနွေးသော လျှာတစ်ခုက ကျွန်တော့်မျက်နှာအား လျက်နေသည်ကို သိလိုက်ရ၏။ ကျွန်တော် ထနိုင်သည်။ ပေါက်စမျှသာ ရှိသေးသည့် ခွေးညိုကလေးက ကျွန်တော့်မျက်နှာကို လျှာဖြင့်လျက်နေသည်။ အမြီးသေးသေးကလေးကို ခါယမ်းလျက် ပျော်ရွှင်မြူးထူးသော အသံကလေးတွေ သူ့လည်စောက်ထဲတွင် မြည်ကြွေးလျက်။

ကျွန်တော် မတ်တတ်ရပ်သည်၊ အပေါ်မော့ကြည့်သည်။ စောစောက ငိုမိသည့်အတွက် ခုမှရှက်မိသည်။ သို့သော် ကျွန်တော့်ကိုတွေ့သည့်အတွက် ခွေးကလေးက ပျော်နေပုံရသည်။ သည်တော့ တစ်နည်းတစ်ဖုံ အားတက်သွားသည်။ ကျွန်တော် ကြောက်မနေတော့။

ပေါလ်နှင့် အက်ဒီက ကျွန်တော့်ကို ငုံ့ကြည့်နေ၏။ ကျွန်တော်က လက်သီးထောင်ပြသည်။

"ညစ်ပတ်စုတ်ပဲ့တဲ့ မိမစစ်သားတွေ"

mgyoe.com

mgyoe.com SAMPLE BOOK


ကျုံးအော်၏။ အကြမ်းတမ်းဆုံး ဆဲသည့်စကားဆိုလို့ ဒါပဲသိသည်။

သူတို့ ခါးကုန်းပြီး မြေကြီးပေါ်မှ တစ်ခုခုကောက်သည်ကို မြင်ရ၏။ ခဏ နေတော့ ကျောက်ခဲတွေနှင့် ကျောက်စရစ်ခဲတွေ ကျွန်တော်တို့အပေါ် သွန်ကျလာ သည်။ ခဲလုံးတစ်လုံးနှင့် ထိမိသဖြင့် ခွေးကလေးက 'ကိန်' ခနဲအော်သည်။ ခဲလုံးမိုး ရပ်သွားသည်ထိ ကျွန်တော့်ခေါင်းကို လက်နှစ်ဖက်ဖြင့် ကာထားသည်။ သို့သော် ကျွန်တော့်ကို ခဲတစ်လုံးမျှမထိ။ ကျွန်တော် မော့ကြည့်လိုက်ပြန်၏။

"မင်းတို့ ငါနဲ့တွေ့မယ်"

သူတို့က ဟားတိုက်ရယ်မောကြသည်။ "အပျက်မသား ဂျူးနုတ်" ဟု ပေါလ် က လှမ်းအော်သည်။

ကျွန်တော် ခဲလုံးတစ်လုံးကောက်ပြီး သူတို့ကိုပေါက်သည်။ သို့သော် သူတို့ဆီ မရောက်။ ထိုအချိန်မှာပင် နောက်ထပ် ကျောက်ခဲတွေ၊ ကျောက်စရစ်ခဲတွေ သွန်ကျလာ ပြန်သည်။ သည်တစ်ချီတော့ ကျွန်တော့်မျက်နှာကို ကာကွယ်တာ မြန်သင့်သလောက် မမြန်လိုက်။ ထို့ကြောင့် ခဲတစ်လုံးဖြင့်ထိပြီး ကျွန်တော့်ပါးမှာ စုတ်ပြဲသွားသည်။ ကျွန်တော် နောက်ထပ် ခဲတစ်လုံးကောက်ပြီး သူတို့ကိုပစ်သည်။ သည်ခဲလည်း သူတို့ ဆီမရောက်၊ သူတို့ ကုန်းကုန်းကွကွနှင့် ခဲတွေကောက်နေကြပြန်သည်။

ကျွန်တော် နောက်ကြောင်းလှည့်ပြီး သူတို့၏ခဲတွေ မရောက်နိုင်သည့် ကျင်း အလယ်လောက်ဆီသို့ ပြေးသည်။ ခွေးကလေးက ကျွန်တော့်ဘေးမှ ပြေးလိုက်လာ သည်။ ကျင်းအလယ်ရောက်တော့ ကျောက်တုံးကြီးတစ်တုံးပေါ် တက်ထိုင်သည်။ ခွေးကလေး ကျွန်တော့်နောက် လိုက်လာသည်။ ကျွန်တော် သူ့ခေါင်းကို ပွတ်ပေး လိုက်၏။ ကျွန်တော်က ကျွန်တော့်မျက်နှာကို အင်္ကျီလက်မောင်းဖြင့် သုတ်သည်။ ပြီးတော့ ဟိုညီအစ်ကိုကို မော့ကြည့်လိုက်ပြန်၏။

သူတို့က အော်ဟစ်ပြီး လက်သီးလက်မောင်း တန်းပြနေသည်။ သို့သော် သူတို့ ဘာတွေအော်နေမှန်း ကျွန်တော် မကြားရ။ ခွေးကလေးက ကျွန်တော့် ခြေထောက်ပေါ်တွင် ထိုင်ပြီး ကျွန်တော့်မျက်နှာကို ကြည့်နေသည်၊ အမြီးနှန့်နေသည်။ ကျွန်တော် ခါးကိုင်းပြီး သူ့မျက်နှာကို ကျွန်တော့်ပါးနှင့် ကပ်လိုက်၏။ ပြီးတော့ တိုးတိုးကလေး ပြောမိသည်။

"ဘာမှမဖြစ်ဘူး ခွေးလေးရေ၊ သူတို့နှစ်ကောင် ထွက်သွားတာနဲ့ တို့အပေါ် တက်ကြတာပေါ့"

mgyoe.com

mgyoe.com SAMPLE BOOK


ထို့နောက် ခါးပြန်ဆန့်သည်။ နှာခေါင်းတွင် လက်မထောက်ပြီး ဟိုနှစ်ကောင်ကို ပြောပြသည်။ ဟိုနှစ်ကောင် ဒေါ်ကန်ပြီး ခဲလုံးတွေ နောက်ထပ်ကောက်ပြီး ပစ်ကြပြန်၏။ သို့သော် ကျွန်တော်က သူတို့ကို ဟားတိုက်ရယ်မောနေလိုက်၏။ သူတို့နေရာမှဆိုလျှင် ကျွန်တော့်ကို မတို့နိုင်၊ မထိနိုင်။

နောက်ဆုံး သူတို့နှစ်ကောင် ထွက်ခွာသွားတော့ နေမင်းကြီးသည် အနောက်အရပ်သို့ ငုပ်လျှိုးဝင်စပြုနေပြီ။ ကျွန်တော် ကျောက်တုံးပေါ်မှာပင် ထိုင်ရင်း ခဏစောင့်နေ၏။ သူတို့ တကယ်ထွက်သွားတာ သေချာအောင် နာရီဝက်နီးပါး စောင့်သည်။ ပြီးမှ သူတို့တကယ်သွားပြီပဲ ဟု ဆုံးဖြတ်လိုက်သည်။ ထိုအချိန်တွင် မှောင်လုမှောင်ခင်ဖြစ်နေပြီ။

ကျင်းနံရံဆီသို့ ပြန်လျှောက်သွားပြီး အပေါ်သို့ မော့ကြည့်၏။ နံရံက တော်တော်မြင့်သည်၊ တော်တော်လည်း မတ်စောက်သည်။ သို့သော် အပေါ်ရောက်အောင် တက်ဖို့ သိပ်ပြဿနာမရှိဟု ထင်သည်။ နံရံတစ်လျှောက်တွင် ကျွန်တော် အားပြုဆုပ်ကိုင်နိုင်မည့် ကျောက်တုံးတွေ၊ ချုံပုတ်တွေ အများကြီးရှိသည်။ ကျောက်တုံးကြီးတစ်တုံးကိုကိုင်ပြီး ဖြည်းဖြည်းချင်းတက်သည်။ ပြန်လျှောမကျအောင် လေးဖက်တွားပြီး တက်သည်။ အပေါ်သို့ ငါးပေလောက်တက်မိတော့ အောက်ဘက်ဆီမှ တအီအီအော်သံကို ကြားရသည်။ ကျွန်တော် ပြန်လှည့်ကြည့်လိုက်၏။

ခွေးကလေးက မြေကြီးပေါ်တွင်ထိုင်လျက် ပြောင်လက်တောက်ပသော မျက်လုံးများဖြင့် ကျွန်တော့်ကို စောင့်ကြည့်နေသည်။ ကျွန်တော် သူ့ကို လှည့်ကြည့်ဘာမြင်သောအခါ သူက ဝမ်းမြောက်ဝမ်းသာဖြင့် တစ်ချက်ဟောင်သည်။

"ကဲ... လာလေကွာ၊ ဘာစောင့်နေတာလဲ"

သူက ကျင်းနံရံဆီသို့ ခုန်ပေါက်ပြေးလာသည်။ ပြီးတော့ ကျွန်တော်ရှိရာသို့ တွားတက်လာသည်။ သူလည်း ကျွန်တော့်လိုပင် ဝမ်းလျားမှောက်ပြီးတက်သည်။ ကျွန်တော်နှင့် တစ်ပေအကွာလောက် ရောက်လုဆဲဆဲမှာပင် သူပြန်လျှောကျသည်။ ကျွန်တော် သူ့ကို လှမ်းဆွဲသည်။ သူလည်းကုပ်ကို ဆွဲမိ၏။ ကျွန်တော့်နံဘေးသို့ ရောက်အောင် ဆွဲတင်လိုက်၏။ သူက ဝမ်းသာအားရ အမြီးနှန့်နေသည်။

"လာ ဟေ့ကောင်၊ ငါတို့ ဒီထဲက ထွက်မှဖြစ်မယ်"

ကျွန်တော် အပေါ်သို့ ဆက်တက်သည်။ ပေအနည်းငယ် တက်မိပြီး ခွေးကလေး အခြေအနေကို ငုံ့ကြည့်လိုက်တော့ ဘာသားချော မရှိတော့။ ပထမဦးဆုံး

mgyoe.com

SAMPLE BOOK

သူ့ကို ထားရစ်ခဲ့သည့် နေရာသို့ ပြန်ရောက်နေသည်။ မျက်လုံးတွေက ကျွန်တော့်ကို ကြည့်လျက်၊ ဆောင့်ကြောင့်ထိုင်နေသည်၊ အမြီးကုပ်နေသည်။ ကျွန်တော် သူ့ကို လှမ်းခေါ်သည်။ အမြီးနှန့်လာသည်၊ သို့သော် နေရာမှမရွေ့။

"ဘာဖြစ်တာလဲကွ၊ မင်း ကြောက်နေပြီလား"

သူက အမြီးပဲနှန့်ပြသည်။ ထိုနေရာမှ ရွေ့လျားလိမ့်မည်မဟုတ်။ သည်တော့ ကျွန်တော် အပေါ်ဆက်တက်သည်။

နောက်ထပ် ပေအနည်းငယ်ခန့် ဆက်တက်မိတော့ သည်ကောင် အသံစူးစူးဖြင့် တအီအီ အော်နေတော့၏။ ကျွန်တော် အတက်ရပ်ပြီး အောက်သို့ ငုံ့ကြည့်သည်။ တအီအီအော်သံ ချက်ချင်းရပ်သွားသည်။ အမြီးတနှန့်နှန့် လှုပ်လာသည်။

"ကောင်းပြီကွာ၊ ငါ ဆင်းလာပြီး မင်းကိုကူပါ့မယ်"

သူရှိရာသို့ သတိဝီရိယထားပြီး ပြန်လျှောဆင်းခဲ့သည်။ ပြီးတော့ သူ့လည်ကုပ်ကို လက်တစ်ဖက်ဖြင့် ဆွဲကိုင်လျက် တရွေ့ရွေ့ ပြန်တက်သည်။ ကျွန်တော် တစ်ထစ်တက်ပြီးတိုင်း သူ့ကို ဆွဲတင်ရသည်။ နံရံတစ်ဝက်လောက်ရောက်အောင် ၁၅ မိနစ်နီးပါး တက်ရသည်။ ထိုနေရာရောက်တော့ အမောဖြေဖို့ ခဏနားသည်။ ကျွန်တော့် လက်တွေနှင့် မျက်နှာမှာ ဖုန်တွေ၊ သဲတွေဖြင့် ပေကျံညစ်ပတ်နေ၏။ ကျွန်တော့် ရှပ်အင်္ကျီနှင့် ဘောင်းဘီခြေထောက်များမှာ ပွန်းပြတ်စုတ်ပြဲကုန်ပြီ။ ခွေးကလေးနှင့် ကျွန်တော်သည် ကျင်းနံရံကို ဖက်တွယ်ထားကြသည်။ ပြန်လျှောကျမှာ စိုးသဖြင့် မလှုပ်ဝံ့။

မိနစ်အနည်းငယ်ကြာတော့ ကျွန်တော်တို့ ဆက်တက်ပြန်၏။ ကျင်းနှုတ်ခမ်းနားသို့ ရောက်ခါနီးမှ ကျွန်တော် ခြေကုပ်ယူထားသည့် ကျောက်တုံးက ပြုတ်ကျသွားသည်။ ကျွန်တော်လည်း လျှောကျသည်။ တုန်လှုပ်ချောက်ချားစွာဖြင့် လက်ထဲမှ ခွေးကို လွှတ်လိုက်၏။ ကိုယ်ကိုယ်တိုင် လျှောမကျအောင် ရမိရာ ဖုန်တွေ၊ သဲတွေကို ဖမ်းဆုပ်မိသည်။ ပေအနည်းငယ်လောက် ဆက်ကျသွားပြီး ကျွန်တော့်လက်ချောင်းတွေ မြေကြီးထဲတွင် အတွယ်ရသွားသည်။ ခွေးလေးအော်သံ ကြားရသည်။ လှည့်ကြည့်လိုက်တော့ သည်ကောင်မရှိတော့။

ကျင်းအောက်ခြေကို လှမ်းကြည့်သည်။ သည်ကောင် ခုမှ ပြန်ထတုန်းရှိသေးသည်။ ကျွန်တော့်ကို မော့ကြည့်၏။ ခပ်ဆတ်ဆတ် တစ်ချက်ဟောင်၏။ ကျွန်တော့် တစ်ဖက်သို့ ပြန်လှည့်ပြီး အပေါ်ဘက် ဆက်တက်တော့ တအီအီအော်ပြန်သည်။

mgyoe.com

သူ့လည်စောက်ထဲမှ သနားစရာ ငိုမြည်သံများကို နားမထောင်မိအောင် ကြိုးစား၏။ သည်ကောင် ဟိုဘက်ပြေးလိုက်၊ သည်ဘက်ပြေးလိုက် လုပ်သည်။ တစ်စက္ကန့်လောက် ပြေးပြီးတိုင်း မော့ကြည့်ပြီး အော်သည်။ သူ့ကြည့်ရတာ ထော့ကျိုး ထော့ကျိုး ဖြစ်နေသလို၊ ကျွန်တော် လှမ်းခေါ်လိုက်၏။ သူ အပြေးရပ်သည်၊ မော့ကြည့်သည်။ ခေါင်းကို စောင်းငဲ့ထားသည်။

"လာလေကွာ၊ ဟေ့ကောင်"

ကျင်းနံရံပေါ်သို့ ခုန်တက်ပြီး ကျွန်တော့်ဆီလာဖို့ အားထုတ်သည်။ သို့သော် ပြန်ပြုတ်ကျသွားသည်။ ကျွန်တော် ထပ်ခေါ်သည်။ သူ ထပ်တက်သည်၊ ပြန်ပြုတ်ကျသည်။ နောက်တော့ ငနဲသား ငုတ်တုတ်ထိုင်သည်။ လက်တစ်ဖက်ကို ကျွန်တော် ရှိရာဆီသို့ ထုတ်ထားပြီး ဟောင်နေသည်။

ကျွန်တော် ထိုင်လိုက်၏။ အောက်ခြေသို့ ပြန်လျှောဆင်းခဲ့၏။ သည်ကောင် ကျွန်တော့်လက်မောင်းတွေပေါ် ပြေးတက်လာသည်။ အမြီးတနှန့်နှန့်လုပ်သည်။ သူ့လက်ကို စစ်ဆေးကြည့်ဖို့ သူ့ကို ပွေ့ချီလိုက်တော့ သူ့လက်မှ သွေးတွေ ကျွန်တော့် အင်္ကျီကို စွန်းထင်းကုန်၏။ ကျောက်တုံးများနှင့် ပွတ်တိုက်မိပြီး ခွေးကလေး၏ လက်ဖဝါး အသားနုကလေးတွေ စုတ်ပြတ်သွားသည်။

"ကောင်းပြီ၊ ခွေးကလေးရေ၊ တို့နှစ်ယောက် ဒီကနေ အတူထွက်ကြတာပေါ့ကွာ၊ မင်းကို ငါ မထားရစ်ခဲ့ပါဘူး"

ကျွန်တော့် စကားလုံးတွေကို သူက နားလည်နေသယောင်။ ဘာကြောင့်ဆို သူ့အမြီးကို ဗိုင်းစက်နေအောင် ယမ်းသည်။ စိုထိုင်းသောလျှာဖြင့် ကျွန်တော့်မျက်နှာကို လျက်သည်။ သူ့ကိုအောက်ချပြီး အခြားနံရံတစ်ဖက်သို့ သွားကြည့်သည်။ အပေါ်တက်ဖို့ ပို၍ လွယ်လိုလွယ်ငြား၊ ခွေးကလေး ကျွန်တော့်နံဘေးမှ ပြေးလိုက်လာသည်။ ကျွန်တော့်မျက်နှာကို မော့ကြည့်လာသည်။ အင်း... မေမေက ဒီကောင်လေးကို မွေးခွင့်ပြုပါစေ။

ခုဆို မှောင်လုဆဲဆဲ ဖြစ်နေပြီ။ ကျွန်တော်တို့ ထပ်တက်ကြည့်သည်။ သို့သော် တက်လို့မကောင်း၊ နံရံတစ်ဝက်သို့ပင် မရောက်။ အောက်ခြေသို့ နောက်တစ်ကြိမ် ပြန်လျှောကျလာသည်။ ကျွန်တော် အရမ်းပင်ပန်းနေပြီ၊ ဗိုက်လည်း ဆာလှပြီ။ ကျွန်တော်တို့ မတက်နိုင်။ လထွက်မလာမချင်း နောက်ထပ်တက်ဖို့ ကြိုးစားနေလည်း အလကားပင်။

mgyoe.com

ကျင်းလယ်ရှိ ကျောက်တုံးကြီးပေါ်တွင်ထိုင်ရင်း ဘာဆက်လုပ်ရ ကောင်းမလဲ ဆိုတာ အကြံထုတ်သည်။ ညနေစာစားချိန်အမီ ပြန်မလာသဖြင့် မေမေကတော့ ဒေါပွနေလောက်ပြီ။ ရာသီဥတုက အေးမြလာသည်။ ကျွန်တော် တစ်ချက်တုန်သွားသည်။ ရှက်အကျီလည်စည်း ကြယ်သီးကိုတပ်ဖို့ ပြင်ဆင်သည်။ သို့သော် ကြယ်သီးက ပြုတ်ထွက်သွားပြီ။

အမှောင်ထုထဲတွင် ခပ်မည်းမည်း အရိပ်တစ်ခု ကျွန်တော့်နံဘေးမှ ဖြတ်ပြေးသွားသည်။ ခွေးကလေးက မာန်ဖီပြီး ထိုအရာနောက်သို့ ဆတ်ခနဲ ပြေးလိုက်သည်။ ကျွန်တော် ရုတ်တရက်ဆိုသလို ကြောက်လန့်လာသည်။ ကျင်းထဲမှာ မြေကြွက်ကြီးတွေ ရှိနေသည်။ ခွေးကလေးကိုဖက်ပြီး ငိုကြွေးနေမိ၏။ ကျွန်တော်တို့ သည်အထဲမှ ဘယ်တော့မှ ထွက်လို့ရမည် မဟုတ်တော့။ အမှောင်ထဲတွင် ကျွန်တော်တို့နံဘေးမှ ကြွက်တစ်ကောင် ဖြတ်ပြေးသွားပြန်၏။ ကျွန်တော် ကြောက်အားလန့်အားအော်ပြီး ကျင်းနံရံတစ်ဖက်ဆီသို့ ပြေးသည်။ နံရံကိုတက်ဖို့ ကြိုးစားသည်။ အပေါ်တက်ဖို့ အကြိမ်ကြိမ် ကြိုးစားသည်။ အကြိမ်တိုင်း ပြန်ပြီးပြုတ်ကျသည်။

နောက်ဆုံးတွင် ကျွန်တော် မြေကြီးပေါ်လဲနေသည်။ ခြေကုန်လက်ပန်းကျပြီး မလှုပ်နိုင်။ တစ်ကိုယ်လုံး ချွေးတွေဖြင့် ရွဲနစ်ကာ နေလို့ထိုင်လို့ မကောင်းတော့။ ကျွန်တော် အသက်တစ်ချက်အောင့်ပြီး အာခေါင်ခြစ်အော်လိုက်၏။

"မေမေ... မေမေ"

ကျွန်တော့်အသံသည် မြေကျင်းကြီးကို ဖြတ်သန်းပြီး ပဲ့တင်ပြန်လာသည်။ အသံတွေအက်ကွဲပြီး အသံဝင်သည်ထိ ကျွန်တော် ဆက်အော်သည်။ ဘာအဖြေမှ ပြန်မလာ။

ခုဆို လထွက်လာပြီ။ ဖြူဖွေးသော လရောင်ကြောင့် ကျောက်တုံးတိုင်းမှ အရိပ်မည်းကြီးများ ပေါ်ပေါက်လာစေ၏။ ညသည် ထူးခြားသော အသံများ၊ ဆန်းပြားသော လှုပ်ရှားမှုများဖြင့် အသက်ဝင်လှုပ်ရှားနေ၏။ ကျွန်တော် မတ်တတ်ရပ်လိုက်ချိန်တွင် ကြွက်တစ်ကောင် လေထဲတွင် လွင့်ပျံလာပြီး ကျွန်တော့်ရင်ဘတ်ကို လာတိုက်မိ၏။ ကျွန်တော် ကြောက်အားလန့်အား အော်ဟစ်ရင်း ဖင်ထိုင်ပြန်လဲကျသွားသည်။ ခွေးကလေးက ထခုန်ပြီး ကြွက်ကို လေထဲမှာပင် ဖမ်းလိုက်၏။ နောက်ပြီး ခေါင်းကို ဒေါသတကြီးဖြင့် တစ်ချက် ဆွဲခါလိုက်ခြင်းဖြင့် ကြွက်၏လည်ကုပ်ကို ချိုးပစ်လိုက်သည်။ ပြီးတော့ ကြွက်ကို သူ့ပါးစပ်ထဲမှ အဝေးသို့ လွင့်စဉ်သွားစေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ကျွန်တော် မတ်တတ်ရပ်ပြီး ကျင်းနံရံကို ကျောမှီထားသည်။ ကျွန်တော်သည် ချမ်းလွန်း၊ ထိတ်လန့်လွန်းသဖြင့် ဘာဆိုဘာမျှ မလုပ်နိုင်။ ညဥ့်အမှောင်ထဲသို့သာ ငေးစိုက်ကြည့်နေမိ၏။ ခွေးကလေးက ကျွန်တော့်ရှေ့မှာ မတ်တတ်ရပ်နေသည်။ ကျယ်လောင်စူးရှစွာ ဟောင်လိုက်တိုင်း သွားစွယ်ချွန်ချွန်ကလေးတွေ ပေါ်နေသည်။ သူ့ဟောင်သံသည် ခွေးအကောင် ၁၀၀ လောက် နိုးကြားနေသည့်နှယ် ပဲ့တင်သံများ ဟိန်းနေ၏။

ကျွန်တော်တို့ ထိုအတိုင်း ဘယ်လောက်ကြာကြာ ရပ်နေမိကြသည်မသိ။ ကျွန်တော့်မျက်လုံးတွေကို ကြိုးစားပြီး ဖွင့်ထားသည်။ သို့သော် မရ၊ မျက်လုံးတွေ မှိတ်မှိတ်သွားသည်။ နောက်ဆုံးတွင် ပင်ပန်းနွမ်းနယ်စွာဖြင့် မြေကြီးပေါ် ထိုင်ချလိုက်၏။

ကျွန်တော့်ကို မေမေ စိတ်ဆိုးနေမလား၊ စိတ်မဆိုးဘူးလားဆိုတာ ခုတော့ မဖြေနိုင်တော့။ ခုလိုဖြစ်ရတာ ကျွန်တော့် ချို့ယွင်းချက်ကြောင့် မဟုတ်။ အကယ်၍ ကျွန်တော်သာ ဂျူးတစ်ယောက် မဟုတ်လျှင် ပေါလ်နှင့် အက်ဒီက ကျွန်တော့်ကို ကျင်းထဲ တွန်းချမည်မဟုတ်။ သည်ကျင်းထဲမှ အပေါ်ပြန်ရောက်ပြီးလျှင်တော့ ကျွန်တော်တို့ အခြားတစ်မျိုးမျိုး မဖြစ်နိုင်ဘူးလားဟု မေမေ့ကို မေးကြည့်ရမည်။ သို့ဆိုလျှင် သူတို့ ကျွန်တော့်အပေါ် စော်ကားချင်မှ စော်ကားကြလိမ့်မည်။ သို့သော် ကျွန်တော့် ရင်ထဲ၊ အသည်းထဲမှာ တစ်နည်းတစ်ဖုံ သိနေတာရှိသည်။ အဲဒီလိုမေးကြည့်လည်း သိပ်အကြောင်းထူးမည်မဟုတ်။ မေမေက ပြောင်းလဲလိုသည့်တိုင် ဖေဖေက ပြောင်းလဲလိမ့်မည်မဟုတ်။ ဖေဖေ့အကြောင်း သည်လောက်တော့ သိသည်။ သူ့စိတ်ထဲမှာ တစ်ခုခု ဆုံးဖြတ်ပြီးသည်နှင့် ဘယ်သောအခါမျှ မပြောင်းတော့။ ထို့ကြောင့်လည်း သည်လောက်နှစ်တွေကြာမှ မဖြစ်နိုင်တော့။

မေမေတော့ ကျွန်တော့်ကို သိပ်စိတ်ဆိုးလိမ့်မည်။ မကောင်း၊ တော်တော့်ကို မကောင်း။ သည်အကြောင်း စဉ်းစားနေရင်း ကျွန်တော် မေ့ခနဲ အိပ်ပျော်သွားသည်။ သည်နေ့ နံနက်ပိုင်း တစ်ပိုင်းလုံး ပျော်ပျော်ရွှင်ရွှင် သာသာယာယာ ဖြစ်လာပြီးမှ ခုလိုဖြစ်ရတာ မကောင်း၊ တော်တော့်ကို မကောင်း။

ခွေးဟောင်သံတွေ ယခု ပိုကျယ်လာသည်။ နောက်ပြီး ခွေးဟောင်သံ၊ ပဲ့တင်သံတွေနှင့်အတူ တစ်ယောက်ယောက် ကျွန်တော့်နာမည်ကို ခေါ်နေသံပါ ရောစွက်သည်။ ကျွန်တော့်မျက်လုံးတွေ ဖွင့်ဖို့ ကြိုးစား၏၊ မရ၊ သိပ်ပင်ပန်းနေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ခေါ်သံ ပိုကျယ်လာသည်။ ပိုပြီး ခိုင်ခိုင်မာမာ ဖြစ်လာသည်။

"ဒင်နီ… ဒင်နီဖစ်ရှာ"

ခုတော့ ကျွန်တော့်မျက်လုံးတွေ ပွင့်နေပြီ။ လရောင်ဖြူဖွေးသည် ကျင်းထဲတွင် စိတ်ချောက်ချားစရာ အရိပ်များကို ဖန်တီးနေ၏။ ယောကျ်ားတစ်ယောက်၏အသံက ကျွန်တော့်နာမည်ကို ခေါ်လိုက်ပြန်၏။ ကျွန်တော် ကျုံးရုန်းပြီး မတ်တတ်ထသည်။ အဖြေပေးဖို့ ကြိုးစားသည်။ သို့သော် အသံဝင်နေပြီ၊ အသံမှာ တိုးတိုးပျော့ပျော့ကလေးပဲ ထွက်တော့သည်။ ခွေးကလေးက အသည်းအသန် ဟောင်လိုက်ပြန်၏။ ကျင်းနှုတ်ခမ်းထိပ်ဆီမှ အသံတွေ ကြားရသည်။ ခွေးကလေး၏ ဟောင်သံသည် စိတ်လှုပ်ရှားမှုအပြည့်ဖြင့် စူးစူးရှရှ ဖြစ်နေသည်။

လက်နှိပ်ဓာတ်မီးရောင် အလင်းတန်းကြီး ကျင်းထဲကျလာသည်။ ဟိုဟိုသည်သည် လျှောက်ထိုးကာ ကျွန်တော့်ကို ရှာဖွေနေသည်။ ကျွန်တော် ခေါ်နေသည်ကို သူတို့ မကြားရမှန်း ကျွန်တော်သိသည်။ သည်တော့ မီးရောင်နောက်သို့ ပြေးလိုက်သည်။ မီးရောင်အောက်ထဲဝင်ပြီး ကိုယ်ထည်ပြဖို့ ကြိုးစားသည်။ ခွေးကလေးက ကျွန်တော့်နောက်ပါးမှ တစ်ဖဝါးမခွာ၊ အဟောင်မပျက် ဟောင်လျက်။

ထို့နောက် မီးတန်းကြီး ကျွန်တော့်အပေါ် ကျလာသည်။ ကျွန်တော် ငြိမ်ပြီး ရပ်နေလိုက်၏။ မျက်လုံးတွေကို လက်ဖြင့် ကာထားရသည်။ အလင်းရောင်က မျက်လုံးထဲ စူးဝင်နေသည်။ ယောကျ်ားတစ်ယောက်၏အသံက ဟစ်ကြွေးလိုက်၏။

"ဟောဟိုမှာ…"

ကျွန်တော့်အပေါ်ဘက် အမှောင်ထုထဲမှာ နောက်အသံတစ်ခု ထွက်လာသည်။ ဖေဖေ့အသံ။

"ဒင်နီ… ဒင်နီ၊ သား ဘာဖြစ်သွားသေးလဲ"

ထို့နောက် ကျင်းနံရံအတိုင်း လူတစ်ယောက် ကျွန်တော်ရှိရာဘက်သို့ လျှောက်ဆင်းလာသံကို ကြားရသည်။ ကျွန်တော် ငိုကြွေးရင်း သူ့ဆီပြေးသွားသည်။ ကျွန်တော့်အား ဆီးကြိုပွေ့ဖက်လိုက်သည်ကို ခံစားရ၏။ သူသည် တစ်ကိုယ်လုံး တုန်ယင်နေသည်။ သူ့အနမ်းတွေ ကျွန်တော့်မျက်နှာပေါ် ကျရောက်နေသည်ကို သိရ၏။

"ဒင်နီ၊ သား ဘာဖြစ်သွားသေးလဲ"

ကျွန်တော့်မျက်နှာကို သူ့ရင်ခွင်မှာ အပ်ထားလိုက်၏။ ကျွန်တော့် မျက်နှာတစ်ခွင်လုံး ပွန်းရာ၊ ပဲ့ရာ၊ ခြစ်ရာများဖြင့် ကျိန်းစပ်နေ၏။ သို့သော် သူ၏ အပေါ်

mgyoe.com

mgyoe.com SAMPLE BOOK
အင်္ကျီအံသားဖြစ်သည့် သိုးမွေးခပ်ကြမ်းကြမ်းနှင့် ထိတွေ့ရသည်မှာ အရသာရှိလှ၏။

"သား... ဘာမှမဖြစ်ဘူး ဖေဖေ၊ ဒါပေမဲ့ မေမေတော့ စိတ်ဆိုးမှာပဲ။ သား ဘောင်းဘီတွေ စိုကုန်ပြီ"

ရှိုက်သံများကြားမှ ပြောမိ၏။ သူ့လည်ချောင်းထဲမှ ရယ်သံလိုလို အသံမျိုး ထွက်လာသည်။

"မေမေက စိတ်မဆိုးပါဘူးကွယ်"

သူက အားပေးသည်။ ပြီးတော့ ကျင်းနှုတ်ခမ်းဆီသို့ မျက်နှာမော့ကာ အော် လိုက်၏။

"ဘာမှမဖြစ်ဘူးဟေ့၊ ကြိုးချပေးလိုက်၊ ငါတို့ သူ့ကို ဆွဲတင်ရအောင်"

"ဖေဖေ၊ ခွေးကလေးကို မေ့မထားခဲ့ပါနဲ့နော်။ သူ့ကိုလည်း သားတို့ခေါ်သွားမှ ဖြစ်မယ်"

ဖေဖေက ခါးကိုင်းပြီး ခွေးကလေး၏ ခေါင်းကို ပွတ်ပေးသည်။

"အင်းပါ၊ သူ့ကိုလည်း ခေါ်တင်သွားတာပေါ့။ သူ့ဟောင်သံကိုသာ မကြား ရရင် သားဘယ်နေရာမှာရှိနေမှန်း ဖေဖေတို့သိမှာ မဟုတ်ဘူး"

သူက ချာခနဲလှည့်ပြီး ကျွန်တော့်ကို ကြည့်သည်။

"သား... ဒီအောက်ရောက်နေတာ ဒီကောင်ကြောင့်လား"

ကျွန်တော် ခေါင်းယမ်းပြလိုက်၏။

"မဟုတ်ဘူး၊ ပေါလ်နဲ့ အက်ဒီက သားကို ဒီအထဲ တွန်းချတာ။ ဘာဖြစ် လို့လဲဆိုတော့ သားက ဂျူးဖြစ်နေလို့"

ဖေဖေက ကျွန်တော့်ကို မမြင်ဖူးသလို စိုက်ကြည့်နေ၏။ ကျွန်တော်တို့ ခြေရင်း သို့ ကြိုးစကျလာသည်။ ဖေဖေက ကုန်းကောက်သည်။ သူ့လေသံမျှဖြင့် ပြောလိုက် သည့် စကားလုံးများကို ကြားသည်ဆိုရုံမျှ ကြားလိုက်ရ၏။

"ပတ်ဝန်းကျင်ကတော့ အသစ်၊ ဒါပေမဲ့ လူတွေက အတူတူပါပဲ"

သူ ဘာဆိုလိုမှန်း ကျွန်တော်မသိ။ သူက သူ့ခါးကို ကြိုးချည်သည်။ ပြီးတော့ လက်တစ်ဖက်ဖြင့် ကျွန်တော့်ကို ပွေ့ချီသည်။ ကျန်လက်တစ်ဖက်ဖြင့် ခွေးကလေးကို ပွေ့ချီသည်။ ကြိုးစတင်းသွားသည်။ ကျွန်တော်တို့ ကျင်းနံရံအတိုင်း တက်လာကြ သည်။

"ဖေဖေ... သားကို စိတ်မဆိုးပါဘူးနော်"

mgyoe.com

 oe.com SAMPLE BOOK 

"ဟင့်အင်း... ဒင်နီ၊ ဖေဖေ စိတ်မဆိုးပါဘူး"

အပေါ်ဘက်သို့ တရွေ့ရွေ့ တက်လာသည်။ ကျွန်တော် ခဏမျှ နှုတ်ဆိတ်နေပြီးမှ...

"ဒါဆို ဒီခွေးလေး ကျွန်တော် မွေးထားရင် ဖေဖေ ခွင့်ပြုမှာပါနော်။ ခွေးလေးက အရမ်းလိမ္မာတာ ဖေဖေရဲ့"

ကျွန်တော် သူ့အကြောင်းပြောနေတာ ခွေးကလေးက သိပုံရသည်။ သူ့အမြီးက ဖေဖေ့နံဘေးကို တဖျတ်ဖျတ်ရိုက်ခတ်နေသည်။

"သားတို့ သူ့ကို ရက်စီဖစ်ရှာလို့ ခေါ်ကြမယ်လေ"

ဖေဖေက ခွေးကလေးကို ငုံ့ကြည့်သည်။ ပြီးတော့ ကျွန်တော့်ကို ကြည့်သည်။ ပြီးတော့ တဟားဟားရယ်သည်။

"သားက ဒီခွေးမလေးကို ရက်စီဖစ်ရှာလို့ ခေါ်မယ်လို့ ပြောနေတာလား။ သားရဲ့ခွေးက အထီးမဟုတ်ဘူးကွဲ့၊ အမလေး"

*

အခန်းထဲမှာ မှောင်နေသည်။ သို့သော် ရေမိုးချိုးပြီး အိပ်ရာထဲ လှဲနေသည့် ကျွန်တော်သည် နွေးထွေးနေ၏၊ ဖိမ်ရှိနေ၏။ ညဥ့်လွှာရုံထဲတွင် အသံဗလံအသစ်တွေ ကြားနေရ၏။ ပတ်ဝန်းကျင်အသစ်မှ အသံဗလံအသစ်များသည် ပြတင်းပေါက်မှတစ်ဆင့် ပျံ့လွင့်ဝင်လာနေ၏။ အတူတကွ ယှဥ်တွဲနေထိုင်ရမည့် အသံဗလံအသစ်များ။

သည်အသံတွေကို နားထောင်ရင်း အံ့သြစိတ်ဖြင့် ကျွန်တော့်မျက်လုံးတွေ ပြူးကျယ်နေသည်။ သို့သော် ကျွန်တော်မကြောက်၊ ကြောက်စရာ ဘာမျှမရှိ။ ကျွန်တော်က ကိုယ့်အိမ်ထဲမှာ ကိုယ့်အခန်းထဲမှာ ရတ်တရက်ဆိုသလို ကျွန်တော့်မျက်လုံးတွေ မှေးမှိတ်သွားသည်။ ခုတင်ပေါ်တွင် ကိုယ်တစ်ခြမ်း စောင်းလိုက်သည်။ လက်တစ်ဖက်က နံရံကို ပွတ်မိသည်။ နံရံမျက်နှာပြင်သည် သုတ်ထားသည့် ဆေးအသစ်စက်စက်ကြောင့် ခပ်ကြမ်းကြမ်းဖြစ်နေသည်။

"အိမ်လေးရေ၊ မင်းကို ငါချစ်တယ်"

တမှေးမှေး အိပ်ပျော်ရင်း ဗျီးတိုးရေရွတ်လိုက်၏။

ခုတင်အောက်မှ ခွေးကလေး လှုပ်ရှားလိုက်၏။ ကျွန်တော့် လက်တစ်ဖက်

mgyee.com

 mgyoe.com SAMPLE BOOK 

ကို ခုတင်နံ့ဘေးသို့ ချလိုက်၏။ လက်ဖဝါးဖြင့် သူ၏ အေးစက်စက်နှုတ်သီးကို စမ်းမိသည်။ ကျွန်တော့်လက်ချောင်းတွေက သူ့ခေါင်းကို ပွတ်ပေးနေသည်။ ကျွန်တော့် အတွေ့တွင် သူ့အမွေးများသည် စိုထိုင်းထိုင်းနှင့် အေးစက်စက်ဖြစ်နေသည်။

ရက်စီကို ကျွန်တော့်အခန်းမှာ ခေါ်သိပ်ခွင့် မပေးမီ မေမေက ဖေဖေ့အား ခွေးမကလေးကို ရေချိုးသန့်စင်ခိုင်းသည်။ ရက်စီလျှာက ကျွန်တော့်လက်ချောင်းများ ကို လျက်နေသည်။

"မင်းကိုလည်း ငါချစ်ပါတယ် ရက်စီ"

တိုးတိုးလေး ပြောလိုက်၏။ နွေးထွေးမှု၊ သက်သောင့်သက်သာရှိမှုနှင့် ပိုင်ဆိုင်မှု ဟူသော အသိတရားက ကျွန်တော့်ကိုယ်ထဲ စိမ့်ဝင်လာသည်။ ကျွန်တော့် ကိုယ်ခန္ဓာ ထဲမှ တင်းတောင့်နေသော အာရုံကြောတွေ တဖြည်းဖြည်း ပြေလျော့လာပြီး နောက်ဆုံး ကျန်ရှိနေသည့် တင်းတောင့်မှုတစ်ခု ကွာကျသွားသည်ကို ခံစားသိရှိရသည်။ ထိုနောက် တော့ အိပ်ပျော်ခြင်းမှအပ ကျွန်တော့်ကိုယ်ပေါ်တွင် ဘာဆိုဘာမျှမရှိတော့။

ကျွန်တော် ကိုယ့်အိမ်မှာ ရောက်နေပြီ။

နောက်ပြီး ကျွန်တော် သတိတရဖြစ်နေသည့် ကျွန်တော့်ဘဝ၏ ဗထမဆုံးနေ့ ရက်သည် ယမန်နေ့အဖြစ် မှေးမှိန်သွားပြီ။

ပြီးတော့ ကျွန်တော့်ဘဝ၏ သံသရာ နေ့ရက်များသည် မနက်ဖြန် ဖြစ်လာလေ သည်။

ဝ

mgyoe.com

m g y o e . c o m SAMPLE BOOK

# ကျွန်တော့်ဘဝ၏ သံသရာနေ့ရက်များ

## အပိုင်း (၁)

### အခန်း [၁]

နံနက်ခင်း နေရောင်ခြည်က ကျွန်တော်၏ မှေးမှိတ်ထားသော မျက်ခွံများကို နွေးထွေးစွာ နမ်းရှုပ်လိုက်၏။ မဆိုစလောက်ကလေး စိတ်ကသိကအောက် ဖြစ်သွားသည်။ ကျွန်တော်က မျက်လုံးများပေါ်သို့ လက်မောင်းတစ်ဖက်တင်ပြီး ကာထားသည်။ ပြီးတော့ ခေါင်းအုံးပေါ်တွင် ဟိုလှိမ့် သည်လှိမ့်လုပ်နေသည်။

ကျွန်တော် သက်သောင့်သက်သာ ဖြစ်နေ၏။ ထို့နောက် နေရောင်ခြည်သည် လက်မောင်းအောက်သို့ ရောက်အောင် စိမ့်ဝင်ပြီး ကျွန်တော့်ကို ရှာဖွေ တွေ့သွားသလောက်ရှိ၏။ ကျွန်တော်က သည်အလင်းရောင်ကို ပုန်းကွယ်ဖို့ ကြိုးစားမနေတော့။ မျက်လုံးတွေကို ပွတ်သပ်ရင်း ခုတင်ပေါ်မှာ ထထိုင်သည်။ ခုတော့ မျက်လုံးကျယ်သွားပြီ။

ကျွန်တော် အပျင်းဆန့်သည်၊ သမ်းဝေသည်။ မျက်လုံးများပေါ်သို့ ကျနေသည့် ဆံပင်များကို အပေါ်လှန်တင်သည်။ ပြီးတော့ အိပ်ချင် မပြယ်တပြယ်ဖြင့် ပြတင်းပေါက်ဆီသို့ လှမ်းကြည့်သည်။ သည်နေ့ကား တောက်ပကြည်စင်သည့်နေ့။ ဆက်အိပ်နေလို့ရလျှင် ကောင်းမှာဟု တွေးသည်။ သို့သော် ကျွန်တော့်အခန်း ပြတင်းပေါက်များက အရှေ့ဘက်သို့ လှည့်နေသည်။ သည်တော့ နံနက်ခင်း၏ ပထမဆုံး နေရောင်ခြည်သည် ကျွန်တော့်မျက်နှာပေါ် ကျရောက်လာစမြဲ။

mgyoe.com

ကျွန်တော်က အခန်းပတ်လည်ကို ပျင်းရိစွာ လှည့်ပတ်ကြည့်၏။ ကုလားထိုင်တစ်လုံးပေါ်တွင် တွန့်ကြေခေါက်ကွေး တင်ထားသည်မှာ ကျွန်တော့်အဝတ်အစားတွေ။ ကြိုးတစ်ဝက်ပဲ တပ်ထားသည့် တင်းနစ်ရိုက်တံမှာ မှန်တင်ခုံကိုမှီပြီး ထောင်ထားသည်။ သည်တင်းနစ်ရိုက်တံကို ကြိုးအပြည့်တပ်ဖို့ ကြံစည်နေတာကြာပြီ၊ ခုထိမတပ်ဖြစ်သေး။ မှန်တင်ခုံပေါ်ရှိ ကျွန်တော့် ဘီးနှင့် သွားပွတ်တံနံဘေးတွင် နှီးစက်ပါသော စားပွဲတင် နာရီအိုတစ်လုံး။ နာရီအိုကြီးက ၇ နာရီ ၁၅ မိနစ်ရှိပြီဖြစ်ကြောင်း ဖော်ပြနေ၏။ ကျွန်တော်၏ ကျောင်းအလံကလေးသည် ကြည့်မှန်ပေါ်တွင် ဖြတ်ပြီး တွဲလောင်းကျနေ၏။ အီရေးစမတ်ဟောလ် အထက်တန်းကျောင်းအလံ အရောင်မှာ ခရမ်းနှင့် အဖြူကျား။

ခုတင်နံဘေးသို့ ငုံ့ကြည့်ပြီး ညှပ်ဖိနပ်တွေရှာသည်၊ မရှိ။ ကျွန်တော် တစ်ကိုယ်တည်း ပြုံးလိုက်မိ၏။ ဖိနပ်တွေ ဘယ်နေရာ ရောက်နေသည်ကို ကျွန်တော် သိသည်။ ရက်စီက ဖိနပ်တွေကို ခုတင်အောက်သို့ ချီသွားနေကျ၊ သူက သည်ဖိနပ်တွေကို ခေါင်းအုံးအိပ်လေ့ရှိသည်လေ။ ကျွန်တော် လက်တစ်ဖက်ဆန့်ထုတ်ပြီး သူ့ကို တစ်ချက်ပွတ်ပေးလိုက်၏။ သူက ခေါင်းထောင်ကြည့်သည်။ ပျင်းရိလေးကန်စွာ အမြီးနှန့်ပြသည်။ သူ့ခေါင်းကို နောက်တစ်ချက်ပွတ်ပေးပြီး သူ့အောက်မှ ညှပ်ဖိနပ်များကို ဆွဲယူလိုက်၏။ ထို့နောက် ခုတင်ပေါ်မှဆင်းသည်၊ ညှပ်ဖိနပ်တွေ စီးသည်။ ရက်စီ မျက်လုံးတွေမှိတ်ပြီး ပြန်အိပ်နေသည်။

ဖွင့်ထားသည့် ပြတင်းပေါက်ဆီသို့ လျှောက်သွားခိုက် မေမေနှင့် ဖေဖေ့ အခန်းဘက်မှ အသံသဲ့သဲ့ကို ကြားရသည်။ သည်အသံကြောင့် ကျွန်တော် သတိရသွားသည်။ သည်နေ့ကား ကျွန်တော့်၏ 'ဘားမစ်ဇဗား' နေ့။ တစ်နည်းဆိုသော် ကျွန်တော်၏ လူလားမြောက်နေ့။ ရင်ထဲမှာ လှိုက်ဖိုလှုပ်ရှားလာသည်။ လူလားမြောက်နေ့ အခမ်းအနားတွင် ရဟူဒီထုံးတမ်းစဉ်လာအရ ရွတ်ဆိုရမည့် စာများကို ကျွန်တော် အထူးတလည် ကျက်မှတ်ထားရသည်။ အရေးဟဲ့ အကြောင်းဟဲ့ ဆိုခါမှ ထိုစာတွေကို မေ့လျော့မနေပါစေနှင့်ဟု ဆုတောင်းမိသည်။

ပွင့်နေသည့် ပြတင်းဒပါက်နားတွင်ရပ်ပြီး အသက်ပြင်းပြင်းရှူသည်။ ဖြည်းဖြည်းမှန်မှန် နံပါတ်စဉ်ရေတွက်သည်။

"ရှူသွင်း... နှစ်... သုံး... လေး၊ ရှူထုတ်... နှစ်... သုံး... လေး"

သည်လေ့ကျင့်ခန်းကို ခဏမျှ ဆက်တိုက်လုပ်လိုက်တော့ စိတ်လှုပ်ရှားမှုတွေ

mgyoe.com

mgyoe.com SAMPLE BOOK


ပျောက်ကွယ်သွားသည်။ အဆင်ချောသွားမှာပါ၊ ဘာဆိုဘာမျှ မေ့မှာမဟုတ်ပါဘူး။ ပြတင်းပေါက်ဘက် မျက်နှာမူလျက်ပင်။ ညဥ့်ဝတ်အင်္ကျီကို ခေါင်းပေါ်မှကျော်ပြီး ချွတ်သည်။ ပြီးတော့ နောက်ဘက်ရှိ ခုတင်ပေါ်သို့ ပစ်တင်လိုက်သည်။ လူလားမြောက် နေ့ပဲဖြစ်ဖြစ်၊ လူလားမမြောက်နေ့ပဲဖြစ်ဖြစ် ကျွန်တော်ကတော့ နေ့စဉ် ပြုလုပ်နေကျ လေ့ကျင့်ခန်းကို ပြုလုပ်ရမည်သာ။ ထိုသို့မှ မလေ့ကျင့်လျှင် ကိုယ်အလေးချိန် တက်လာမည်မဟုတ်။ ကိုယ်အလေးချိန်မပြည့်လျှင် သည်နှစ် ဆောင်းဦး ဘောလုံးရာသီတွင် ဘောလုံးကစားခွင့်ရမည်မဟုတ်။

ကြမ်းပေါ်တွင် တစ်ကိုယ်လုံးဆန့်ပြီး ဝမ်းလျားမှောက်သည်၊ ၁၀ ကြိမ်တိတိ ဒိုက်ထိုးသည်။ ထို့နောက် မတ်တတ်ရပ်ပြီး ဒူးကွေးထိုင်ထလုပ်သည်။ ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်၏။ ကိုယ်ခန္ဓာပေါ်တွင် ကြွက်သားမျှင်ကလေးတွေ အမြှောင်း အမြှောင်း ထနေသည်။ ကိုယ့်နံရိုးတွေ ကိုယ်ပြန်ပြီး ရေတွက်လို့ရသည်။ ရင်ဘတ်ကို သေသေချာချာ စေ့စေ့စပ်စပ်ကြည့်သည်။ တကယ့်ရင်ဘတ်မွေးတွေများ ညဥ့်တွင်းချင်း ပေါက်လာလေမလားဟူသော အတွေးဖြင့်။ သို့သော် ရင်ဘတ်မှာ မနေ့ကအတိုင်းပါပဲ။ ရွှေဝါရောင် မွေးညင်းနုကလေးတွေပဲ ရှိသေးသည်။ တစ်ခါတလေတော့ ကျွန်တော့် ကိုယ်ပေါ်မှ အမွေးအမှင်များကို ရွှေဝါရောင်အစား ပေါလ်တို့လို အနက်ရောင်ပဲ ပေါက်လိုက်စေချင်သည်။ သို့ဆိုလျှင် ကျွန်တော်လည်း သူ့လို ကိုယ်လို အသွင်ကို ဆောင်လိမ့်မည်။

ဒူးကွေးထိုင်ထ လေ့ကျင့်ခန်းပြီးတော့ အခန်းထောင့်ရှိ တင်းပုတ်တစ်စုံကို သွားယူသည်။ တင်းပုတ်တွေကို စတင်လွှဲသည်။ ထိုအခိုက် ပွင့်နေသည့် ပြတင်းပေါက်မှ တစ်ဆင့် ဝင်လာသော ထောက်ခနဲ မီးခလုတ်ဖွင့်သံကို ကြားလိုက်ရ၏။ ပြီးတော့ ကျွန်တော့်အခန်းနှင့် မျက်နှာချင်းဆိုင် ကားဝင်လမ်း၏ တစ်ဖက်ခြမ်းရှိ အခန်းထဲတွင် မီးရောင်ထိန်လင်းသွားသည်။ ကျွန်တော် ချက်ချင်းပင် ဒူးကွေးထိုင်ချလိုက်၏။ နောက်ပြီး ပြတင်းပေါင်ပေါ်မှ ခေါင်းပြူပြီး တိတ်တခိုးလေး ချောင်းကြည့်သည်။

ထိုအခန်းမှာ မာဂျရီအင်ကွန်လွန်း၏အခန်း။ သူက မိမိ၏ အရင်းနှီးဆုံး သူငယ်ချင်း။ တစ်ခါတစ်ရံ သူ့အခန်းမှာ ခန်းဆီးတွေကို ပင့်တင်ထားတတ်သည်။ သည်တော့ သူ့ကို ကျွန်တော် ကောင်းကောင်း ခိုးကြည့်လို့ရတာပေါ့။ သူတို့အိမ် အနောက်ဘက် မျက်နှာမူနေတာကိုက ဝမ်းသာစရာ။ ဘာကြောင့်ဆို သူ့အနေဖြင့် နံနက်တိုင်း မီးဖွင့်ဖို့ လိုအပ်နေသည်လေ။

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော် ပြတင်းပေါင်ပေါ်မှ အသာလေး ခေါင်းပြူပြီး ချောင်းကြည့်သည်။ အသက်အောင့်ထားလိုက်ရ၏။ ခန်းဆီးတွေ ပင့်တင်ထားသည်။ ခန်းဆီးတွေချထားဖို့ သူ မေ့လျော့နေသည်မှာ သည်တစ်ပတ်အတွင်း ယခုတစ်ကြိမ်နှင့်ဆို သုံးကြိမ်ရှိပြီ။ နောက်ဆုံးတစ်ကြိမ်တုန်းကတော့ ကျွန်တော် ကြည့်နေတာ သူသိနေသည်ဟု ကျွန်တော် ထင်မိ၏။ သည်တော့ ယခု ပိုပြီး သတိဝီရိယထားရမည်။ သည်ကောင်မလေးက ရယ်စရာတော့ အကောင်းသား။ ကျွန်တော့်ကို အမြဲတမ်း မထိတထိစသည်၊ ကလိသည်။ သူ့ကို ကျွန်တော် စကားပြောနေလျှင် ကျွန်တော့်ကိုပဲ စိုက်ကြည့်နေတတ်သည်။ လွန်ခဲ့သည့် ရက်သတ္တပတ် အနည်းငယ်အတွင်း ဘာအကြောင်းမျှ မည်မည်ရရမရှိဘဲ ကျွန်တော်တို့နှစ်ယောက် အချေအတင် စကားများကြရသည်မှာ ခဏခဏ။ ထို့ကြောင့် ကျွန်တော်က သူ့ကို ကျွန်တော်၏ လူလားမြောက်နေ့ အခမ်းအနားသို့ မဖိတ်ချင်။ သို့သော် မီမီက ဖိတ်ဖို့ ဇွတ်ပြောသည်။

သူ့အခန်းထဲရှိ ပစ္စည်းခန်း တံခါးချပ် မသိမသာလေး လှုပ်သွားသည်ကို တွေ့ရ၏။ တံခါးနောက်မှ သူထွက်လာသည်။ အခန်းလယ်တွင် ခဏမတ်တတ်ရပ်နေသည်။ တစ်စုံတစ်ခုကို ရှာနေသည်။ နောက်ဆုံး သူရှာသည့်ပစ္စည်းကို တွေ့သွားသည်။ ပြတင်းပေါက်ဘက်သို့ ခါးကိုင်းလိုက်သည်။ ကျွန်တော် သူ့ကို တဝကြီး ကြည့်လိုက်ရ၏။

သည်နီးနားဝန်းကျင်တွင် သူသည် လုံးကြီးပေါက်လှအဖြစ်ဆုံးဟု ပေါလ်က ပြောသည်။ ကျွန်တော်ကတော့ သဘောမတူ။ မီမီက အများကြီးပိုလှသည်။ နောက်ပြီး မီမီက မာဂျရီလို အချိုးအဆက် မပြေမပြစ်မပဟုတ်။

ယခု သူက ပြတင်းပေါက်ဘက် မျက်နှာမူထားသည်။ ကျွန်တော့်ကို လှမ်းကြည့်နေသယောင်၊ ကျွန်တော်က ခေါင်းကို ပိုပြီးငုံ့လိုက်၏။ သူက တစ်ကိုယ်တည်း ပြုံးရင်း ဘရာစီယာ ဝတ်နေသည်။ ကျွန်တော် မအီမလည် ဖြစ်လာသည်။ သူ့အပြုံးက အထာကျွမ်းနေသည့်အပြုံး။ ကျွန်တော် ချောင်းကြည့်နေတာ သူ သိနေလေသလား။ အခန်းထဲတွင် သူ လှည့်လည်သွားလာနေပုံမှာ တစ်စုံတစ်ခုကို သိသိကြီးနှင့် ပြုမူနေပုံမျိုး။

အခန်းအပြင်ဘက်ဆီမှ အသံတစ်သံ ထွက်လာသည်။ မီမီ၏အသံကို ကြားရသည်။ ကျွန်တော် ချာခနဲလှည့်ပြီး ခုတင်ပေါ်သို့ ဒိုင်ဗင်ထိုးတက်လိုက်၏။ ပြတင်းပေါက်ဆီသို့ ခပ်သွက်သွက် လှမ်းကြည့်လိုက်တော့ မာဂျရီအင်၏ အခန်း မီးမှိတ်သွား

mgyoe.com

mgyoe.com SAMPLE BOOK


သည်ကို တွေ့ရ၏။ ကျွန်တော် သက်ပြင်းချလိုက်သည်။ ရှင်းနေပြီ၊ ကျွန်တော် ထင်တာ မှန်သည်။ ကျွန်တော့် သူ့ကိုကြည့်နေတာ သူသိသည်။ ကျွန်တော့် အခန်း တံခါးဆီသို့ လျှောက်လာသော ခြေသံများကြားသည်။ ကျွန်တော် မျက်စိတွေစုံမှိတ်ပြီး အိပ်ချင် ယောင်ဆောင်နေလိုက်၏။

တံခါးဝဆီမှ မီမီအသံ ထွက်လာသည်။

"ဒင်နီ....နင်နိုးနေပြီလား"

"ခု... နိုးပြီ၊ နင်ဘာလိုချင်လို့လဲ"

ဖြေပြီး ခုတင်ပေါ်မှ ထထိုင်သည်။ မျက်လုံးတွေကို ပွတ်သပ်နေသည်။

သူ့မျက်လုံးများက ဗလာကိုယ်တီး ဖြစ်နေသည့် ကျွန်တော့် ရင်ဘတ်နှင့် ပခုံးများကို ငေးကြည့်သည်။ သူ့မျက်လုံးတွေထဲသို့ သံသယအလင်းတန်းကလေး ဝင်လာသည်။

"နင့်... ညဥ့်ဝတ်အင်္ကျီရော"

ထို့နောက် ခုတင်ခြေရင်းမှာ ကျနေသည့် ညဥ့်ဝတ်အင်္ကျီကို တွေ့သွားသည်။

"နင်... စောစောကတည်းက နိုးနေတာမဟုတ်လား"

"အင်း..."

"နင်... ဘာတွေလုပ်နေလဲ"

သံသယအပြည့်ဖြင့် မေးသည်။ သူ့မျက်လုံးတွေသည် ကားဝင်လမ်း တစ်ဖက် ခြမ်းရှိ မာဂျရီအင်၏ ပြတင်းပေါက်များဆီသို့ ရောက်သွားသည်။

ကျွန်တော်က မျက်လုံးတွေကို ပြူးကျယ်ဝိုင်းစက်ပြီး အပြစ်ကင်းသည့်အသွင် ဖြစ်အောင် လုပ်လိုက်၏။

"လေ့ကျင့်ခန်းတွေ လုပ်တယ်လေ၊ ပြီးတော့ အိပ်ရာထဲ ပြန်ဝင်ပြီး တစ်မှေး မှေးနေတာ"

ကျွန်တော့်အဖြေကို သူ မကျေနပ်ကြောင်း ကျွန်တော် သိသည်။ သို့သော် သူ ဘာမျှမပြော။ သူက ခုတင်ခြေရင်းတွင် ကြမ်းပေါ်တစ်ဝက်ကျနေသည့် အင်္ကျီကို ကောက်ယူပေးသည်။ ပြီးတော့ တံခါးပေါက်ဘက်သို့ ပြန်လျှောက်သွားသည်။

"မေမေက ငါ့ကိုပြောတယ်၊ နင့်ကိုနှိုးပြီး ရေချိုးထားဖို့ သတိပေးတဲ့။ နင် လူ လာ့းမြောက်နေ့ အခမ်းအနားမှာ ညစ်ပတ်မနေစေချင်ဘူးတဲ့"

သူ အပြင်ရောက်ပြီး အခန်းတံခါး ပိတ်သွားသည်နှင့် ကျွန်တော် ခုတင်ပေါ်မှ

mgyoe.com

mgyoe.com SAMPLE BOOK


ခုန်ဆင်းလိုက်၏။ ကျွန်တော့် အသားတွေ ပူနေသည်။ ရင်ထဲမှာ တဖျတ်ဖျတ် ခုန်နေသည်။ မာဂျရီအင်ကို ခိုးကြည့်ပြီးတိုင်း သည်လိုခံစားနေကျ။ ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်လိုက်၏။ ကျွန်တော်က ကျန်းမာတောင့်တင်းသည်။ အရပ်မှာ ငါးပေ လေးလက်မ၊ ၁၁၄ ပေါင် အလေးချိန်စီးသည်။ နောက်ထပ် ခြောက်ပေါင် အလေးချိန် တိုးလာလျှင် ဘောလုံးအသင်းထဲ ဝင်နွှဲလို့ရပြီ။ အသားတွေပူ၊ ရင်တွေ တဆတ်ဆတ် ခုန်နေတာကို ဘယ်လိုဖြေရှင်းရမလဲဆိုတာလည်း ကျွန်တော် သိသည်။ သည်အတွက် စိတ်မပူ။

"ရေအေးအေးနဲ့ ရေချိုး" ဟု ကျောင်းမှ ကိုယ်ကာယလေ့ကျင့်ခန်းဆရာက မှာကြားထားသည်။ ခု ရေအေးအေးဖြင့် ရေချိုးဖို့ ကျွန်တော် ပြင်ဆင်နေသည်။

ရေချိုးဝတ်ရုံခြုံပြီး အခန်းအပြင်ဘက်ရှိ စင်္ကြံလမ်းကို ကြည့်သည်။ စင်္ကြံလမ်းပေါ်တွင် ဘယ်သူမျှမရှိ၊ ရေချိုးခန်းတံခါး ပွင့်နေသည်။ သည်တော့ ရေချိုးခန်းဆီသို့ လျှောက်သွားသည်။ မိမိ၏ အခန်းတံခါးမှာလည်း ပွင့်နေသည်။ သူက သူ့အိပ်ရာကို သိမ်းနေသည်။ ကျွန်တော် သူ့အခန်းသို့ ပြန်သွားသည်။

"မိမိ..."

သူ ကျွန်တော့်ကို ကြည့်သည်။ သူ့အသံက အေးစက်စက်။

"ဘာလိုချင်လို့လဲ"

ကျွန်တော်က ကျွန်တော်စီးလာသည့် ညှပ်ဖိနပ်များကို ငုံ့ကြည့်ရင်း...

"နင်များ အိမ်သာအရင်ဝင်ချင်သလားလို့"

"ဘာဖြစ်လို့လဲ"

သူက မယုံမကြည်မေးသည်။ အောက်ထပ်တွင် ဖေဖေနှင့် မေမေ စကားပြောနေသံကို ကြားရ၏။ ကျွန်တော်က အသံကို တိုးနိုင်သမျှ တိုးအောင် နှိမ့်ပြီး...

"ငါ... အဲ၊ ရေချိုးတော့မလို့၊ အဲဒါ နင်များ အိမ်သာအရင်ဝင်ချင်နေမလားလို့"

"ကိစ္စမရှိဘူး"

သူ့အသံက အေးစက်နေဆဲ၊ နောက်ပြီး ဝတ်ကျေဝတ်ကုံလေးသံ။ သူ ကျွန်တော့်ကို စိတ်ဆိုးနေတာ ကျွန်တော်သိသည်။

"မိမိ..."

"ဘာလဲ"

သူ ကျွန်တော့်ကို စိုက်ကြည့်၏။ ကျွန်တော် သူနှင့် အကြည့်ချင်း လွှဲလိုက်

mgyoe.com

mgyoe.com SAMPLE BOOK


ရ၏။

"ဘာမှမဟုတ်တော့ပါဘူးဟာ"

ဖြေပြီး နောက်ကြောင်းပြန်လှည့်သည်။ ထို့နောက် သူ့ကို ဆတ်ခနဲ လှည့်ကြည့်၏။ သည်တစ်ခါ သူက မျက်လွှာချသွားသည်။

"နင်တို့ ယောကျ်ားလေးတွေဟာ တော်တော် အော့နှလုံးနာစရာကောင်းတယ်။ နင်လည်း တစ်နေ့ထက်တစ်နေ့ နင့်သူငယ်ချင်း ပေါလ်နဲ့ တူလာပြီ။ အဲဒီကောင်လေးက အမြဲတမ်း လိုက်ကြည့်နေတာပဲ"

"ငါက လိုက်မကြည့်ပါဘူးဟာ"

"နင် ကြည့်ပါတယ်။ နင်လည်း မာဂျရီအင်ကို ခိုးကြောင်ခိုးဝှက် လိုက်ကြည့်နေတာပဲဆိုတာ ငါ သောင်းရဲပါတယ်"

စွပ်စွပ်စွဲစွဲပြော၏။ ကျွန်တော့်မျက်နှာ ထူပူသွားသည်။

"မကြည့်ပါဘူး"

ကျွန်တော် ပြတ်ပြတ်သားသား လက်ခါပြသည်၊ သူက ဂရုမစိုက်။

"နင် ဘာလုပ်တယ်ဆိုတာ ငါ မေမေ့ကို တိုင်ပြောမယ်"

ကျွန်တော် သူ့ဆီ ခပ်သုတ်သုတ်လျှောက်သွားပြီး သူ့လက်နှစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။

"မပြောနဲ့"

"ငါ့လက် နာတယ်နော်"

"မပြောနဲ့"

သူ့လက်တွေကို ပို၍ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ရင်း ခပ်ဆတ်ဆတ် ပြောလိုက်၏။

သူ ကျွန်တော့်ကို မော့ကြည့်သည်။ သူ့မျက်လုံးညိုညိုတွေ ပြူးကျယ်ပြီး ထိတ်လန့်နေသည်။ သို့တိုင် သည်မျက်လုံးတွေထဲတွင် သိလိုမှုတစ်ခု နက်ရှိုင်းစွာ ခိုတွယ်နေ၏။ သူက သက်ပြင်းတစ်ချက်ရှိုက်သည်။

"ကောင်းပြီ၊ ငါ မေမေ့ကို မပြောဘူး။ ဒါပေမဲ့ သူထင်တာ မှန်တဲ့အကြောင်း မာဂျရီကိုတော့ ပြောပြရမှာပဲ။ နင်သူ့ကို ချောင်းချောင်းကြည့်တယ်လို့ သူက ငါ့ကို ပြောတယ်။ သူ့ပြတင်းပေါက် ခန်းဆီးတွေ ချထားဖို့ သူ့ကို ငါပြောမယ်"

သူ့လက်ကောက်ဝတ်တွေကို လွှတ်ပေးလိုက်၏။ အောင်နိုင်မှုလိုလို ခံစားချက်

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ခု ကျွန်တော့်ကိုယ်ထဲ စိမ့်ဝင်ဖြတ်သန်းသွားသည်။ ကျွန်တော် ထင်နေတာ မှန်သည်၊ ကျွန်တော် ချောင်းကြည့်တာကို မာဂျရီ တစ်ချိန်လုံး သိနေခဲ့သည်။

"တကယ်လို့ သူ့ခန်းဆီးတွေကို တင်ရက်ပဲထားတယ်ဆိုရင်တော့ သူ ဘာလုပ်နေတယ်ဆိုတာ သူသိမှာပေါ့နော်"

ကျွန်တော့်အသံတွင် မထီတရီ လေသံစွက်နေ၏။ မီမီအား ခုတင်နံဘေးတွင် ရပ်လျက်သား ထားခဲ့၏။ ပြီးတော့ ရေချိုးခန်းထဲ ဝင်ခဲ့၏။ ခြောက်စပြုနေပြီဖြစ်သော ဖေဖေ၏ မုတ်ဆိတ်ရိတ် ဆေးသုတ်သည့် ဝက်မှင်တံသည် လက်ဆေးကြွေခွက်ပေါ်မှာ ရှိနေဆဲ။ ဝက်မှင်တံကိုယူပြီး ဆေးသေတ္တာထဲ ပြန်ထည့်သည်။ တံခါးပိတ်သည်။ ထို့နောက် ကျွန်တော် ရေချိုးဝတ်ရုံကို အိမ်သာကမုတ်ပေါ် ပစ်တင်သည်။ ပြီးတော့ ရေပန်းပိုက်ခေါင်းအောက်သို့ ဝင်လိုက်သည်။

ရေမှာ ရေခဲရေလို အေးစက်နေသည်။ သို့သော် ကျွန်တော် အံကြိတ်လိုက်၏။ ခဏနေတော့ ကျွန်တော့် သွားတွေ သွားချင်းရိုက်နေသည်။ သို့သော် ရေပန်းအောက်မှာပင် ပေပြီးရပ်နေသည်။ သည်လို အေးစက်နေမှ ကောင်းသည်။ ကျွန်တော် ဘာလုပ်နေသည်ကို ကျွန်တော် သိသည်။

နောက်ဆုံး ရေပန်းအောက်မှ ထွက်လာပြီး မှန်ထဲတွင် ကြည့်လိုက်သောအခါ အေးလွန်းသဖြင့် ကျွန်တော့်နှုတ်ခမ်းတွေ ပြာနှမ်းနေသည်ကို တွေ့ရ၏။

၀

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)

ရုပ်အင်္ကျီကို အပြီးသတ် ကြယ်သီးတပ်သည်၊ ပြီးတော့ မှန်ထဲကြည့်သည်။ ဘီးကို ကောက်ယူပြီး ခေါင်းဖြီးသည်။ မေမေ ကျေနပ်ဝမ်းမြောက်မှာပါ။ ကျွန်တော့် အသားအရေသည် ကြည်လင်ဝင်းလက်နေသည်။ ဆံပင်တွေသည်ပင် ပိုပြီး အရောင် ပျော့ တောက်ပနေသည်။

ကျွန်တော် ခါးကိုင်းပြီး ခုတင်အောက်သို့ ကြည့်လိုက်၏။

"ထတော့... ရက်စီ၊ အပြင်သွားဖို့ အချိန်ကျပြီ"

ခွေးမကလေး ခုန်ပြီးထသည်။ အမြီးနှန့်နေသည်။ ကျွန်တော် ကုန်းပြီး သူ့ ခေါင်းကိုပွတ်ပေး၏။ သူက ကျွန်တော့်လက်ကို လျှာဖြင့်လျက်သည်။

"နေကောင်းရဲ့လား ကောင်မလေးရေ"

သူ့ကို တစ်ချက်ဖက်ပြီးမေးသည်။ သူက အမြီးကို ဝိုင်းနေအောင် လှုပ်ယမ်း သည်။ ကျွန်တော့် ဘောင်းဘီခြေထောက်ကို ပွတ်သပ်နေသည်။

ကျွန်တော် အခန်းထဲမှထွက်ပြီး အောက်ထပ်သို့ ဆင်းခဲ့၏။ စားဖိုဆောင်ဆီ မှ ထွက်လာသည့် မေမေ့အသံကို ကြားရသည်။ မေမေက တစ်စုံတစ်ခုနှင့်ပတ်သက် ပြီး စိတ်လှုပ်ရှားတက်ကြွနေပုံရသည်။ သူပြောနေသည်မှာ...

"ရှင့်မရီး ဘက်စီအကြောင်း ရှင်သိသားပဲ။ သူက ပြောစရာအကြောင်းတစ်ခုခု တော့ ရှာမှာပဲ။ လူလားမြောက်နေ့အခမ်းအနားကို လုပ်နိုင်တာ ဒီကမ္ဘာမှာ သူ တစ်ယောက်ပဲရှိတယ်လို့ သူက ထင်နေတာရှင့်။ သူ့သား ဂျိုးလ်"

"ကဲပါ မေရီရယ်၊ စိတ်အေးအေးထားစမ်းပါ။ အစစ အရာရာ အဆင်ချော

mgyoe.com

သွားမှာပါ။ နောက်ဆုံးတော့ ညှော်ခံပွဲကို အိမ်မှာလုပ်ဖို့ ဆုံးဖြတ်တာ မင်းပဲမဟုတ်လား"

ဖေဖေ့လေသံက ဖျောင်းဖျောင်းဖျဖျလေသံ။

ကျွန်တော် ခုမှ 'ဟင်း' ချနိုင်သည်။ ယုတ်စွအဆုံး သူတို့ပြောနေတာ ကျွန်တော့် အကြောင်းမဟုတ်။ မီမီက ဘာမျှပြောမထား။ ယခု သူတို့ပြောနေသည့် အငြင်းပွားမှုကတော့ ကျွန်တော်၏ လူလားမြောက်နေ့ အခမ်းအနား ပြုလုပ်ဖို့အကြောင်း စပြောကတည်းက ပေါ်ပေါက်ခဲ့သည်မှာ ခုဆို ခြောက်လလောက်ရှိနေပြီ။

ဖေဖေက ညှော်ခံပွဲပြုလုပ်ဖို့ ခန်းမငယ်တစ်ခန်း ငှားချင်သည်။ သို့သော် မေမေက လက်မခံ။

"ကျွန်မတို့ဆီမှာ ငွေပိုငွေလျှံရှိတာ မဟုတ်ဘူး။ အလုပ်အကိုင်ကလည်း ဘယ်လောက်ဆိုးနေတယ်ဆိုတာ ရှင်အသိ၊ လက်ရှိအခြေအနေမှာတောင် ရှင့်ချေးငွေတွေကို ပြန်ဆပ်နိုင်ဖို့ ရှင့်မှာ အသည်းအသန်ဖြစ်နေတာ မဟုတ်လား။ 'ကွန်းအိတ်ချိန်းဘဏ်' ကလည်း သူတို့ငွေ ဒေါ်လာ ၃၀၀၀ ကို ပြန်ဆပ်ဖို့ အချိန်တိုးပေးနေမှာ မဟုတ်ဘူး"

ဖေဖေက မေမေ့ကို လျှော့ပေးခဲ့၏။ လျှော့ပေးရမည်လေ၊ သူ့မှာ အခြားရွေးစရာလမ်းမရှိ။ အလုပ်အကိုင်က အခြေအနေကောင်းမလာ။ အိမ်မှာ သူ၏ ပြောစကား ဆိုစကားတွေအရ အကဲဖြတ်ရလျှင် အလုပ်အကိုင် အခြေအနေက ပို၍ပင် ဆိုးနေသည်။ လွန်ခဲ့သည့်လအနည်းငယ်အတွင်းမှာတော့ ဖေဖေသည် အရမ်းစိတ်လှုပ်ရှားလွယ်ပြီး၊ အရမ်းစိတ်တိုတတ်လာသည်။

ကျွန်တော်က စားဖိုဆောင်တံခါးကို တွန်းဖွင့်ပြီး အထဲသို့ ဝင်လိုက်၏။ ရက်စီက ကျွန်တော့်နောက်ပါးမှာ ကပ်လျက်။

"မင်္ဂလာရှိတဲ့ နံနက်ခင်းပါ"

နှစ်ယောက်စလုံးကို နှုတ်ဆက်လိုက်၏။

"စတိုးဆိုင်မှာ မေမေ ဘာဝယ်ချင်သေးလဲဟင်"

မေမေက ကျွန်တော့်ကို မော့၍ပင်မကြည့်။

"ခါတိုင်းလိုပေါ့ ဒင်နီ"

"ကျွန်တော် ယိုနည်းနည်းစားလို့ရမလား မေမေ"

မေမေ ပြုံးပြသည်။

"ရတယ် ဒင်နီ"

လက်ဆေးကြွေခွက် အပေါ်ဘက် စင်ကလေးပေါ်ရှိ ဖန်တကောင်းထဲမှ ပိုက်ဆံ

mgyae.com

တစ်ဒေါ်လာ ယူပေးသည်။

"နောက်ဆုံးတော့ ဒီနေ့ဟာ သားရဲ့ လူလားမြောက်နေ့ မဟုတ်လား"

ငွေစက္ကူကိုယူပြီး စားဖိုဆောင်ထဲမှ ထွက်ခဲ့၏။ ကျွန်တော့်နောက်မှ လှမ်းပြောလိုက်သည့် မေမေ့အသံကို ကြားရသည်။

"အကြွေပြန်အမ်းတာကို ရေကြည့်ဖို့ မမေ့နဲ့နော် ဒင်နီ"

"မမေ့ဘူး မေမေ"

ကျွန်တော် သမင်လည်ပြန် လှည့်ကြည့်ပြီး ပြန်ပြောသည်။

ရက်စီ အပြင်ထွက်လို့ရအောင် အိမ်ရှေ့တံခါး ဖွင့်ပေးသည်။ ခွေးမလေးက ကားဝင်လမ်းဆီသို့ ကျွန်တော့်ရှေ့မှ ဆင်းပြီး ရေမြောင်းရှိရာသို့ ပြေးသည်။

ကျွန်တော် ကားဝင်လမ်းမှထွက်လာတော့ ကွန်လွန်းအိမ်ရှေ့ ဆင်ဝင်အောက်တွင် စကားပြောနေသံများ ကြားရသည်။ မျက်စိထောင့်ကပ်ကြည့်လိုက်သောအခါ မီမီနှင့် မာဂျရီကို တွေ့ရသည်။ နှစ်ယောက်သား ခေါင်းချင်းရိုက်နေကြသည်။ ကျွန်တော် သူတို့ကို မမြင်သလို ကျော်ဖြတ်သွားသည်။ သို့သော် ရက်စီကြောင့် ဆင်ဝင်ရှေ့မှာ ရပ်လိုက်ရ၏။ မာဂျရီက ကျွန်တော့်ကို ကြည့်နေသည်။ ပြီးတော့ တခစ်ခစ်ရယ်သည်။ ကျွန်တော့်မျက်နှာ ရဲတွတ်သွားသည်ကို ခံစားလိုက်ရမှန်း သိရှိလိုက်၏။

"နေ့ခင်းကျရင် နင့်ဧည့်ခံပွဲကို ငါလာခဲ့မယ်နော်"

မာဂျရီ လှမ်းပြောသည်။ ကျွန်တော်က မျက်နှာထူပူနေရပါ့မလားဟု ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်နေသည်။

"ငါ့ကို လိုက်လျှောတာမျိုးတော့ မလုပ်ပါနဲ့ဟာ။ ငါ့အတွက်ဆိုရင်တော့ နင်လာစရာမလိုပါဘူး"

ကျွန်တော် စော်စော်ကားကား ဖြေလိုက်၏။

သူရယ်ပုံက မထိတထိ၊ သူပြောပုံက ထေ့တေ့တေ့။

"ဘာဖြစ်လို့လဲ ဒင်နီ၊ ဘယ်လိုပြောလိုက်တာလဲ၊ နင် ငါ့ကို မမြင်ရင် နင်စိတ်ကောင်းမှာ မဟုတ်ဘူးဆိုတာ နင်သိပါတယ်လေ။ တစ်ခုရှိတာက နင့်ရဲ့ လူလားမြောက်နေ့ပွဲက ပြန်လာရင် နင်ဟာ ယောကျ်ားရင့်မာကြီး ဖြစ်တော့မယ်လေ။ အဲဒီအခါကျ နင်ဘယ်လို နေထိုင်ပြောဆိုမလဲဆိုတာ ကြည့်ရတာ အားကြီး ရယ်စရာကောင်းမှာပဲ"

ရက်စီက လမ်းမအတိုင်း ဝမ်းမြောက်ဝမ်းသာ ပြေးထွက်သွားသည်။ ကျွန်တော်

အဖြေမပေးဘဲ ခွေးမကလေးနောက်သို့ လိုက်ခဲ့၏။

*

ဝတ်ကျောင်းနံရံများ၏ အမြင့်ပိုင်းတွင် ဖောက်ထားသည့် ပြတင်းပေါက်သေးသေးလေးတွေထဲမှ ဝင်လာသည့် အလင်းရောင်သည် မှုန်ဝါးပြာရီနေ၏။ ကျွန်တော်က စိတ်လှုပ်ရှားစွာဖြင့် ဟိုဟိုသည်သည် လှျောက်ကြည့်သည်။ ကျွန်တော်သည် 'ထိုရာ' သမ္မာဝကျမ်းစာအုပ်တင်ထားသည့် စင်မြင့်ကလေးပေါ်တွင် ရပ်နေ၏။ စင်မြင့်ရှေ့တွင် ဝတ်ပြုခန်းရှိသည်။ စင်မြင့်ပေါ်တွင် ကျွန်တော်နှင့်အတူရပ်နေသည့် အဘိုးအိုသုံးယောက်စလုံး ဝတ်ပြုဦးထုပ်အနက်ကလေးတွေ ဆောင်းထားသည်။ ကျွန်တော့်ဦးထုပ်ကတော့ ပိုးသားအဖြူရောင်။

စင်မြင့်အောက်မှ မျက်နှာတွေက ကျွန်တော့်ကို မျှော်လင့်တကြီး မော့ကြည့်နေကြ၏။ သူတို့အများစုကို ကျွန်တော် မှတ်မိသည်။ ကျွန်တော့် ဆွေမျိုးတွေ၊ မမ၏ မျက်နှာကို ဖျတ်ခနဲ မြင်လိုက်ရ၏။ လေးလေးနက်နက်ဖြစ်နေသော မျက်နှာ၊ ပီတိဖြစ်နေသော မျက်နှာ၊ သူ့မျက်လုံးတွေထဲတွင် ဂုဏ်ယူဝင့်ကြွားသော အလင်းတန်းကလေး ထင်ဟပ်နေ၏။ သူက လှစ်ခနဲ ပြုံးပြတော့ ကျွန်တော်လည်း သူ့ကို ပြန်ပြုံးပြလိုက်၏။

ကျွန်တော်က စင်မြင့်အလယ်သို့ ခပ်ဖြည်းဖြည်းလှျောက်သွားသည်။ ပြီးတော့ 'ထိုရာ' သမ္မာဝကျမ်းစာပေါ်သို့ လက်နှစ်ဖက် တင်လိုက်သည်။ စိတ်လှုပ်ရှားစွာဖြင့် ချောင်းတစ်ချက်ရှင်းသည်။ မေမေနှင့် ဖေဖေတို့က ထင်တစ်လုံးဖြင့် ပြုံးပြီးကြည့်နေကြသည်ကို တွေ့သည်။ ကျွန်တော့်စိတ်တွေ ခဏတာမျှ ကြောင်သွားသည်။ ခေါင်းထဲမှာ ဘာမျှမရှိတော့။ ရင်ထဲမှာ ပူလောင်ချောက်ချားသွားသည်။ လွန်ခဲ့သည့် လပေါင်းများစွာကတည်းက အလွတ်ကျက်ထားသည့် ဝတ်ပြုဆုတောင်းစာတွေကို မေ့လျော့နေပြီ။

ကျွန်တော့် နားထဲတွင် ဆရာတော်ဟားဇော့၏ တီးတိုးလေသံကို ကြားလိုက်ရ၏။

ကျေးဇူးတင် ဝမ်းမြောက်စွာဖြင့် ဆရာတော်ထောက်ပေးလိုက်သည့် ဆုတောင်းစာအစအတိုင်း လိုက်ရွတ်သည်။ ခုတော့ သတိရသွားပြီ။ ကျွန်စကားလုံးတွေသည် လွယ်လွယ်ကူကူ ချောချောမောမော ထွက်လာ၏။ မေမေက သူ့နံဘေးပတ်လည်ရှိ
mgyoe.com

mgyoe.com SAMPLE BOOK
ပရိသတ်ကို ဂုဏ်ယူဝင့်ကြွားစွာ ပြုံးပြနေ၏။

ဝတ်ပြုဆုတောင်းစာ၏ ခံ့ညားထည်ဝါမှုကို ကျွန်တော် စတင်ခံစားလိုက်ရ၏။ ကျွန်တော် ရဟူဒီဘာသာစကားဖြင့် သွက်သွက်လက်လက် ရွတ်ဆိုနေသည့် စကားလုံးများ၏ အဓိပ္ပာယ်ကို သိနားလည်အောင် အာရုံစိုက်ခဲ့လျှင် ကောင်းသားဟု တွေးမိ၏။ တာဝန်သိစိတ်တွေ ရင်ထဲသို့ လေးနက်စွာ ခိုဝင်လာသည်။ မနေ့ကဆို သင်သည် လူလားမမြောက်သေးသည့် ကောင်ကလေးတစ်ယောက်။ သည်နေ့ သင်သည် ယောကျ်ားရင့်မာကြီးဖြစ်လာပြီ။ သည်အခမ်းအနားတွင် ကျွန်တော်သည် ယောကျ်ားရင့်မာကြီးတစ်ယောက်၏ တာဝန်ကို ယူလိုက်ပြီ။ ကျွန်တော်သည် ဂျူးလူမျိုးကောင်းတစ်ယောက် ဖြစ်အောင် အမြဲကျင့်ကြံ အားထုတ်ပါမည်ဟု ကျွန်တော့် ဆွေမျိုးများနှင့် မိတ်ဆွေများရှေ့တွင် ကတိသစ္စာဆိုလိုက်ပြီ။

ယခင်က သည်အကြောင်းကို သိပ်အလေးထား မစဉ်းစားခဲ့။ ကျွန်တော့် ရင်ထဲမှာ အမြစ်တွယ်နေသည်ကတော့ ကျွန်တော် ဂျူးလူမျိုးမဖြစ်ချင်၊ ဘယ်တော့မျှ မဖြစ်ချင်။ ဒါကို ကျွန်တော် သိနေသည်။ သည်အကြောင်း ပထမဦးဆုံးအကြိမ် စဉ်းစားသည့် အချိန်ကို သတိရနေသည်။ ပေါလ်နှင့် သူ့ညီ အက်ဒီတို့က ကျွန်တော့်အား မြေကျင်းကြီးထဲ တွန်းချခဲ့သည့်အချိန်၊ ကျွန်တော် ရက်စီကို စတွေ့ခဲ့သည့်နေ့။

ခုတော့ မြေကျင်းကြီးကို ဖို့ပစ်ပြီး ထိုနေရာတွင် အိမ်တွေ ဆောက်ထားပြီ။ သို့သော် ကျွန့်တော့်အဖြစ်ကို သတိမရဘဲ ထိုနေရာကို ဖြတ်သွားလို့မရ၊ ဘယ်တော့မျှ မရ။ ကျွန်တော့်အနေဖြင့် ဂျူးလူမျိုးကလွဲပြီး တခြားတစ်မျိုးမျိုး မဖြစ်နိုင်ဘူးလားဟု မေမေ့ကို နောက်နေ့တွင် မေးခဲ့တာလည်း မှတ်မိနေသည်။ အဲသည်တုန်းက မေမေ ပေးခဲ့သည့် အဖြေသည် ဘာပဲဖြစ်နေဖြစ်နေ ခုတော့ အရေးမကြီးတော့။ ကျွန်တော်သည် ကျွန်တော့်ကိုယ်ကျွန်တော် ဂျူးတစ်ယောက်အဖြစ် အလေးအမြတ် ခံယူလိုက်ပြီ။

ဝတ်ပြုဆုတောင်းစာ၏ နောက်ဆုံးစာပိုဒ်တွေ ကျွန်တော့် နှုတ်ခမ်းများကို ကျော်ဖြတ်သွားသည်။ ကျွန်တော်က ဝတ်ပြုပွဲလာ ပရိသတ်ကို ငုံ့ကြည့်လိုက်၏။ ရင်ထဲမှာ အောင်နိုင်မှုကို ခံစားလိုက်ရ၏။ မေမေက ငိုနေသည်။ ဖေဖေက လက်ကိုင်ပဝါဖြူ အကြီးကြီးဖြင့် နှပ်ညှစ်နေသည်။ ကျွန်တော် သူတို့ကို ပြုံးပြလိုက်၏။

လှေကားထစ်များပေါ်မှ ပြေးဆင်းခဲ့သည်။ မေမေက ဆီးကြိုပွေ့ဖက်ပြီး နမ်းသည်။ ကျွန်တော့်နာမည်ကို ထပ်ကာ ထပ်ကာ ရေရွတ်နေသည်။ ကျွန်တော့်စိတ်ထဲ
mgyoe.com

ကသိကအောက်ဖြစ်လာသည်။ မေမေ့ ကျွန်တော့်ကို ဖက်ထားရာမှ လွှတ်ပေးစေချင်သည်။ ကျွန်တော်သည် ယောကျ်ားရင့်မာကြီးတစ်ယောက် ဖြစ်ရတော့မည် မဟုတ်လား။ ခုတော့ မေမေက ကျွန်တော့်ကို သူငယ်နှပ်စားကလေးအဆင့်မှာပဲ ရှိနေသေးသလို ဆက်ဆံနေသည်လေ။

ဖေဖေက ကျွန်တော့်ပခုံးကိုပုတ်ကာ "တော်တယ် ဒင်နီ" ဟု ပြောသည်။ သူပြုံးနေ၏။ သူက ဟန်ပါပါဖြင့် စက္ကူခွက်ကလေးထဲသို့ ဝီစကီနည်းနည်းငှဲ့ထည့်သည်။ ပြီးတော့ ကျွန်တော့်ကို ပေးသည်။

"ဟယ်ရီ"

မေမေ့လေသံက ကန့်ကွက်သံ၊ ဖေဖေက မေမေ့ကို ပျော်ရွှင်စွာ ပြုံးပြသည်။

"အဲဒီလို မလုပ်နဲ့လေ မေရီ၊ သားလေးက ခုယောကျ်ားကြီး ဖြစ်သွားပြီလေကွာ"

ကျွန်တော် ခေါင်းညိတ်လိုက်၏။ ဖေဖေမှန်သည်၊ သူ့လက်ထဲမှ ခွက်ကို ယူလိုက်၏။

"အောင်ပါစေ"

ဖေဖေ ဆုတောင်း၏။

"အောင်ပါစေ"

ကျွန်တော် တုံ့ပြန်ဆုတောင်း၏။

ဖေဖေက ခေါင်းမော့ပြီး သူ့ဝီစကီကို လည်ချောင်းထဲ မှောချလိုက်၏။ ကျွန်တော် သူ့လိုလိုက်လုပ်၏။ ဝမ်းဗိုက်ထဲ စီးဝင်သွားသည့် ယမကာသည် မီးစဖြင့် ထိုးလိုက်သလို ပူလောင်သွား၏။ ကျွန်တော် အရက်သီးပြီး ချောင်းဆိုးတော့၏။

"ရှင်လုပ်လိုက်တာ ဘာဖြစ်သွားလဲဆိုတာ တွေ့ရဲ့လား ဟယ်ရီ"

မေမေက အပြစ်တင်သည်။

ကျွန်တော် မျက်ရည်များကြားမှ ဖေဖေ့ကို ကြည့်သည်။ ဖေဖေ ရယ်မောနေ၏။ ကျွန်တော် နောက်တစ်ကျော့ ချောင်းဆိုးပြန်သည်။ မေမေက ကျွန်တော့်ခေါင်းကို ဆွဲယူပြီး သူ့ရင်ခွင်မှာ အပ်ထားလိုက်၏။

*

mgyoe.com

အိမ်ထဲမှာ လူတွေ ပြည့်လျှံနေသည်။ ရက်စီကို ကျွန်တော့်အိပ်ခန်းထဲသွင်းပြီး တံခါးပိတ်ထားလိုက်ရ၏။ လူစုလူဝေးများလာလျှင် ရက်စီက မျက်စိနောက်တတ်သည်။ ကျွန်တော်က ဧည့်ခန်းထဲမှ ပရိသတ်ကို တိုးဝှေ့ဖြတ်ကျော်ပြီး မြေအောက်ခန်း လှေကားဆီသို့သွားသည်။ ကျွန်တော်တို့ ကလေးတွေ ကစားဖို့ မေမေက မြေအောက်ခန်းကို ပြင်ဆင်ပေးထားသည်။

ကျွန်တော့်ဦးလေး ဒေးဗစ်က လှမ်းခေါ်သည်။ သူက အခန်းထောင့်တွင် ရပ်လျက် ဖေဖေနှင့် စကားပြောနေသည်။ ကျွန်တော် သူ့ဆီလျှောက်သွားသည်။

"မင်း လူကြီးဖြစ်လာပြီ ဒင်နီ"

ပြောပြီး ဖေဖေ့ဘက်သို့လှည့်ကာ...

"ဂျိုးလ် ငါ့ကိုကူသလို သူလည်း မင်းကို စတိုးဆိုင်မှာ တစ်ဖက်တစ်လမ်းက ကူညီနိုင်တော့မှာပေါ့"

ဖေဖေက သဘောမတူသည့်သဘောဖြင့် ခေါင်းခါသည်။ ပြီးတော့ ခိုင်မာစွာ ဖြေသည်။

"ငါ ဒင်နီအတွက် စတိုးဆိုင်ဆိုတာ မရှိရဘူး။ ငါ့ဒင်နီက သက်မွေးဝမ်းကျောင်းမှု ပညာရှင်တစ်ယောက် ဖြစ်မှာ၊ ရှေ့နေ၊ ဒါမှမဟုတ် ဆရာဝန်ဖြစ်ဖြစ်ပေါ့။ အခြေအနေတွေကောင်းရင် တစ်နေ့နေ့မှာတော့ ငါ သူ့ဖို့ ရုံးခန်းတစ်ခန်း ဖွင့်ပေးရဦးမယ်"

ကျွန်တော် ဖေဖေ့ကို အံ့အားတသင့် ကြည့်လိုက်၏။ သည်အကြောင်းကို ဖေဖေပြောတာ သည်တစ်ကြိမ်ပဲ ကြားဖူးသေးသည်။ ကျွန်တော် တစ်နေ့တွင် ဘာဖြစ်လာမလဲဆိုတာ သိပ်ထွေထွေထူးထူး မစဉ်းစားခဲ့၊ ဘယ်တုန်းကမျှလည်း အထူးတလည် ဂရုမထားခဲ့။

ဦးလေးဒေးဗစ်၏ မျက်နှာပေါ်တွင် နာလည်သဘောပေါက်သည့် အရိပ်တွေ ထင်ဟပ်လာ၏။ သူက ဖြေးဖြေးသိမ့်သိမ့် ပြောသည်။

"ဒါပေါ့ ဟယ်ရီ ဒါပေါ့။ ဒါပေမဲ့ ခေတ်ကြီးက ဘယ်လိုဆိုတာ မင်းလည်း သိသားပဲ။ မကောင်းဘူးလေ။ ခုပဲ မင်းမှာ ရုန်းရကန်ရတာ ဖတ်ဖတ်မောနေပြီ မဟုတ်လား။ တကယ်လို့ ဂျိုးလ် ငါ့ကိုကူသလို ဒီနွေမှာ စတိုးဆိုင်လုပ်ငန်းထဲ ဒင်နီ ဝင်ကူတော့ ဘာများနစ်နာသွားနိုင်မှာမို့လဲကွာ။ ငါးဒေါ်လာဟာ ငါးဒေါ်လာပဲကွ"

သူက ကျွန်တော့်ကို ကြည့်၏။

mgyoe.com

"နောက်ပြီး ဒင်နီက လူတော်ကလေးပါ။ ဂျိုးလ်က ငါ့ကို ကူသလို သူလည်း မင်းကို ကူညီမှာပေါ့၊ မဟုတ်ဘူးလားကွာ ဒင်နီ"

ကျွန်တော် ခေါင်းညိတ်သည်။ ကျွန်တော့် ညီအစ်ကိုဝမ်းကွဲဖြစ်သူ ဂျိုးလ်သည် ကျွန်တော့်ထက် တော်သည်ဟု ဘယ်သူမျှ အပြောမခံနိုင်။ ကျွန်တော် ခပ်သွက်သွက်ပင် ပြောလိုက်၏။

"ဟုတ်ပါတယ် ဦးလေးဒေးဗစ်"

ဖေဖေ ကျွန်တော့်ကို ကြည့်၏။ သူ့မျက်လုံးတွေထဲမှာ ဝေဒနာ အရိပ်ကလေး တစ်ရိပ်၊ သူ့နှုတ်ခမ်းတွေ မသိမသာကလေး တုန်ယင်နေသည်။ ပြီးမှ ဖြည်းလေးစွာ ဖြင့်...

"ဒီကိစ္စကို တိုင်ပင်ဖို့ အချိန်ရပါသေးတယ် ဒင်နီ။ ကျောင်းပိတ်ရက်က တစ်လ တောင်လိုသေးတာပဲ။ ကဲ... လော့လောဆယ်မှာတော့ သား အောက်ထပ်ကို ပြေးပေ ဦး။ သားကို ကလေးတွေ ရှာနေကြလိမ့်မယ်"

ဖေဖေပေးလိုက်သည့် အကြွေစေ့ကို အိတ်ထဲထည့်ရင်း လှေကားဆီသို့ ထွက်ခဲ့သည်။ ကျွန်တော့်နောက်တွင် ဦးလေးဒေးဗစ်က ထပ်ပြောနေသည်။ ကျွန်တော့်ကို ကူခိုင်းခြင်းသည် စိတ်ကူးကောင်းဖြစ်ကြောင်း၊ ထိုသို့ခိုင်းသဖြင့် ကျွန်တော့်မှာ ဘာမျှ မနစ်နာနိုင်ကြောင်း။

လှေကားပေါ်တွင်ရပ်ပြီး ကစားခန်းထဲ လှမ်းကြည့်လိုက်၏။ မေမေက နံရံတွေပေါ်မှာကော၊ မျက်နှာကြက်မှာပါ ပန်းစက္ကူကြိုးပြားတွေ ဆွဲပေးထားတော့ တစ်ခန်းလုံး ရောင်စုံဖြာပြီး ဧည့်ခံပွဲတစ်ပွဲပုံစံ ပေါက်နေသည်။ သို့သော် ကလေးတွေက တိတ်ဆိတ်ငြိမ်သက်လွန်းနေ၏။ အပေါ်ထပ်မှာတော့ လူကြီးတွေက အော်ကြီးဟစ်ကျယ် စကားပြောနေကြသည်။ တစ်ယောက်နှင့်တစ်ယောက် နောက်တစ်ကြိမ် စကားပြောခွင့် မကြုံတော့မည့်အလား တစ်ချိန်တည်း၊ တစ်ပြိုင်တည်း လုပြီး ပြောနေကြသည်။ တစ်ယောက်၏အသံကို တစ်ယောက်က လွှမ်းအောင် အော်ပြောနေကြသည်။ သူတို့၏အသံတွေသည် အောက်ထပ်မှာပင် တဝေါဝေါမြည်နေ၏။ သည်အောက်ထပ်မှာတော့ ယောကျ်ားလေးတွေက အခန်းတစ်ဖက်ခြမ်းမှာ ထိုင်နေပြီး မိန်းကလေးတွေက အခြားတစ်ဖက်ခြမ်းမှာ ထိုင်နေကြသည်။ သူတို့ အသံတွေက တိုးတိုးတိတ်တိတ်၊ ထိန်းထိန်းသိမ်းသိမ်း၊ အပေါ်ထပ်နှင့် လားလားမျှ မတူ။

ကျွန်တော် ယောကျ်ားလေးတွေ ရှိသည့်ဘက်သို့ လျှောက်သွားတော့ ကျွန်တော့်

mgyoe.com

mgyoe.com SAMPLE BOOK

အစ်ကိုဝမ်းကွဲ ဂျိုးလ်က ရှေ့ထွက်လာပြီး ကြိုသည်။ သူက ကျွန်တော့်ထက် တစ်နှစ်ခွဲလောက်ကြီးသည်။ သူ့မျက်နှာပေါ်မှာ ဝက်ခြံတွေ အများကြီး။ ထိုသို့ ဝက်ခြံပေါက်ရခြင်းအကြောင်း ဓာတ်လမ်းတွေ အများကြီး ကြားဖူးသည်။ ကျွန်တော်လည်း ဝက်ခြံမပေါက်ပါစေနှင့်ဟု ဆုတောင်းမိသည်။

"ဟဲလို ဂျိုးလ်၊ တော်တော်ပျော်နေပြီလား"

ကျွန်တော် အိုးတိုးအမ်းတမ်းမေး၏။ သူက ယဉ်ကျေးမှုသဘောဖြင့် ခေါင်းညိတ်ပြသည်။ မျက်လုံးတွေကတော့ အခန်းတစ်ဖက်ခြမ်းရှိ ကောင်မလေးတွေဆီမှာ။

"အေးကွ"

သူ ခပ်သွက်သွက်ဖြေသည်။ သူဖြေပုံ သိပ်သွက်လွန်းနေသည်။

သူ့အကြည့်နောက်သို့ ကျွန်တော် လိုက်ကြည့်သည်။ သူက မာဂျရီအင်ကို ကြည့်နေခြင်း၊ ကျွန်တော် လှမ်းကြည့်သည်ကို မြင်သွားသည့် မာဂျရီက ကျွန်တော့်အစ်မကို တစ်စုံတစ်ရာ တိုးတိုးကပ်ပြောသည်။ မီမီ တခစ်ခစ် ရယ်နေ၏။ ကျွန်တော် သူ့ထံ လျှောက်သွားသည်။ ဂျိုးလ်က ကျွန်တော့်နံဘေးမှာ။

"ဘာတွေရယ်စရာ ကောင်းနေလဲ"

ရန်လိုစွာ မေးလိုက်၏။ သူတို့ ကျွန်တော့်ကိုကြည့်ပြီး ရယ်နေသည်ဟု ထင်သည်။

မီမီ နှုတ်ဆိတ်စွာ ခေါင်းခါပြီး ရယ်ပြန်သည်။ မာဂျရီက ကလိတိတိပြုံးလျက်...

"နင် အောက်ထပ်ဆင်းလာပြီး ဧည့်ခံပွဲ စိုပြည်အောင် လုပ်အပေးကို တို့များစောင့်နေတာ"

ကျွန်တော်က အပြုံးတစ်ပွင့်ကို အားတင်းပြုံးပြလိုက်ရင်း အခန်းပတ်လည်ကို လှည့်ကြည့်သည်။ ချာတိတ်တွေအားလုံး ကျွန်တော့်ကို တလေးတစား ကြည့်နေကြသည်။ သူပြောတာ မှန်သည်။ ဧည့်ခံပွဲက ခြောက်ကပ်နေသည်။ လူကြီးတွေက ပျော်မြူးနေကြသည်။ သို့သော် လူငယ်တွေက ဘာလုပ်ရမှန်း မသိ။

"ဟေး... တို့တစ်တွေ ဘာဖြစ်လို့ ဒီလောက် ငြိမ်နေကြတာလဲ"

ကျွန်တော် လက်နှစ်ဖက်ဆုပ်ပြီး အပေါ်မြှောက်ကာ အော်လိုက်၏။

"တို့တစ်တွေ တစ်ခုခု ကစားကြရအောင်လေ"

"ဘာကစားနည်း ကစားမှာလဲ"

mgyoe.com

မီမီ၏အသံက စိန်ခေါ်သံ၊ ကျွန်တော် သူ့ကို အူတူတူ ကြည့်လိုက်၏။ ဘယ်လို ကစားကြမည် ဆိုသည်ကို စဉ်းစားမထားမိ။ အခန်းပတ်လည်ကို ကူကယ်ရာမဲ့စွာ လှည့်ပတ်ကြည့်လိုက်သည်။

"စာတိုက် ကစားနည်းနဲ့ စကစားကြရင်ကော"

မာဂျရီ အဆိုပြု၏။ ကျွန်တော် မျက်နှာမဲ့လိုက်၏။ သည်ကစားနည်းမျိုးတော့ မကစားချင်၊ မိန်းမဆန်လွန်းသည်။

"နင်က ဘယ်လိုကစားချင်လို့လဲ၊ လူပုတ်တမ်းလား"

ကျွန်တော့် အမူအရာကိုတွေ့တော့ မာဂျရီက မထီတရီ မေး၏။ ကျွန်တော် ပြန်ပြောဖို့ ဟန်ပြင်ခါရှိသေးသည်။ ဂျိုးလ်က ကျွန်တော့်ရှေ့မှ ကျူးပြီးပြောသည်။ သူက တက်ကြွစွာဖြင့်...

"အဲဒါကောင်းတယ်၊ ငါ ကစားမယ်"

အော့နှလုံးနာသည့် မျက်နှာကို မဖုံးကွယ်နိုင်ဘဲ ကျွန်တော် ဂျိုးလ်ကို လှည့်ကြည့်သည်။ သည်ကောင် ဘာကြောင့် ဝက်ခြံတွေ ပေါက်နေသလဲဆိုတာ ကျွန်တော် သိပြီးသား။ ကောင်မလေးတွေကြောင့်လေ။ ကျွန်တော် သူ့ကို ခံငြင်းဖို့ စိတ်ကူးသေး သည်။ သို့သော် တခြားချာတိတ်တွေကလည်း စာတိုက်ကစားနည်းကို ဝိုင်းဝန်း ထောက်ခံနေကြသည်။

ကြမ်းပြင်ပေါ်တွင် ကျွန်တော်တို့ လခြမ်းပုံစံ ဝိုင်းထိုင်နေကြ၏။ တင်ပျဉ်ခွေ ထိုင်နေသည့် ကျွန်တော်က ကိုယ့်ခြေထောက်ကိုယ် စူပုပ်ပြီး ကြည့်နေမိ၏။ တကယ် တော့ ကျွန်တော်သည် တခြားကစားနည်းတစ်မျိုးကို စဉ်းစားနိုင်ခဲ့ဖို့ ကောင်းသည်။ ကျွန်တော်တို့ စာတိုက်အဖြစ် သတ်မှတ်ထားသည့် အပူပေးမီးဖိုထားသည့် အခန်းလေး ထဲသို့ မာဂျရီကို ဂျိုးလ်က ခေါ်သွားသည်။ မာဂျရီသည် သူ့အလှည့်ရောက်သည်နှင့် ကျွန်တော့်ကို ခေါ်ခိုင်းမှာ သေချာသည်။

ကျွန်တော်ထင်သည့်အတိုင်းပင်၊ အပူပေးမီးဖို အခန်းတံခါး ပွင့်သွားသည်။ ပြီးတော့ ဂျိုးလ်က ကျွန်တော့်ရှေ့မှာ လာရပ်သည်။ သူက သူ့နောက်ရှိ ပိတ်ထား သည့် တံခါးဆီသို့ လက်မထောင်ပြီး ညွှန်ပြသည်။ ကျွန်တော် မတ်တတ်ရပ်လိုက် ၏။ ကျွန်တော့်မျက်နှာ ထူပူနေသည်ကို ကိုယ့်ဘာသာ သိနေသည်။ ကျွန်တော် ဂျိုးလ်အနားမှ ဖြတ်သွားတော့ ဂျိုးလ်က "ဘယ်လိုဟာမလေးလဲ မသိဘူး" ဟု တီးတိုးရေရွတ်လိုက်၏။

mgyoe.com

m g y o e . c o m SAMPLE BOOK


ကျွန်တော် မိမိကို ငုံ့ကြည့်လိုက်၏။ သူက ကျွန်တော့်အား အကဲခတ်သလို ကြည့်နေသည်။ ကျွန်တော့်ပါးတွေ တရှိန်းရှိန်း ပူလောင်သွားပြန်သည်။

အပူပေးမီးဖိုခန်း တံခါးရှေ့ရောက်တော့ ခဏတုံ့ဆိုင်းနေသည်။ ထို့နောက် တံခါးဖွင့်ပြီး အထဲသို့ဝင်လိုက်၏။ ပိတ်ထားသည့် တံခါးချပ်ကို ကျောမှီပြီး မှိန်ပျပျ အလင်းရောင်ကို မျက်စိကျင့်သားရအောင် ကြိုးစားကြည့်၏။ အလင်းရောင်ဝင်ရာ လမ်းမှာ အခန်းထောင့်ရှိ ပြတင်းပေါက် သေးသေးကလေး တစ်ပေါက်ပဲရှိသည်။

"ငါ ဒီမှာဒင်နီ"

မီးဖို၏ တစ်ဖက်ခြမ်းဆီမှ မာဂျရီ၏အသံ ထွက်လာသည်။

ကျွန်တော်က တံခါးလက်ကိုင်ဘုကို ကိုင်ထားဆဲ။ နားထင်နှစ်ဖက်ဆီတွင် သွေးတိုးသံ တဒိုင်းဒိုင်းမြည်နေသည်ကို ခံစားသိရှိရ၏။

"နင်... နင်... ဘာလိုချင်လို့လဲ"

အသံအက်အက်ဖြင့် အထစ်ထစ် အငေါ့ငေါ့ မေးမိ၏။ ကျွန်တော် သူ့ကို ရုတ်တရက်ဆိုသလို ကြောက်သွားသည်။

"နင် ငါ့ကို ဘာလုပ်ဖို့ခေါ်တာလဲ"

"ငါက နင့်ကို ဘာလုပ်ဖို့ ခေါ်တယ်များ ထင်နေလို့လဲ"

သူ တိုးတိုးလေးပြော၏။ သူ့အသံတွင် ကလိတိတိလေသံ ထွက်နေ၏။

"နင် တကယ်ပဲ ကျားကျားလျားလျား ယောကျာ်းတစ်ယောက် ဖြစ်ပြီလား ဆိုတာ သိချင်လို့"

ကျွန်တော် သူ့ကိုမမြင်ရ၊ သူက မီးဖိုကြီးနောက်ကွယ်မှာ ရပ်နေသည်။ ကျွန်တော် တံခါးနားမှမရွေ့၊ ပြီးတော့ ခါးသီးစွာ ပြောလိုက်၏။

"ငါ့ဘာသာငါ အေးအေးဆေးဆေး နေစမ်းပါရစေဟာ"

"ဒီကိစ္စ မြန်မြန်ပြီးသွားစေချင်ရင် နင်ဒီကိုလာခဲ့"

သူ့အသံက တုံးတိတိ၊ တိုးတိုးတိတ်တိတ် ကျိတ်ရယ်လိုက်သံကို ကြားရသည်။

"ငါ နင့်ကို ကိုက်မစားပါဘူး ဒင်နီလေးရယ်"

ကျွန်တော် မီးဖိုကြီးကို ကွေ့ပတ်သွားသည်။ သူက မီးဖိုကို မှီထားသည်။ ပြုံးလျက်၊ ဖျော့တော့ အလင်းရောင်ထဲတွင် သူ့သွားတွေ ဝင်းလက်နေ၏။ သူ့လက်တွေက သူ့နောက်ဘက်မှာ။ ကျွန်တော် စကားမပြော။

mgyoe.com

mgyoe.com SAMPLE BOOK


သူ့မျက်လုံးတွေက ပြုံးရယ်နေသည်။ သူက ကောက်ကာငင်ကာ မေးလိုက်သည်။

"မနက်တုန်းက နင် ငါ့ကို ပြတင်းပေါက်ကနေ ချောင်းနေတယ် မဟုတ်လား"

ကျွန်တော် တောင့်တောင့်ကြီး ရပ်နေမိ၏။

"မကြည့်ပါဘူး"

"နင်လည်း ကြည့်နေတာပါပဲဟယ်။ ငါ နင့်ကိုမြင်ပါတယ်။ မီမီက ပြောတယ်၊ နင်ကြည့်နေတာတဲ့"

ကျွန်တော် သူ့ကို စိုက်ကြည့်နေမိ၏။ သည်ကိစ္စအတွက် မီမီကိုတော့ ပညာပေးရမည်။ ထို့နောက် စိတ်ဆိုးမာန်ဆိုးဖြင့်...

"နင် အဲဒီလောက် သေချာပေါက်သိနေလည်း ဘာကိစ္စနဲ့ ပြတင်းပေါက်ခန်းဆီးတွေ ချမထားးလဲ"

သူက ရှေ့သို့ ခြေတစ်လှမ်းတိုးလာသည်။ ပြီးတော့ ညုတုတုလေသံဖြင့်...

"ချမထားချင်လို့ပေါ့ဟယ်"

ကျွန်တော် သူ့မျက်နှာကို ငုံ့ကြည့်လိုက်၏။ သူ ဘာဆိုလိုမှန်း နားမလည်။

"ဒါပေမဲ့"

ကျွန်တော့် နှုတ်ခမ်းပေါ် ရောက်လာသော သူ့လက်ချောင်းကလေးများက ကျွန်တော့်ကို နှုတ်ဆိတ်သွားစေ၏။ သူ့မျက်နှာပေါ်တွင် အောင့်အည်း မျိုသိပ်ထားရသည့် သွင်ပြင်တွေ ပေါ်နေ၏။

"နင် ငါ့ကို ကြည့်စေချင်လို့ပေါ့"

ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်လျက် တစ်ဖြုတ်မျှ စကားဆိုင်းနေသည်။

"နင်မြင်ရတာကို နင်သဘောမကျဘူးလားဟင်"

ကျွန်တော် ဘာပြောရမှန်းမသိ။

သူ ညင်သာစွာ ရယ်လိုက်၏။ နောက် တိုးညင်းစွာ ပြော၏။

"နင် သဘောကျပါတယ်။ နင်သဘောကျမှန်း ငါသိနေတာပဲ။ နင့်အစ်ကို ဂျိုးလ်ကဆို ငါ့ကို အရမ်းလှတယ်လို့ ပြောတာ။ ဒါတောင် သူ့ခမျာ နင်မြင်ရဲ့ သလောက်ရဲ့ တစ်ဝက်တောင် မြင်ရတာမဟုတ်ဘူး"

သူ ကျွန်တော်နှင့် တော်တော်ကြီး နီးကပ်စွာ ရပ်နေ၏။ သူက ကျွန်တော့်လည်ပင်းကို လက်နှစ်ဖက်ဖြင့် ရစ်သိုင်းကာ ကျွန်တော့်ကို သူ့ဆီသို့ ဆွဲလိုက်၏။

mgyoe.com

mgyoe.com SAMPLE BOOK
ကျွန်တော် အသက်မဲ့စွာ ရွေ့လျားသွား၏။ ကျွန်တော့်နှုတ်ခမ်းများပေါ်ကို သူ့အသက်ရှူထုတ်လိုက်သော လေပြင်းတစ်ချက် တိုးဝှေ့ကျရောက်လာသည်ကို ခံစားရ၏။ ထို့နောက်မှာတော့ သူ့နှုတ်ခမ်းသားများ၊ ကျွန်တော့်မျက်လုံးတွေ မှေးမှိတ်လိုက်၏။ သည်အနမ်းကား ယခင်က ကျွန်တော် သိရှိခံစားခဲ့ဖူးသည့် အနမ်းမျိုးနှင့် လုံးဝမတူ။ မေမေ့အနမ်း၊ မမ၏အနမ်း၊ အခြားသူများ၏အနမ်း၊ ဘယ်အနမ်းနှင့်မျှမတူ။

သူ့မျက်နှာကို ကျွန်တော့်မျက်နှာနှင့် ခွာလိုက်၏။ သူ့ အသက်ရှူသံပြင်းပြင်းသည် ကျွန်တော့် နှုတ်ခမ်းများပေါ်တွင် တိုးဝှေ့နေဆဲ။

"နင့်လက် ငါ့ကိုပေးစမ်း"

သူက ခပ်သွက်သွက်တောင်းဆိုသည်။ အတိုးအတဖြင့် လက်တစ်ဖက်ကမ်းပေးလိုက်၏။ ကျွန်တော့်ခေါင်းတွေ ချာချာလည်နေသည်။ အခန်းတစ်ခန်းလုံး ဝေဝေဝါးဝါးနှင့် အဝေးသို့ လွင့်ပျံနေသည်။ ကျွန်တော့်လက်ချောင်းကလေးတွေကို ရုတ်တရက် ဓာတ်လိုက်သွားသလို တဖြန်းဖြန်း ခံစားလိုက်ရ၏။ အလန့်တကြားဖြင့် လက်ကို ပြန်ရုပ်လိုက်၏။

သူက တိုးညင်းစွာ ရယ်မောသည်။ ကျွန်တော့်ကိုကြည့်သော သူ့မျက်လုံးတွေ အရောင်ထွက်နေသည်။

"ငါနင့်ကိုကြိုက်တယ် ဒင်နီ"

တိုးတိုးပြော၏။ ပြီးတော့ တံခါးပေါက်ဆီသို့ သွားသည်။ ကျွန်တော့်ကို ပြန်လှည့်ကြည့်သည်။ သူ့မျက်နှာပေါ်တွင် ရိုတိုတို ကလိတိတိ အရိပ်တွေ ပြန်ပေါ်လာပြန်၏။

"ခု... ငါ ဘယ်သူ့လွတ်လိုက်ရမလဲ ဒင်နီ၊ နင့်မမကို လွှတ်လိုက်ရမလား"

၀

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း [၃]

ကျွန်တော် ဧည့်ခန်းထဲ ဖြတ်လျှောက်လာသည်။ ရက်စီက ကျွန်တော့်နောက်ပါးမှာ ကပ်လျက်။

"ဒင်နီ... ခဏလောက် လာပါဦးကွာ"

ညောင်စောင်းရှိရာဘက်မှလာသော ဖေဖေ့အသံ၊ ညောင်စောင်းပေါ်တွင် ဖေဖေက မေမေ့ဘေးနားမှာ ထိုင်နေ၏။

မေမေ့ကြည့်ရတာ ပင်ပန်းနေပုံ၊ ဧည့်သည်တွေပြန်သွားပြီးနောက်ပိုင်း မေမေသည် တစ်အိမ်လုံးကို လှည်းကျင်းသန့်ရှင်းနေခဲ့၏။ ခုတော့ တစ်အိမ်လုံး အံ့ဩဖွယ်ရာ တိတ်တိတ်ဆိတ်ဆိတ် ဖြစ်နေသယောင်။

"ပြောပါ ဖေဖေ"

ကျွန်တော် သူတို့နှစ်ယောက်ရှေ့တွင် ရပ်လိုက်၏။

"သားရဲ့ လူလားမြောက်နေ့ပွဲမှာ ပျော်ရဲ့လား ဒင်နီ"

"အရမ်းပျော်ပါတယ် ဖေဖေ၊ ကျေးဇူးပါ"

သူက လက်ကို မဆိုစလောက် ယမ်းပြလျက်။

"ဖေဖေ့ကို ကျေးဇူးမတင်နဲ့၊ မေမေ့ကို ကျေးဇူးတင်။ အလုပ်တွေအကုန်လုံး သူချည်း ကျုံးလုပ်တာ"

ကျွန်တော် မေမေ့ကို ပြုံးပြလိုက်၏။

မေမေက နွမ်းနယ်စွာ ပြုံးကြည့်သည်။ သူထိုင်နေသည့် နံဘေးတစ်နေရာကို လက်နှင့် ပုတ်ပြသည်။ ကျွန်တော် ဝင်ထိုင်သည်။ သူ့လက်တစ်ဖက်ကို ကျွန်တော့်

mgyoe.com

mgyoe.com SAMPLE BOOK

ဆံပင်များထံသို့ ထိုးသွင်းပြီး ဖွနေသည်။

"မေမေ့သား ရွှေသွေးလေး၊ ခုတော့ လူလားမြောက်ပြီပေါ့။ မကြာမီ မိန်းမယူတော့မယ်ပေါ့လေ"

ဖေဖေက ရယ်မောကာ...

"ဒီလောက်ကြီးလည်း မဖြစ်ပါဘူး မေရီရယ်၊ သားက ငယ်ပါသေးတယ်"

မေမေက သူ့ကိုကြည့်လျက်...

"မြန်ပါပြီကောရှင်၊ ကြည့်လေ၊ ၁၃ နှစ်ဆိုတာ ဘယ်လောက် မြန်မြန်ဆန်ဆန်ကုန်သွားသလဲဆိုတာ"

ဖေဖေ တသိမ့်သိမ့်ရယ်သည်။ အိတ်ထဲမှ ဆေးပြင်းလိပ်တစ်လိပ် ထုတ်ယူပြီး မီးညှိသည်။ သူ့မျက်နှာသွင်ပြင်က တစ်စုံတစ်ခုကို လေးလေးနက်နက် တွေးတောနေပုံ။

"ဒီနွေကျရင် ဒင်နီကို စတိုးဆိုင်မှာ ဝင်ကူခိုင်းဖို့ ဒေးဗစ်က အကြံပေးသွားတယ်ကွ"

မေမေ ထိုင်နေရာမှ ရှေ့သို့တိုးလိုက်၏။

"ဒါပေမဲ့ သားက ကလေးပဲရှိသေးတာပဲ ဟယ်ရီရယ်"

ဖေဖေ အသံထွက်ပြီး ရယ်မောလိုက်၏။

"ဒီနေ့ပဲ မိန်းမယူတော့မယ်။ ဒါပေမဲ့ လာမယ့်နွေကျတော့ အလုပ်လုပ်ဖို့ ငယ်လွန်းနေသေးတယ်ပေါ့လေ"

ဖေဖေ ကျွန်တော့်ဘက် လှည့်လျက်...

"သားကော ဘယ်လိုသဘောရသလဲ ဒင်နီ"

"ဖေဖေဖြစ်စေချင်တာကို ကျွန်တော် ဘာမဆိုလုပ်ပါ့မယ် ဖေဖေ"

ဖေဖေ့ကိုကြည့်ပြီး ဖြေလိုက်၏။ သူက ခေါင်းကိုယမ်းခါရင်း...

"ဖေဖေဆိုလိုတာက အဲဒီလိုမဟုတ်ဘူး၊ ဖေဖေမေးတာက သား ဘာလုပ်ချင်သလဲဆိုတာကို မေးတာ။ သား ဘယ်ဘဝမျိုးကို ခံယူချင်သလဲ"

ကျွန်တော် ခဏမျှ စကားဆိုင်းနေ၏၊ ပြီးမှ ဝန်ခံလိုက်သည်။

"ကျွန်တော် တကယ့်ကို မသိဘူးဖေဖေ။ အဲဒီအကြောင်း တစ်ခါမှ မစဉ်းစားခဲ့မိဘူး"

"ဒါဆို ခုစပြီး စဉ်းစားဖို့ အချိန်တန်ပြီဒင်နီ။ သားက လူတော်ကလေး တစ်

mgyoe.com

 mgyoe.com SAMPLE BOOK 

ယောက်ပဲဟာ။ အထက်တန်းကျောင်းမှာ တစ်နှစ်ရှိသွားပြီ။ ဒါပေမဲ့ သားက ၁၃ နှစ်ပဲ ရှိသေးတယ်။ ဒါပေမဲ့ သားဘယ်ကို ဦးတည်ပြီး သွားနေတယ်ဆိုတာ မသိလို့ကတော့ အဲဒီ တော်နေတာတွေ အလကားဖြစ်သွားလိမ့်မယ်။ ပွဲမပါတဲ့ သင်္ဘောတစ်စင်းလိုပေါ့"

"ဒီနွေကျ ကျွန်တော် စတိုးဆိုင်မှာ ဝင်ကူမယ်လေ၊ ပြောရရင်တော့ ဖေဖေ့အတွက် အကူအညီရမယ့်အလုပ်မျိုးကို ကျွန်တော် လုပ်ချင်ပါတယ်။ ခုချိန်မှာ အလုပ်အကိုင်ကလည်း သိပ်မကောင်းလှဘူးဆိုတာ ကျွန်တော် သိပါတယ် ဖေဖေ"

"ကောင်းတာတော့ မကောင်းဘူး၊ ဒါပေမဲ့ သားမလုပ်ချင်တဲ့ အလုပ်တစ်ခုကို လုပ်ခိုင်းရလောက်အောင်တော့ မလိုသေးပါဘူး။ သားရဲ့ မေမေနဲ့ ဖေဖေက သားကို အရမ်းမျှော်လင့်ထားတာ။ သား ကောလိပ်ဆက်တက်ပြီး ဆရာဝန် ဒါမှမဟုတ် ရှေ့နေတစ်ယောက် ဖြစ်လာစေချင်တယ်လေ။ တကယ်လို့ စတိုးဆိုင်မှာ သားဝင်ကူမိရင် ကောလိပ်ကို ဆက်တက်ဖြစ်ချင်မှ တက်ဖြစ်တော့မယ်။ ဖေဖေ့တုန်းက အဲဒီအတိုင်း ဖြစ်ခဲ့တာပေါ့။ ကျောင်းပြီးအောင် ဆက်မတက်ဖြစ်တော့ဘူး၊ သား ဖေဖေ့လိုမဖြစ်စေချင်ဘူးလေ"

ကျွန်တော် သူ့ကိုကြည့်သည်။ ပြီးတော့ မေမေ့ကိုကြည့်သည်။ မေမေက ကျွန်တော့်ကို စောင့်ကြည့်နေ၏။ သူ့မျက်လုံးတွေထဲတွင် ကြေကွဲရိပ်များ၊ ဖေဖေ့တုန်းက ဖြစ်သလိုမျိုး ကျွန်တော်လည်း ဖြစ်လာမှာ သူတို့ စိုးရိမ်နေကြသည်။ သို့ပေမဲ့ စီးပွားရေးအခြေအနေက မကောင်း။ ကျွန်တော့်အကူအညီကို ဖေဖေ လိုအပ်နေတာ အမှန်။ သူတို့နှစ်ဦးကို ပြုံးပြလိုက်၏။

"စတိုးဆိုင်မှာ နွေတစ်နွေဝင်ပြီး အလုပ်လုပ်တာ ဘာမှမပြောပလောက်ပါဘူး။ ဆောင်းဦးရောက်တော့ ကျွန်တော် ကျောင်းပြန်တက်မှာပေါ့"

ဖေဖေက မေမေ့ဘက် လှည့်လိုက်၏။ တစ်ယောက်ကိုတစ်ယောက် အကြာကြီး ကြည့်နေကြသည်။ ထို့နောက် မေမေက ခေါင်းကို သာသာလေးညိတ်ပြသည်။ သည်တော့မှ ဖေဖေက ကျွန်တော့်ဘက်လှည့်ကာ လေးလံစွာပြောသည်။

"ကောင်းပြီလေ ဒင်နီ၊ လောလောဆယ်တော့ ဒီကိစ္စကို ဒီအတိုင်းပဲထားလိုက်ပါဦး၊ ဖေဖေတို့ အခြေအနေ စောင့်ကြည့်ကြတာပေါ့"

*

mgyoe.com

ဘောလုံးကလေးသည် ပိုက်ပေါ်မှကျော်ပြီး ဟိုဘက်သည်ဘက် ပြေးသွားနေ၏။ ကောင်လေးတွေ အော်ဟစ်နေကြ၏။ ကျောင်းအားကစားရုံထဲတွင် ဘော်လီဘောပွဲလေးပွဲ ပြိုင်တူကစားနေသည်။ မျက်စိထောင့်ကပ်ကြည့်လိုက်တော့ ကျွန်တော်တို့ဆီသို့ မစ္စတာဒဂေါ့ကင် လျှောက်လာနေသည်ကို တွေ့ရ၏။ ကျွန်တော့်မျက်လုံးတွေကို ဘောလုံးဆီသို့ ပြန်ရွှေ့လိုက်သည်။ သူ ကျွန်တော့်ကို သဘောကျစေချင်သည်။ သူက ဘောလုံးအသင်းကို နည်းပြသူမဟုတ်လား။

ဘောလုံးက ကျွန်တော့်ဆီ တည့်တည့်မတ်မတ် လွင့်ပျံလာသည်။ ကျွန်တော့်ခေါင်းအထက်ဆီလောက်မှာ၊ သို့သော် ကျွန်တော်က ခုန်ပြီး ဘောလုံးကို ရိုက်ချလိုက်၏။ ဘောလုံးသည် ပိုက်ထိပ်များကိုထိပြီး တစ်ဖက်ကွင်းကြမ်းပေါ်သို့ ကျသွားသည်။ ကျွန်တော် ဘေးဘီကို ဝင့်ကြွားစွာ ကြည့်လိုက်၏။ စိတ်ထဲမှာ ကြွနေသည်။ သည်တစ်မှတ်သည် ကျွန်တော်တို့ဘက်က ရထားသည့် ၁၄ မှတ်အနက် ကျွန်တော်အရယူပေးသည့် ရှစ်မှတ်မြောက် အမှတ်ဖြစ်၏။ သည်အချက်ကို မစ္စတာဂေါ့ကင် သတိမထားမိဘဲ မနေချင်ပါ။

သူက ကျွန်တော့်ဘက်သို့ ကြည့်မနေ။ ဟိုဘက်ကွင်းမှ ကောင်လေးတစ်ယောက်နှင့် စကားပြောနေသည်။ ကစားပွဲ ပြန်စပြီ၊ ဘောလုံးသည် လွင့်ပျံနေပြန်၏။ ကျွန်တော် အလွယ်တကူ ရိုက်ယူနိုင်သည့် ဘောလုံးနှစ်လုံး လွတ်သွားသည်။ သို့သော် ပြန်ဆယ်နိုင်သဖြင့် တော်သေးသည်။ ပြိုင်ဘက်အသင်းဘက်သို့ ဘောလုံး ရောက်သွားသောအခါ ကျွန်တော်က နည်းပြဆရာဘက်သို့ ခိုးကြည့်လိုက်ပြန်၏။

ကျွန်တော့်နောက်နားဆီမှ ပေါလ်၏အော်သံကို ရုတ်တရက်ကြားလိုက်သည်။

"ဒင်နီ မင့်ဘောလုံး"

ကျွန်တော် ချာခနဲ လှည့်လိုက်၏။ ဘောလုံးသည် ပိုက်ပေါ်မှကျော်ပြီး ကျွန်တော့်ဆီ ဖြည်းဖြည်းသက်သာလွင့်ပျံလာသည်။ ကျွန်တော် အသင့်ပြင်ပြီး ခုန်လိုက်၏။ ပိုက်၏ တစ်ဖက်ခြမ်းမှ မည်းမည်းအရိပ်တစ်ရိပ် ကျွန်တော့်ရှေ့တွင် လှစ်ခနဲမြောက်တက်လာပြီး ဘောလုံးကို ကြမ်းပြင်ဆီသို့ ရိုက်ချလိုက်၏။ ကျွန်တော့်လက်တွေ အလိုအလျောက် မြောက်သွားပြီး ကိုယ့်မျက်နှာ ကိုယ်ကာကွယ်လိုက်သည်။ သို့သော် ကျွန်တော် မြန်သင့်သလောက်မမြန်၊ ကျွန်တော် ကြမ်းပေါ်သို့ ကျွမ်းပစ်ကျသွားသည်။

ကျွန်တော် ဒေါသတကြီး ကျိုးထသည်။ ဘောလုံးထိသွားသည့် မျက်နှာ

mgyoe.com

တစ်ခြမ်းမှာ နီရဲပြီး ကျိန်းစပ်နေ၏။ ပိုက်၏ဟိုဘက်ခြမ်းမှ ခပ်မည်းမည်း ငနဲက ပြုံးဖြဲဖြဲ လုပ်ပြီး ကျွန်တော့်ကို ကြည့်နေသည်။

"မင့်ဟာက အသားလွတ်ကြီးကွာ"

သူ့မျက်နှာပေါ်မှ အပြုံးရိပ် ပျောက်သွားသည်။ သူက ပြောင်ချော်ချော်လေသံဖြင့်...

"ဘာဖြစ်တာလဲ ဒင်နီ၊ ဒီပွဲမှာ မင်းတစ်ယောက်ပဲ လူစွမ်းကောင်း လုပ်ရမယ်လို့ ခွင့်ပြုထားလို့လား"

ကျွန်တော် ပိုက်အောက်မှငုံ့ပြီး ထိုငနဲထံ သွားသည်။ သို့သော် လက်တစ်ဖက်က ကျွန်တော့်ပခုံးကို မြဲမြဲမြံမြံ ဆုပ်ကိုင်ပြီး တားထား၏။

"ပွဲကို ဆက်ကစားစမ်း ဖစ်ရှာ၊ ရန်မဖြစ်ကြစမ်းနဲ့"

မစ္စတာဂေါ့ကင် ခပ်အေးအေးပြော၏။

ကျွန်တော် ပိုက်အောက်မှငုံ့ပြီး ကိုယ့်ဘက်ခြမ်းသို့ ပြန်ခဲ့၏။ ကျွန်တော် ခုမှ ပိုပြီး စိတ်ဆိုးလာသည်။ မစ္စတာဂေါ့ကင်သည် ကျွန်တော့် စိတ်တိုကြောင်းလောက်သာ ခေါင်းထဲစွဲသွားတော့မည်။

"အလှည့်ကြုံဦးမှာပေါ့ကွာ"

ကျွန်တော်သည် တိုးတိုးပြောလိုက်၏။ ငနဲသားက နှုတ်ခမ်းကို ခပ်ဝိုင်းဝိုင်းလေးစူပြီး သရော်တော်တော် အမူအရာ လုပ်ပြသည်။

နောက်တစ်ကျော့ ကစားချိန်တွင် ကျွန်တော့် အခွင့်အရေး ကြုံလာသည်။ ဘောလုံးသည် ကျွန်တော့်ခေါင်းပေါ်မှာ လွင့်ပျံလာ၏။ ထိုဘောလုံးကို ရိုက်ဖို့ တစ်ဖက်မှ ကောင်လေး ခုန်လိုက်၏။ ကျွန်တော် သူ့ထက်ဦးအောင် ခုန်သည်။ ဘောလုံးကို လက်နှစ်ဖက်ဖြင့် ရက်ရက်စက်စက် ရိုက်ချသည်။ ဘောလုံးသည် ဟိုငနဲ၏ ပါးစပ်ကို တည့်တည့်မှန်သည်။ ငနဲသား ကြမ်းပေါ်သို့ တလိမ့်ခေါက်ကွေး ကျသွားသည်။ ကျွန်တော် သူ့ကို အသံထွက်ပြီး လှောင်ပစ်လိုက်၏။

သည်ကောင် ကြမ်းပေါ်မှ ကျုံးထသည်။ ပိုက်အောက်မှ ပြေးလာပြီး ကျွန်တော့် ခြေထောက်များကို ကျုံးဖက်သည်။ ကျွန်တော်တို့နှစ်ယောက် ကြမ်းပေါ်တွင် လိမ့်ကာလိမ့်ကာဖြင့် သတ်ပုတ်ကြသည်။ သူ့အသံသည် ဒေါသတကြီး ဖြစ်နေ၏။

"မိန်းမယုတ်ရဲ့သား"

ဂေါ့ကင်က ကျွန်တော်တို့ နှစ်ယောက်အား လူချင်းဆွဲခွဲလိုက်၏။

mgyoe.com

mgyoe.com SAMPLE BOOK

"မင်းတို့ကို ငါပြောတယ်၊ ရန်မဖြစ်ကြပါနဲ့လို့"

ကျွန်တော့်မျက်နှာ စူပုပ်ပြီး ကြမ်းပြင်ကို ကြည့်နေ၏၊ ဘာမျှပြန်မဖြေ။

"ဘယ်သူက အရင်စတာလဲ"

ဂေါ့ကင်အသံ ရှနေသည်။ ကျွန်တော် ဟိုကောင့်ကိုကြည့်၏။ သူက ကျွန်တော့်ကို မာန်ဖီပြီး ပြန်ကြည့်၏။ သို့သော် ကျွန်တော်တို့ နှစ်ယောက်စလုံး အဖြေမပေး။

ကာယလေ့ကျင့်ခန်း သင်တန်းဆရာက အဖြေကို စောင့်မနေ၊ သူက အော့နှလုံး နာသည့်လေသံဖြင့်...

"ပွဲဆက်ကစား၊ ရန်မဖြစ်နဲ့"

ဆရာ တစ်ဖက်သို့ လှည့်သွားသည်။ သူ ကျောခိုင်းလိုက်သည်နှင့် ကျွန်တော်တို့နှစ်ယောက် ပြိုင်တူပင် ရန်ပြုကြတော့၏။ ကျွန်တော်က ဟိုကောင့်ခါးကိုဖက်တော့ နှစ်ယောက်စလုံး ကြမ်းပေါ် လဲကျသွားပြန်သည်။ နောက်ဆုံး မစ္စတာဂေါ့ကင်က ကျွန်တော်တို့ကို လူချင်းခွဲပစ်သည်အထိ။

သူက လက်နှစ်ဖက်ကို ရှေ့ဆန့်ထုတ်ပြီး တစ်ဖက်တစ်ချက်တွင် ကျွန်တော်တို့ နှစ်ယောက်ကို ကိုင်ထားသည်။ သူ့မျက်နှာပေါ်တွင် စိတ်ပျက်သော၊ အကဲခတ်သော သွင်ပြင်တစ်ရပ် ပေါ်နေ၏။

"မင်းတို့ သိပ် သတ်ချင်ပုတ်ချင်တယ်ပေါ့လေ"

ကျွန်တော်တို့ နှစ်ယောက်စလုံး မဖြေ။

"ကဲ... မင်းတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ထိုးချင် ကြိတ်ချင်သပ ဆိုရင် ငါပြောတဲ့နည်းနဲ့ ချကြ"

ကျွန်တော်တို့ကို ကိုင်ထားဆဲမှာပင် သူ၏ လက်ထောက်ဆရာအား လှည့်ပြန်ကြည့်ပြီး လှမ်းပြောသည်။

"လက်ဝှေ့အိတ်တွေ ထုတ်ခဲ့စမ်း"

လက်ထောက်ဆရာ လက်အိတ်တွေနှင့် ရောက်လာသည်။ ဂေါ့ကင်က ကျွန်တော်တို့ကို လက်အိတ်တစ်စုံစီပေးသည်။

"လက်အိတ်တွေစွပ်"

သူက ဝမ်းမြောက်သလိုပြော၏။ ပြီးတော့ ကျွန်တော်တို့ရှိရာသို့ စုဝေးရောက်လာသည့် ကောင်လေးတွေအား...

"တံခါးတွေ သော့ခတ်ထားလိုက်ရင် ကောင်းမယ်ကွ။ ဒီအထဲ တစ်ယောက်

mgyoe.com

ယောက်ဝင်လာပြီး မြင်သွားလို့မဖြစ်ဘူး"

သူတို့ဟာစိတ်တွေ စိတ်လှုပ်ရှားစွာ ရယ်မောကြ၏။ ကျွန်တော်က ကျွန်တော်နှင့် မရင်းနှီးသည့် လက်အိတ်များကို စွပ်နေ၏။ သူတို့ ဘာကြောင့်ရယ်နေကြသည်ကို ကျွန်တော် သိသည်။ မတော်တဆ ကျောင်းအုပ်ကြီး ဝင်လာလျှင် မိုးမီးလောင်လိမ့်မည်။

လက်ဝှေ့အိတ်များသည် ကျွန်တော့်လက်ပေါ်တွင် ကိုးရိုးကားရား ဖြစ်နေသည်။ ကျွန်တော် တစ်ခါမှ သည်လက်အိတ်တွေ မစွပ်ဖူး၊ ပေါလ်က တိတ်ဆိတ်စွာ လက်အိတ်ကြိုးများကို ချည်ပေးသည်။ ကျွန်တော် ဟိုကောင့်ကို လှမ်းကြည့်သည်။ စောစောက အမျက်ဒေါသတွေ ကျွန်တော့်ရင်ထဲမှာ ပျောက်ကွယ်သွားသည်။ သည်ကောင်နှင့် ကျွန်တော်သည် ငြိုးသူရန်ဘက်မဟုတ်။ သူ့နာမည်ကိုပင် ကျွန်တော်မသိ။ ကျွန်တော်တို့နှစ်ယောက် အတူတက်ရသည့် အတန်းဆိုလို့ သည်တစ်တန်းပဲ ရှိသည်။ သူ့ကြည့်ရတာ သူလည်း ကျွန်တော့်လိုပင် ခံစားနေရသယောင်၊ ကျွန်တော် သူ့ဆီသို့ လျှောက်သွားသည်။

"ဒီကိစ္စကြီးကတော့ မဟုတ်သေးဘူးကွ"

ဟိုကောင် ပါးစပ်မဟနိုင်မီ မစ္စတာဂေါ့ကင်က ဝင်ဖြေသည်။

"သွေးကြောင်နေပြီလား ဖစ်ရှာ"

လှောင်မေးမေး၏။ သူ့မျက်လုံးတွေထဲတွင် စိတ်လှုပ်ရှားတက်ကြွမှုများ ထင်နေ၏။

ကျွန်တော့်ပါးတွေ ရဲခနဲ ပူသွားသည်ကို ခံစားရ၏။

"မဟုတ်ဘူး၊ ဒါပေမဲ့..."

"ဒါဆို ဟိုကိုပြန်သွားပြီး ငါပြောတဲ့အတိုင်းလုပ်၊ ထိုးကြစမ်း။ တစ်ယောက်ယောက် လဲကျသွားရင် ငါက ဆက်ထိုးဖို့ အချက်မပေးမချင်း ဆက်မထိုးရဘူး နားလည်လား"

ကျွန်တော် ခေါင်းညိတ်ပြသည်။ ဟိုကောင်က နှုတ်ခမ်းကို လျှာဖြင့် လိမ်းသပ်သည်။ သူလည်း ခေါင်းညိတ်ပြသည်။

ဂေါ့ကင် ကျေနပ်သွားသည်ကို တွေ့ရ၏။

"ကောင်းပြီ ချာတိတ်တို့၊ ထိုးတော့"

တစ်ယောက်ယောက်က ကျွန်တော့်အား ရှေ့သို့ တွန်းထုတ်လိုက်၏။ ကောင်

m.gyoe.com

မည်းကလေးက ကျွန်တော့်ဆီသို့ တိုးလာသည်။ ကျွန်တော် လက်တစ်ဖက်ကို ပင့်တင်ထားသည်။ ကျွန်တော် ကြည့်ဖူးသည့် ရုပ်ရှင်တွေထဲမှ အသတ်အပုတ်သမားများ၏ ဟန်မျိုး၊ ကျွန်တော်က အာရုံစူးစိုက်မှု အကြည့်ဖြင့် သည်ငနဲကို ပတ်ချာလည်လှည့်ပြီး အကွက်ချောင်းနေ၏။ သူကလည်း ကျွန်တော့်လိုပင် သတိကြီးစွာထားပြီး ကျွန်တော့်ကို မျက်ခြည်မပြတ် ကြည့်နေသည်။ တစ်မိနစ်လောက် ကြာသည်ထိ ကျွန်တော်တို့ တစ်ယောက်နှင့်တစ်ယောက် နှစ်ပေအကွာအဝေးထက် ပိုပြီးနီးအောင် မကပ်မိကြ။

"ဟေး… မင်းတို့နှစ်ယောက် ထိုးချင်ကြတယ်လို့ ငါက ထင်ထားတာ"

ဂေါ့ကင်ပြော၏။ ကျွန်တော်က ဆရာ့ကို တစ်ချက်ခိုးကြည့်လိုက်သည်။ သူ့မျက်လုံးတွေ စိတ်လှုပ်ရှားတက်ကြွမှုကြောင့် အရောင်တဝင်းဝင်း တောက်နေဆဲ။

ကျွန်တော့်မျက်လုံးတွေထဲတွင် ဝင်းခနဲ လက်ခနဲ မီးပွင့်သွားသည်။ ဘေးမှ ကောင်လေးတွေ၏ အော်သံ၊ ဟစ်သံကို ကြားလိုက်ရ၏။ နောက်တစ်ကြိမ် မီးပွင့်သွားပြန်သည်။ နောက် ညာဘက်နားတွင် စူးရှနာကျင်သော ဝေဒနာ။ ထို့နောက် ဝေဒနာသည် ကျွန်တော့် ပါးစပ်ပေါ်သို့ ကျရောက်လာသည်။ ကျွန်တော် ခွေကျသွားသည်ကို သိနေ၏။ ခေါင်းထဲမှာ တဝီဝီမြည်နေ၏၊ မူးနောက်နေ၏။ ဝေဒနာတွေ လွင့်စဉ်သွားအောင် ခေါင်းကို ဒေါသတကြီး ခါယမ်းပစ်လိုက်သည်။ ပြီးတော့ မျက်လုံးတွေ ဖွင့်လိုက်သည်။ ကျွန်တော် လေးဖက်ထောက်ကျနေ၏။ မော့ကြည့်လိုက်သည်။

ဟိုကောင်က ကျွန်တော့်ရှေ့မှာ ခုန်နေသည်၊ သူ ရယ်မောနေ၏။

ကျွန်တော် သူ့ကို ကြည့်မနေခိုက်တွင် သည်ခွေးသူခိုး ကျွန်တော့်ကို နှိပ်ထည့်လိုက်သည်။ ကျွန်တော် မတ်တတ်ပြန်ရပ်သည်။ ရင်ထဲမှ ဒေါသတွေ ပွက်ပွက်ဆူလျက်၊ ဂေါ့ကင်က သူ့ပခုံးကို ပုတ်လိုက်သည်ကို မြင်လိုက်ရ၏။ ထို့နောက်မှာတော့ ဟိုကောင်က ကျွန်တော့်အပေါ် လက်သီးမိုးရွာချတော့၏။ ကျွန်တော် ကြံရာမရဖြင့် သူ့ကို အတင်းဝင်လုံးရသည်။ သူ့လက်မောင်းတွေကို ဆွဲပြီး ဖက်ထားရသည်။

လည်ချောင်းတွေ ခြောက်ကပ်နေပြီ။ အသက်ရှူလိုက်တိုင်း လည်ချောင်းတစ်လျှောက် ပူလောင်နေ၏။ ခေါင်းခါလိုက်သည်။ ခေါင်းထဲမှာ တဝီဝီမြည်နေတော့ ဘာဆိုဘာမျှ စဉ်းစားလို့မရ။ ခေါင်းခါလိုက်ပြန်၏။ တဝီဝီသံ ရုတ်တရက် ပျောက်သွားသည်။ အသက်ရှူရတာ လည်ချောင်းထဲတွင် သက်သာလာသည်။ အသက်ရှူရ ပိုလွယ်လာသည်။

မစ္စတာဂေါ့ကင်က ကျွန်တော်တို့နှစ်ယောက်အား လူချင်းခွဲလိုက်သည်ကို သတိ

mgyo.com

ထားမိသည်။ သူ့အသံသည် ကျွန်တော့်နားထဲတွင် ခြောက်ကပ်နေသည်။

"ချာတိတ်တို့ လူချင်းခွဲ"

ခုတော့ ကျွန်တော့်ခြေထောက်တွေ ပြန်ခိုင်လာပြီ။ လက်နှစ်ဖက် မြှင့်တင်ပြီး ဟိုင်နဲ့ ဝင်အလာကို စောင့်နေလိုက်၏။

သည်ကောင် လက်နှစ်ဖက်ကို ယမ်းခါရင်း ကျွန်တော့်ဆီ ပြေးဝင်လာပြီး ထိုးသည်။ ကျွန်တော် ဘေးဘက်သို့ တစ်ချက်ရှောင်လိုက်၏။ သူ အရှိန်လွန်ပြီး ကျွန်တော့်ကို ကျော်ဖြတ်သွားသည်။ ကျွန်တော် တစ်ကိုယ်တည်း ပြုံးမိတော့မလို ဖြစ်သွားသည်။ သည်ကိစ္စက လွယ်ပါသည်။ ပခုံးနှစ်ဖက်ပေါ်တွင် ခေါင်းရှိနေလျှင် ပြီးပြီ။

သည်ကောင် တစ်ပတ်လှည့်သည်။ ကျွန်တော့်ဆီ ပြေးဝင်လာပြန်သည်။ သည်တစ်ချီတော့ သူ့ကို စောင့်ကြိုနေလိုက်၏။ သူ့လက်သီးတွေ အပေါ်ဘက်သို့ မြင့်နေသည်ကို တွေ့ရသည်။ သူ့ဝမ်းဗိုက်ဆီသို့ ကျွန်တော့် ညာလက်သီးကို ပစ်သွင်းလိုက်၏။ သူ့လက်တွေ ပြုတ်ကျလာသည်။ ခါးကိုင်းပြီး သူ့ကိုယ်ခန္ဓာ ခေါက်ချိုးကျလာသည်။ သူ့ဒူးခေါင်းတွေ ညွတ်သွားသည်။ ကျွန်တော် နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်သည်။ မစ္စတာဂေါ့ကင်အား ဘာလုပ်ရမလဲဟူသော အကြည့်ဖြင့် လှမ်းကြည့်လိုက်သည်။

ဆရာက ကျွန်တော့်အား ဟိုကောင်ဆီသို့ ခပ်ကြမ်းကြမ်း တွန်းပို့လိုက်၏။ ကျွန်တော် ဟိုကောင်ကို နှစ်ချက်ဆင့်ထိုးလိုက်သည်။ ဟိုကောင် ခါးပြန်မတ်လာသည်။ သူ့မျက်နှာမှာ မူးနောက်ရီဝေနေသည့်ပုံ။

ခုတော့ ကျွန်တော့်ခြေထောက်နှစ်ဖက်ကို အပြားလိုက်ချပြီး ရပ်နေလိုက်၏။ စိတ်အင်အားတွေ ခန္ဓာကိုယ်ထဲမှ လက်မောင်းများဆီသို့ တိုးဝင်လာသည်ကို ခံစားရ၏။ ညာလက်သီးကို ကြမ်းပြင်လောက်ထိ နှိမ့်ချလိုက်သည်။ ပင့်တင်လိုက်သည့် လက်သီးသည် ဟိုကောင့်မေးစေ့ကို တည့်တည့်ကြီး ထိသည်။ မေးစေ့နှင့် လက်သီးထိအားကြောင့် လက်မောင်းထဲတွင် ကျဉ်ခနဲ ဖြစ်သွားသည်။ သူ တစ်ပတ်လည်သွားသည်။ ပြီးတော့ ကြမ်းပေါ်သို့ မှောက်လျက်လဲကျသွားသည်။

ကျွန်တော် နောက်သို့ ခြေတစ်လှမ်းဆုတ်ပြီး မစ္စတာဂေါ့ကင်ကို ကြည့်လိုက်သည်။ ဆရာမတ်တတ်ရပ်နေသည်။ သူ့ပုံစံက စိတ်ကြွနေသလို ကြမ်းပေါ်မှငနဲကို စိုက်ကြည့်နေသည်။ ဆရာက စိတ်လှုပ်ရှားစွာ နှုတ်ခမ်းကို လျှာဖြင့် သပ်နေ၏။ လက်သီးတွေ ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ ရှပ်အင်္ကျီတစ်ထည်လုံး ချွေးတွေ

mgyoe.com

 ae.com SAMPLE BOOK 

ရွဲလျက်။ လက်ဗေ့ပွဲကို သူကိုယ်တိုင်ဝင်ပြီး ထိုးသတ်ခဲ့ရသည့်အလား။

အားကစားရုံ ဘာစ်ရုံလုံး ရုတ်ခြည်း တိတ်ဆိတ်သွား၏။ ကြမ်းပေါ်တွင် မလှုပ်မယှက်လဲနေသည့် ဟိုင်နေဘက်သို့ လှည့်ကြည့်လိုက်၏။ မစ္စတာဂေါ့ကင်သည် ဟိုင်နေ့ဘေးတွင် ဖြည်းဖြည်းချင်း ဒူးထောက်ထိုင်လိုက်၏။

ဆရာက ဟိုကောင်ကို ပက်လက်ဆွဲလှန်သည်။ မျက်နှာကို လက်ဝါးဖြင့် ဆတ်ဆတ်ကလေး ရိုက်ပေးသည်။ ဆရာ့မျက်နှာ ဖြူရော်နေပြီ။ သူက သူ့လက်ထောက်ကို မော့ကြည့်ပြီး အသံအက်ကြီးဖြင့် ပြောသည်။

"ရှူဆေးသွားယူစမ်း"

ဟိုကောင့်နှာခေါင်းရှေ့တွင် ရှူဆေးပုလင်းကို ဟိုရွှေ့ သည်ရွှေ့ လုပ်ပေးသည်။ ရှူဆေးပုလင်းကိုင်ထားသည့်လက်သည် တဆတ်ဆတ်တုန်နေ၏။

"လုပ်ကွာ ချာတိတ်၊ သတိရတော့ကွာ"

သူ့ကြည့်ရတာ တောင်းပန်တိုးလျှိုးနေပုံမျိုး။ သူ့မျက်နှာတစ်ပြင်လုံး ချွေးတွေ သီးနေ၏။

သူတို့နှစ်ယောက်ကို ကျွန်တော် စိုက်ကြည့်နေ၏။ ဟိုချာတိတ် ဘာကြောင့် ထမလာပါလိမ့်။ ကျွန်တော်က သည်လက်ဗေ့ပွဲတွင် ကျွဲရိုင်းခတ်သလို ဝင်ခတ်ခဲ့မိ၏။ စင်စစ် သူတို့ သည်လိုစီစဉ်တာကို ကျွန်တော် ခွင့်မပြုခဲ့သင့်။

"ကျွန်တော်တို့ ဆရာဝန်ခေါ်ရင် ကောင်းမယ်ထင်တယ်"

လက်ထောက်ဆရာဝန်က မစ္စတာဂေါ့ကင်အား ပူပန်စွာ တိုးတိုးကပ်ပြောသည်။

ဂေါ့ကင်၏အသံက ခပ်တိုးတိုး၊ သို့သော် ကျွန်တော် ခါးကိုင်းလိုက်သဖြင့် သူ့အသံကို ကြားရသည်။

"မင်း ဒီအလုပ်ကို ကြိုက်နေသေးရင် မခေါ်နဲ့"

"ဒါပေမဲ့ ကောင်လေးကြွသွားရင် ဘယ့်နှယ်လုပ်မလဲ"

ဟိုကောင့်မျက်နှာပေါ်တွင် သွေးရောင်ပြန်ပြီး လွှမ်းလာသည်။ သည်တော့ လက်ထောက်ဆရာ၏ မေးခွန်းကို မဖြေဘဲ ပြီးသွားသည်။ ဟိုကောင် ထထိုင်ဖို့ ကြိုးစားသည်။ သို့သော် မစ္စတာဂေါ့ကင်က သူ့ကို ကြမ်းပေါ်မှာပဲ လှဲနေစေသည်။

"အသာလေးလှဲနေ ချာတိတ်ရေ၊ ခဏနေရင် ကောင်းသွားမှာပါ"

ဂေါ့ကင်က ချော့မော့သလိုပြော၏။ ထို့နောက် ကောင်လေးကို လက်နှစ်ဖက်

mgyee.com

ဖြင့် ပွေ့ချီသည်။

"ဒီကိစ္စနဲ့ပတ်သက်လို့ မင်းတို့ကောင်တွေ ပါးစပ်ပိတ်ထားကြ၊ နားလည်လား"

သူ့အသံက ခြိမ်းခြောက်နေသည်။ ကျောင်းသားတွေ တိတ်ဆိတ်စွာ သဘောတူကြသည်။ ဆရာ့မျက်လုံးများက သူတို့ကို ကျော်ဖြတ်ပြီး ကျွန်တော့်ထံ ရောက်လာ၏။

"ဖစ်ရှာ မင်း ငါနဲ့လိုက်ခဲ့၊ ကျန်တဲ့ကောင်တွေ ဆက်ကစားနေကြ"

ကောင်လေးကို ပွေ့ချီလျက် သူ့ရုံးခန်းထဲ ဝင်သွားသည်။ ကျွန်တော် သူ့နောက်မှ လိုက်ဝင်သည်။ ကောင်လေးကို သားရေဖုံး လူနာတင်ခုတင်ပေါ်တွင် တင်လိုက်၏။ ကျွန်တော်က အခန်းတံခါးကို ပိတ်သည်။ ဂေါ့ကင်က ကျွန်တော့်ဘက် စောင်းငဲ့ပြီး...

"ဟိုအံပေါ်က ရေကရားယူခဲ့စမ်း"

နှုတ်ဆိတ်စွာဖြင့် ရေကရားကို ယူပေးလိုက်သည်။ သူက ကောင်လေးမျက်နှာပေါ်သို့ ရေကရားကို မှောက်ချသည်။ ကောင်လေး စူးစူးဝါးဝါးဖြင့် ထထိုင်သည်။

"ဘယ်လိုနေသေးလဲ ချာတိတ်"

ကောင်လေး အားယူပြီးပြုံးသည်။ ကျွန်တော့်ကို ရှက်ကိုးရှက်ကန်းကြည့်သည်။ ပြီးမှ...

"မြင်းအကန်ခံလိုက်ရသလိုပဲ"

ဂေါ့ကင် စိတ်သက်သာရာရသွားပြီး စတင်ရယ်မောသည်။ ထို့နောက် သူ့အကြည့်သည် ကျွန်တော့်အပေါ် ရောက်လာပြီး သူ့အပြုံး ပျောက်ကွယ်သွားသည်။ ပြီးတော့ သူက ဟောက်သည်။

"မင်း လက်ဖဝါးထိုးတတ်တဲ့အကြောင်း မင်း ငါ့ကို ဘာလို့ ပြောမပြခဲ့တာလဲ ဖစ်ရှာ၊ ငါ့စိတ်က..."

"အရင်တုန်းက တစ်ခါမှ လက်အိတ်စွပ်ပြီး မထိုးဖူးဘူး မစ္စတာဂေါ့ကင် တကယ်ပါ"

ကျွန်တော် ကမန်းကတန်းပြော၏။ သူ ကျွန်တော့်ကို တွေဝေစွာကြည့်သည်။ သို့သော် ယုံသွားပုံရသည်။ ဘာကြောင့်ဆို ကောင်လေးဘက်သို့ ပြန်လှည့်သွားသောကြောင့်ပင်။

"ဒီကိစ္စတစ်ခုလုံးကို ငါတို့ မေ့ပစ်လိုက်ကြမယ်ဆိုရင် မင်း ကျေနပ်မလား"

mgyoe.com

ကောင်လေး ကျွန်တော့်ကိုကြည့်ပြီး ပြုံးလိုက်ပြန်၏။ သူ ခေါင်းညိတ်သည်။ ထို့နောက် အားတက်သရောဖြင့်...

"ဒီကိစ္စကို ကျွန်တော် သတိတောင်မရချင်ဘူး ဆရာ"

ဂေါ့ကင် ကျွန်တော့်ကို ခဏမျှပြန်ကြည့်သည်။ ချင့်ချိန်တွက်ဆသည်။ အကြည့်ကို သူ့မျက်လုံးတွေထဲတွင် မြင်နေရ၏။

"ဒါဆို မင်းတို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်၊ ပြီးရင် ဒီအထဲက ထွက်သွားကြတော့"

ကျွန်တော်တို့ လက်ဆွဲနှုတ်ဆက်ပြီး တံခါးပေါက်မှ ထွက်ခဲ့ကြသည်။ ကျွန်တော် တံခါးပြန်အပိတ်တွင် မစ္စတာဂေါ့ကင် စားပွဲအံဆွဲဖွင့်ပြီး တစ်စုံတစ်ခုထုတ်ယူသည်ကို တွေ့ရ၏။ ထိုအရာကို သူ့ပါးစပ်ဆီသို့ မြှောက်ယူလိုက်သည်။

ထိုအချိန်မှာပင် လက်ထောက်ဆရာက ကျွန်တော့် တွန်းဖယ်ပြီး ရုံးခန်းထဲသို့ ဝင်သွားသည်။

"ကျွန်တော့်ကိုလည်း အဲဒါနည်းနည်းပေးစမ်းပါ။ နောင်များတော့ ဒီအဖြစ်မျိုးနဲ့ တစ်မိနစ်တောင် မကြုံချင်ဘူး"

ဂေါ့ကင်၏ အသံသည် ပိတ်ထားသည့်တံခါးကို ထိုးဖောက် ဖွင့်ထွက်လာသည်။

"အဲဒီ ဖစ်ရှာဆိုတဲ့ ချာတိတ်ဟာ တိုက်ခိုက်ရေးသမား ဗီဇပါတဲ့ကောင်ကွ၊ မင်း တွေ့တယ်မဟုတ်လား"

ကျွန်တော် မလုံမလဲ မော့ကြည့်လိုက်၏။ ကျွန်တော့် ရန်သူတော်ဟောင်းက ကျွန်တော့်ကို စောင့်နေသည်။ ကျွန်တော် ယောင်တောင်တောင်ဖြင့် သူ့လက်မောင်းကို ဆွဲကိုင်လိုက်သည်။ ပြီးတော့ ဘော်လီဘောပွဲရှိရာသို့ နှစ်ယောက်အတူ ပြန်လျှောက်လာခဲ့ကြ၏။

၀

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း [၄]

သိပ်ပြီးစိတ်မရှည်ချင်တော့။ ကျွန်တော်က ကျောင်းနောက်ဘက်ရှိ ဘုက်ဖို့ ရိပ်သာလမ်းနှင့် ဘုရားကျောင်းရိပ်သာလမ်းထောင့်တွင် ရပ်ပြီး ပေါလ်ကို စောင့်နေသည်။ လမ်းတစ်ဖက်ခြမ်းရှိ ဆေးဆိုင်ပြတင်းပေါက်တွင် ချိတ်ထားသည့် နာရီက ၃ နာရီနှင့် ၁၅ မိနစ်ကို ညွှန်ပြနေပြီ။ သူ့ကို နောက်ထပ် ၅ မိနစ်စောင့်မည်၊ ထိုအချိန်မှာမှ သူမလာလျှင် ကျွန်တော် တစ်ယောက်တည်း အိမ်ပြန်မည်။

အတွေ့အကြုံသစ်ကြောင့် ကျွန်တော့် ရင်ထဲတွင် တုက်ကြွလှုပ်ရှားနေဆဲ။ သည်နေ့ အားကစားရုံထဲမှ လက်ဝှေ့အကြောင်းသည် တောမီးလောင်သလို တစ်ကျောင်းလုံး သတင်းပျံ့နေ၏။ ကောင်လေးတွေ အားလုံးက ကျွန်တော့်ကို ရိုသေလေးစားမှု အသစ်ဖြင့် ဆက်ဆံကြ၏။ ကောင်မလေးတွေကတော့ ထိန်းထိန်းသိမ်းသိမ်းနှင့် စိတ်ဝင်တစားကြည့်ကြသည်။ လူတွေ အုပ်စုဖွဲ့ပြီး ကျွန်တော့်အကြောင်း ပြောနေသည်ကို အကြိမ်တော်တော်များများ ကြားခဲ့ရသည်။

ကျွန်တော့်ရှေ့ရှိ လမ်းဘေးကားရပ်သည့်နေရာတွင် ဖို့ကားတစ်စီး ထိုးရပ်သည်။ ဟွန်းတီးသည်။ ကျွန်တော် မော့ကြည့်လိုက်၏။

"ဟေး... ဖစ်ရှာ၊ လာပါဦးကွ"

မစ္စတာဂေါ့ကင် ကားထဲမှ ခါးကိုင်းထွက်နေ၏။

ကျွန်တော် သူ့ဆီသို့ ဖြည်းဖြည်းချင်း လျှောက်သွားသည်။ သည်တစ်ချီ ဘာများ လိုချင်ပြန်ပါလိမ့်။

သူက တံခါးဖွင့်ပေးပြီး ဖိတ်ခေါ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK


"တက်ကွာ၊ ငါ မင်းအိမ်ကိုပို့ပေးမယ်"

ကျွန်တော်က ဆေးဆိုင်နာရီကို ခပ်သွက်သွက်ကြည့်သည်။ ပြီးတော့ စိတ်ဆိုးဖြတ်လိုက်သည်။ ပေါလ်တစ်ယောက်တည်း အိမ်ပြန်ပေတော့။ ကားပေါ်သို့ တိတ်ဆိတ်စွာ တက်လိုက်၏။

"ဘယ်လမ်းက သွားရလဲ"

မော်တော်ကားကို မောင်းထွက်ရင်း မစ္စတာဂေါ့ကင်က ဖော်ရွေသောလေသံဖြင့် မေးသည်။

"ကလယ်ရင်ဒန်လမ်းကို သွားရမှာ"

လမ်းဖြတ်အနည်းငယ်ကျော်သည်ထိ တိတ်ဆိတ်စွာ လာခဲ့ကြ၏။ ကျွန်တော် သူ့ကို မျက်နက်ထောင့်ကပ်ပြီး ကြည့်သည်။ ကျွန်တော့်ကိုခေါ်လာတာ အကြောင်းတစ်ခုခုတော့ ရှိရမည်။ သူ ဘယ်တော့ စကားစလာမလဲဟု တွေးနေမိသည်။ သူက ကားကို ရုတ်တရက်ဆိုသလို အရှိန်လျှော့ချသည်။ လမ်းဘေးကားရပ်သည့်နေရာသို့ မောင်းသည်။

ထိုနေရာတွင် မိန်းမငယ်တစ်ယောက် လမ်းလျှောက်သည်။ ဂေါ့ကင်က ကားထဲမှ ခါးကိုင်းထွက်ပြီး အမျိုးသမီးကို လှမ်းအော်သည်။

"ဟေး... စေးလ်"

အမျိုးသမီး လမ်းလျှောက်ရပ်ပြီး ကျွန်တော်တို့ကို လှည့်ကြည့်သည်။ ကျွန်တော် သူ့ကို မှတ်မိလိုက်၏။ မီးစ်ရှင်ဒလာ၊ ပန်းချီနည်းပြဆရာမ၊ ကျောင်းမှာ သူ့အတန်းသည် လူကြိုက်အများဆုံး အတန်းတွေထဲတွင် တစ်တန်းအပါအဝင်။ စာသင်နှစ်တတိယပိုင်းရောက်သည်နှင့် ယောကျ်ားကလေးတွေသည် ပန်းချီသင်တန်းတက်ဖို့ ကောက်ကာငင်ကာ လက်မှတ်ထိုးကြသည်။ ဘာကြောင့် သည်လိုဖြစ်ရသည်ကို ကျောင်းသူတွေ နားမလည်နိုင်ကြ။ သို့သော် ကျွန်တော်ကတော့ နားလည်နိုင်သည်။

ဆရာမမှာ အညိုရင့်ရောင်ဆံပင်၊ မည်းမှောင်သော မျက်လုံးများနှင့် နူးညံ့ညို့မောင်းသော အသားအရေရှိသည်။ သူသည် ပါရီသို့ ပညာသင်သွားရောက်ခဲ့ပြီး ဘယ်တုန်းကမျှ ဘုရာစီယာ မဝတ်ဟု ယောကျ်ားလေးတွေက ပြောသည်။ သူ့အကြောင်း ယောကျ်ားလေးတွေ ပြောပြောနေကြတာ ကျွန်တော် ကြားဖူးနေသည်။

"အို... ဆမ်၊ ရှင်ကိုး"

ပြုံးပြီး ကားဆီသို့ ပြန်လျှောက်လာရင်း ပြောသည်။

mgyoe.com

"တက်လေ စေးလ်၊ အိမ်ကို ပို့ပေးမယ်"

ဂေါ့ကင် ကျွန်တော့်ဘက်လှည့်ပြီး...

"ဒီဘက်ရွှေ့ ချာတိတ်၊ သူထိုင်လို့ရအောင် လုပ်ပေးလိုက်ပါ"

ကျွန်တော် ဂေါ့ကင်ဘက်သို့ တိုးကပ်လိုက်၏။ မီးစ်ရှင်ဒလာက ကျွန်တော့် ခုံအောက်တွင် ဝင်ထိုင်ပြီး ကားတံခါးပိတ်သည်။ ကားရှေ့ခန်းမှာ ကျွန်တော်တို့ သုံးယောက် ထိုင်သာသည် ဆိုရုံမျှပဲကျယ်သည်။ ဆရာမ၏ ပေါင်တံနှင့် ကျွန်တော့် ပေါင်တံ ထိကပ်နေသည်ကို သတိထားမိ၏။ ကျွန်တော် မျက်နက်တွေ ထောင့်ကပ် ပြီး သူ့ကိုခိုးကြည့်သည်။ ကောင်လေးတွေပြောတာ မှန်သည်။ ကျွန်တော် မသက်မသာ ဖြင့် နေရာရွှေ့လိုက်၏။

ဂေါ့ကင်၏အသံသည် ခါတိုင်းထက် ပိုကျယ်နေသည်။

"မင်း... ဘယ်သွားပုန်းနေလဲ ကလေးမရယ်"

"ဟိုနား... ဒီနားမှာပါပဲ"

သူ့အသံက ခပ်တိုးတိုး၊ ကျွန်တော့်ကိုကြည့်ပြီး သူပြေပုံက ဝေ့လည်လည်။

သူ့အကြည့်ကို ဂေါ့ကင် တွေ့သွားသည်။

"မီးစ်ရှင်ဒလာကို သိတယ်မဟုတ်လား ဖစ်ရှာ"

ကျွန်တော် ခေါင်းခါလိုက်သည်။

"ဟင့်အင်း"

"သူက ဒင်နီဖစ်ရှာလေ"

ဆရာမ ကျွန်တော့်ဘက် လှည့်ကြည့်သည်။ မျက်လုံးတွေတွင် စူးစမ်းသိရှိလို ရိပ်များ။

"ဒီနေ့ ကျောင်းမှာ ရန်ဖြစ်တာ မင်းကိုး"

သူပြောပုံက မေးခွန်းတစ်ဝက်၊ မှတ်ချက်တစ်ဝက်။

"အဲဒီအကြောင်း မင်းသိနေပြီလား"

ဂေါ့ကင် အံ့အားသင့်နေပုံရ၏။

"တစ်ကျောင်းလုံး ပျံ့နေတာဆမ်၊ ရှင့်တပည့်ကျော်က ဒီနေ့အဖို့တော့ ကျောင်း မှာ နာမည်အကြီးဆုံး ဖြစ်နေတာရှင့်"

ကျွန်တော် ရင်ကော့ပြီး ပြုံးပြချင်စိတ်ကို မနည်းကြီး မျိုသိပ်ထားလိုက်ရသည်။

"ဒီကျောင်းမှာ ဆိတ်ကွယ်ရာဆိုတာဘာမှမရှိပါကလား။ အဘိုးကြီးသာ သိသွဲ့

ကြားသွားရင်တော့ ကိုယ်ပြုတ်ပြီ"

မီးစ်ရှင်ဒလာက သူ့ကိုကြည့်ကာ...

"ကျွန်မ ရှင့်ကို အမြဲတမ်းပြောပြောနေတာ အဲဒါပဲပေါ့ ဆမ်။ ကျောင်းဆရာတွေဆိုတာ ကိုယ့်ဘဝကိုယ် မပိုင်ဘူးလေ"

ကျွန်တော် သူ့ကို ဖျတ်ခနဲမော့ကြည့်သည်။ သူပြောတာကို နားမလည်။

ကျွန်တော့်အကြည့်ကို သူ တွေ့သွားသည်။ သူ့မျက်နှာ သွေးရောင်လွှမ်းသွား၏။

"ဒီနေ့ ရန်ပွဲကတော့ တကယ့်ကို ပွဲကြီးပွဲကောင်းပဲလို့ ဆရာမ ကြားရတယ်"

ကျွန်တော် မဖြေ။ သူသည် ရန်ပွဲအကြောင်း တကယ်စိတ်မဝင်စားဟု ကျွန်တော် ထင်သည်။

ကျွန်တော့်ကိုယ်စား ဂေါ့ကင်က ဖြေသည်။

"တကယ့်ပွဲကြီးပွဲကောင်းပဲ။ ဖစ်ရှာက ကြမ်းပေါ်က ထလာပြီး နှိပ်ထည့်လိုက်တာ ဟိုချာတိတ် ကျွမ်းပစ်သွားတာပါပဲ။ တစ်ခါမှ အဲဒီ လက်သီးချက်မျိုး မမြင်ဖူးဘူး"

ဆရာမ၏ ညိုမှိုင်းသောမျက်လုံးတွေထဲတွင် အရိပ်တစ်ရိပ် ထင်နေ၏။ ပြီးတော့ ခါးသီးစွာပြောသည်။

"ရှင်ဟာ တစ်ချိန်က ဘဝကို မေ့ကိုမမေ့နိုင်ဘူးနော်၊ ဟုတ်တယ်မဟုတ်လား ဆမ်"

ဂေါ့ကင် မဖြေ။

ဆရာမ ထပ်ပြောသည်။ သူ့လေသံမပြောင်း။

"ကျွန်မကို ဒီနေရာမှာ ချပေးလို့ရတယ်ဆမ်၊ ဒါ ကျွန်မရဲ့ လမ်းထောင့်လေ"

ဂေါ့ကင် တိတ်ဆိတ်စွာ ကားရပ်ပေးသည်။ ဆရာမက ကားထဲမှ ထွက်သည်။ ခြေနင်းခုံပေါ်မှကျော်ပြီး ကားကိုမှီကာ...

"တွေ့ရတာ ဝမ်းသာတယ် ဒင်နီ"

နှစ်လိုစဖွယ် ပြုံးပြသည်။

"နောက်ပြီး နောက်ထပ် ရန်မဖြစ်နဲ့တော့နော်။ သွားမယ် ဆမ်"

တစ်ဖက်သို့လှည့်ပြီး လျှောက်သွားသည်။ ဆရာမက လမ်းလျှောက်ပုံလည်း နိပ်သည်။

ကျွန်တော် ကားယဆရာဘက်သို့ ပြန်လှည့်လိုက်၏။ ဆရာက ဆရာမကို

mgyee.com

တွေ့တွေ့ငေးငေးကြီး လိုက်ကြည့်နေသည်။ နှုတ်ခမ်းများကို တင်းတင်းစေ့ထား၏။ ကားကို ဂီယာထိုးလိုက်၏။

"ချာတိတ်၊ မင်း အချိန်နည်းနည်းရမယ်ဆိုရင် ငါ့အခန်းကို ခဏလိုက်ခဲ့စေချင်တယ်ကွာ၊ မင်းကို ပြစရာကလေးရှိလို့"

"ရပါတယ် မစ္စတာဂေါ့ကင်"

သိချင်စိတ်တွေ ရင်ထဲမှာ အရှိန်ပြင်းလာပြန်သည်။

မိသားစုနှစ်စု နေသာသည့် တိုက်ကလေး တစ်လုံးရှေ့သို့ရောက်သည်။ မြေညီထပ် ဝင်ပေါက်အတိုင်း သူ့နောက်မှ ဝင်လိုက်သွားသည်။ ဂေါ့ကင်က တံခါးတစ်ပေါက်ကို ညွှန်ပြလျက်...

"အထဲဝင် ချာတိတ်၊ ငါ ခုချက်ချင်း ပြန်လာခဲ့မယ်"

သူ အပေါ်ထပ်သို့ ပြေးတက်သွားသည်ကို ကျွန်တော် ကြည့်နေ၏။ နောက် သူပြသည့် အခန်းထဲသို့ ဝင်ခဲ့သည်။ တံခါးဖွင့်နေတုန်းမှာပင် အပေါ်ထပ်မှ အသံသဲ့သဲ့များကို ကြားနေရသည်။ တံခါးဝတွင်ရပ်ပြီး အခန်းကို ပါးစပ်အဟောင်းသား ကြည့်နေမိ၏။ အခန်းကို အားကစားလေ့ကျင့်ခန်းအဖြစ် ပြင်ဆင်ထားသည်။

အားကစားလေ့ကျင့်သည့် အခန်းအနေဖြင့် ကျဉ်းတော့ကျဉ်းသည်။ သို့ပေမဲ့ ပစ္စည်းကိရိယာတွေက စုံလင်လှ၏။ နှစ်တန်းဘား၊ သဲအိတ်၊ မြင်းခုန်ဘား၊ မေးစေ့ဘား၊ အလေးပြားတွေ၊ နံရံနှင့်ကပ်ထားသည့် သားရေဖုံး ညောင်စောင်းကလေးပေါ်တွင်မူ လက်ဝှေ့ထိုးလက်အိတ်တွေ အစုံတော်တော်များများရှိသည်။

အခန်းနံရံများပေါ်တွင် ဓာတ်ပုံတွေ ဟိုတစ်ပုံ သည်တစ်ပုံ အနှံ့လျှောက်ချိတ်ထားသည်။ ဓာတ်ပုံတွေကို ကျွန်တော် လိုက်ကြည့်သည်။ မစ္စတာဂေါ့ကင်၏ပုံတွေ၊ သို့သော် ယခု မစ္စတာဂေါ့ကင်နှင့်မတူ၊ ဓာတ်ပုံထဲမှ မစ္စတာဂေါ့ကင်က အားကစားဝတ်စုံ ဝတ်ထားသည်၊ လက်ဝှေ့အိတ်တွေ စွပ်ထားသည်။ သူ့မျက်နှာက တစ်ဖက်သားကို စားတော့ဝါးတော့မလို မျက်မှောင်ကြုတ်လျက်၊ သူ လက်ဝှေ့ကစားမှန်း ကျွန်တော် မသိခဲ့။

ညောင်စောင်းနားရှိ စားပွဲငယ်ကလေးပေါ်မှ တယ်လီဖုန်း ခေါင်းလောင်းသံမြည်လာသည်။ ကျွန်တော် တယ်လီဖုန်းကိုကြည့်သည်။ ဘာလုပ်ရမှန်းမသိ၊ ထပ်မြည်ပြန်သည်။ ကောက်ကိုင်ပြီး ဖြေရမလား၊ မဖြေရမလား ကျွန်တော် မသိ။ နောက်တစ်ကြိမ် မြည်လာပြန်တော့ စကားပြောခွက်ကို ကောက်ကိုင်လိုက်၏။ ကျွန်တော် ဖြေ

mgyoe.com

မည်အလုပ်တွင် မစ္စတာဂေါ့ကင်၏ ဖြေသံကို ကြားလိုက်ရသည်။ အပေါ်ထပ်မှာ တယ်လီဖုန်းလိုင်းခွဲတစ်ခု ရှိနေရမည်။

ကျွန်တော် နားထောင်နေ၏။ လိုင်းခွဲတပ်ထားသည့် တယ်လီဖုန်းကို ကျွန်တော် တစ်ခါမှ မသုံးဖူး၊ ထို့ကြောင့် ကျွန်တော် ကိုင်ထားသည့် စကားပြောခွက်ကို ပြန်ချလိုက်လျှင် လိုင်းပြတ်သွားမှာ စိုးရိမ်နေသည်။ စကားပြောနေသည်မှာ မိန်းမတစ်ယောက်၏အသံ။

"ဆမ်၊ ရှင်ဟာ ဟိုချာတိတ် ကားပေါ်ပါလာရက်နဲ့ ကျွန်မကို ကားပေါ်ခေါ်တင်တာ တော်တော်မိုက်မဲရာရောက်တာပဲ"

သည်အသံကိုလည်း မှတ်မိလိုက်ပါသည်။ ကျွန်တော် ဆက်ပြီးနားထောင်နေ၏။

ဂေါ့ကင်၏အသံတွင် တောင်းပန်တိုးလျှိုးသံ စွက်နေသည်။

"ဒါပေမဲ့ ကလေးရယ်၊ ကိုယ် အောင့်အည်းမနေနိုင်တော့ဘူးလေ။ ကိုယ် မင်းနဲ့ တွေ့ရမှ ဖြစ်တော့မယ်။ မဟုတ်ရင် ကိုယ်ရူးတော့မယ်နော် သိလား"

မီးစ်ရှင်ဒလာ၏အသံက မာကျောနေသည်။

"ရှင်နဲ့ ကျွန်မနဲ့ ပြတ်ပြီလို့ ကျွန်မ ပြောပြီးပါပြီကော ဆမ်။ နောက်ပြီး ကျွန်မဘက်က တကယ်ပြတ်တာ။ ဘာပဲဖြစ်ဖြစ် ရှင်နဲ့ ဇာတ်လမ်းစမိတာကိုက ကျွန်မ ရူးရာမိုက်ရာ ကျနေပြီးသား။ မတော်တဆ ဂျက်များသိသွားရင် ကျွန်မတို့အားလုံး ဘဝဆုံးကုန်ကြလိမ့်မယ်"

"ကလေးရယ်၊ သူ ဘယ်တော့မှမသိပါဘူး။ သူက သူ့သင်တန်းတွေနဲ့ ဖင်ယားလို့တောင် မကုတ်အားပါဘူး။ ဒီနေ့ ဘာနေ့ဆိုတာတောင် သူသိတာမဟုတ်ဘူး။ မင်း ဘယ်လိုဖြစ်လို့ ဒီမဟာပညာကျော်ခေါင်ကြီးနဲ့ လက်ထပ်ဖြစ်ခဲ့တယ်ဆိုတာ ကိုယ်တော့ မတွေးတတ်လောက်အောင်ပဲ"

"သူက ရှင့်လောက်မရူးမမိုက်ဘူး ဆမ်၊ ဂျက်ရှိဆင်ဟာ တစ်နေ့မှာ ကျောင်းအုပ်ကြီးဖြစ်လာမှာ။ ရှင့်ထက်ပိုပြီး အဆင့်မြင့်သွားမယ့်လူ၊ ရှင်သာ လမ်းဘေးရောက်ပြီး ကလေကလွင့် ဖြစ်သွားမှာ"

ဂေါ့ကင်က ခုမှ သူ့ကိုယ်သူ ပိုပြီး ယုံကြည်စိတ်ချသွားပုံရ၏။

"ဒါပေမဲ့ ကလေးရယ်၊ သူက မင်းကို ဂရုစိုက်ဖော်ရဟာမှ မဟုတ်ဘဲ၊ သူ့မှာ ညကျောင်းတွေကော၊ ဘာတွေညာတွေကောနဲ့ ရှုပ်နေတာဆိုတော့ မင်းလို မိန်းမပီသ

mgyoe.com

တဲ့ မိန်းကလေးတစ်ယောက်ကို စိတ်ချမ်းသာအောင်ထားဖို့ သူ့မှာ အချိန်မရဘူးလေ"

"ဆမ်..."

သူ့ကန့်ကွက်သံက အားပျော့နေသည်။ ဂေါ့ကင်၏အသံသည် တယ်လီဖုန်းထဲတွင် အင်ပြည့်အားပြည့် ဖြစ်နေသည်။

"ကိုယ်တို့ နောက်ဆုံးတစ်ကြိမ် တွေ့ကြတုန်းက မင်းဘာပြောခဲ့လဲ၊ မှတ်မိသေးရဲ့လား စေးလ်၊ ကိုယ်တို့ချင်းကျတော့ ဘယ်လိုနေလဲ။ ဒီလိုမျိုး တစ်ခါမှမကြုံဖူးဘူး မဟုတ်လား။ သတိရရဲ့လား၊ မင်းပဲ အဲဒီစကားကို ပြောခဲ့တာလေ။ ကိုယ်ကတော့ သတိရတယ်။ လာခဲ့ပါ ကလေးရယ်၊ ကိုယ် မင်းနဲ့တွေ့ချင်တယ်"

"မဖြစ်ပါဘူး ဆမ်ရယ်၊ ကျွန်မ ပြောပြီးပါပြီကော"

"မင်းဘာပြောပြော ကိုယ် ဂရုမစိုက်ဘူး စေးလ်၊ လာသာလာခဲ့။ ကိုယ် အောက်ထပ်တံခါးဖွင့်ထားမယ်။ မင်း အသာလေး လှစ်ခနဲဝင်လိုက်ရုံပဲ"

ခဏမျှ ဆိုင်းနေသည်။ ထို့နောက် စကားပြောခွက်ထဲမှ သူ့အသံသည် လေးလံနေ၏။

"ရှင်... ကျွန်မကို ချစ်ရဲ့လား ဆမ်"

"အရူးအမူးပဲ ကလေးရေ၊ အရူးတစ်ယောက်လိုပါပဲ။ မင်း လာမှာလားဟင်"

ဂေါ့ကင်၏အသံသည် ခပ်ကြမ်းကြမ်းနှင့် တယုတယ ဖြစ်နေသည်။

တစ်ဖက်မှ ဆုတ်ဆိုင်းဆိုင်း ဖြစ်နေသည်။ ထို့နောက် ဆရာမ၏အသံ နူးညံ့စွာ ပေါ်လာသည်။

"နာရီဝက်အတွင်း အရောက်လာခဲ့မယ် ဆမ်"

"ကိုယ်စောင့်နေမယ်နော်"

ဂေါ့ကင်၏အသံက ပြုံးရယ်နေသည့် လေသံမျိုး။

"ချစ်တယ် ဆမ်"

ဆရာမပြောသံကို ကြားရသည်။ ထို့နောက် 'ကလစ်' ခနဲ မြည်သံနှင့်အတူ လိုင်းပြတ်သွားသည်။ သူတို့ တယ်လီဖုန်းချလိုက်ကြပြီ။ ကျွန်တော်လည်း စကားပြောခွက်ကို ပြန်ချိတ်လိုက်၏။ အပြင်ဘက်လှေကားဆီမှ ခြေသံများကြားရသည်။ ကျွန်တော်က နံရံပေါ်မှ ဓာတ်ပုံတွေဆီသို့ မျက်နှာမူလိုက်၏။

ကျွန်တော့်ကျောဘက်မှ တံခါးပွင့်သွားတော့ လှည့်ကြည့်လိုက်သည်။

"မစ္စတာဂေါ့ကင်၊ ဆရာ လက်ဖွေ့သမားမှန်း ကျွန်တော် မသိဘူး"

သူ့မျက်နှာမှာ သွေးရောင်လျှမ်းနေသည်။ သူက တယ်လီဖုန်းကို ဖျတ်ခနဲ လှမ်းကြည့်သည်။ ပြီးတော့ ကျွန်တော့်ကို ပြန်ကြည့်သည်။

"အေး... ငါ့အခန်းနဲ့ ငါ့ပစ္စည်းတွေ မင်းကိုပြချင်လို့။ တကယ်လို့ မင်း စိတ်ဝင်စားရင် ငါ မင်းကို နည်းနည်းပါးပါး သင်ပေးမယ်လေ၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မင်းဟာ လက်ဖွေ့သမား အကျော်အမော်တစ်ယောက် ဖြစ်လာလိမ့်မယ်လို့ ငါထင်နေတယ် ချာတိတ်ရ"

"ကောင်းတာပေါ့ မစ္စတာဂေါ့ကင်၊ ကျွန်တော် ကြိုက်တယ်၊ ဆရာ ခုပဲစသင်မလား"

"သင်တော့သင်ချင်တယ် ချာတိတ်ရာ၊ ဒါပေမဲ့ မမျှော်လင့်တဲ့ အလုပ်ကိစ္စတစ်ခု ခုလေးပဲ ပေါ်လာလို့ မသင်နိုင်တော့ဘူး။ တို့ ဘယ်တော့စသင်နိုင်မလဲဆိုတာ မနက်ဖြန် အခန်းထဲမှာတွေ့တော့ ပြောမယ်လေ"

"အား ကောင်းပါပြီ မစ္စတာဂေါ့ကင်"

ကျွန်တော် မကျေမနပ်ပြောသည်။ သူက ကျွန်တော့်ပခုံးပေါ် လက်တစ်ဖက်တင်ပြီး ကျွန်တော့်ကို တံခါးပေါက်ဘက်သို့ လှည့်ပေးသည်။

"စိတ်မကောင်းပါဘူး ချာတိတ်ရာ၊ ဒါပေမဲ့ ခုဟာက အလုပ်ကိစ္စကွ၊ သဘောပေါက်ရဲ့လား"

တံခါးဝရောက်တော့ သူ့ကိုလှည့်ပြီး ပြုံးပြလိုက်၏။

"ဟုတ်ကဲ့ပါ မစ္စတာဂေါ့ကင်၊ ကျွန်တော် သဘောပေါက်ပါတယ်။ မနက်ဖြန်မှ စတာကောင်းပါတယ်"

"အေး... မနက်ဖြန်ကွာ ချာတိတ်"

မစ္စတာဂေါ့ကင် တံခါးကို ခပ်သွက်သွက် ပိတ်လိုက်၏။

ကျွန်တော် လမ်းတစ်ဖက်ခြမ်းသို့ ခပ်သုတ်သုတ်ကူးသည်။ ပြီးတော့ ကားဝင်လမ်းတစ်လမ်းထဲ ဝင်ပုန်းနေလိုက်၏။ မစ္စတာဂေါ့ကင်၏ အိမ်တံခါးကို မြင်နိုင်သည့် နေရာမှာထိုင်သည်၊ စောင့်နေသည်။ ၁၅ မိနစ်လောက်ကြာတော့ လမ်းပေါ်မှာ ဆရာမ လျှောက်လာသည်ကို တွေ့ရ၏။

သူက ခပ်သုတ်သုတ်လျှောက်နေသည်။ ဂေါ့ကင်၏ အိမ်တံခါးဝရောက်သည် အထိ ဘေးဘီကိုမကြည့်။ ထို့နောက် လမ်း၏ အထက်ဘက် အောက်ဘက်ကို ကြည့်သည်။ ပြီးတော့ တံခါးပေါက်ထဲသို့ လှစ်ခနဲဝင်သည်၊ တံခါးပြန်ပိတ်သည်။

mgyoe.com

gyoe.com SAMPLE BOOK

ကျွန်တော် မိနစ်အနည်းငယ်မျှ ဆက်ပြီးထိုင်နေသည်။ ပြီးမှ ထိုင်ရာမှထသည်။ သူ့အလုပ်ကိစ္စအကြောင်း ကျွန်တော် ဘယ်လောက်ထိ သဘောပေါက်နေကြောင်း သိရလျှင် မစ္စတာဂေါ့ကင် အံ့အားထသင့် ဖြစ်ပေလိမ့်မည်။

သည်နေ့ကား ဘယ်လိုနေ့မျိုးပါလိမ့်။

ပထမ ကျောင်းမှာ ရန်ပွဲ၊ ခု သည်ကိစ္စ။

နောက်ပြီး မီးစိရှင်ဒလာက သချ်ာဋ္ဌာနမှ မစ္စတာရိုဆင်၏ဇနီး။

စွမ်းအားသစ်တွေ ကျွန်တော့်ရင်ထဲမှာ ကြွတက်နေ၏။ ကျွန်တော့်ပါးစပ်မှ စကားတစ်ခွန်း ဟလိုက်သည်နှင့် သူတို့အားလုံး လူအများ၏ဂုဏ်တွေးခွက်ထဲ ပက်လက် မျောပြီ။

ကျွန်တော် လျှောက်နေသည့် လမ်းကြောင်းပေါ်တွင် မီးသတ်ရေတိုင်တစ်ခု ရှိနေသည်။ ကျွန်တော် ပေါ့ပါးလွယ်ကူစွာပင် ရေတိုင်ကို ဖားခုန်ခုန်ပြီး ကျော်လိုက်၏။

ပေါလ်ရေ ဒီနေ့ မင်းနောက်ကျတာ ကျေးဇူးတင်တယ်ကွာ။

၀

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၅)

ကျွန်တော့်လက်မောင်းတွေ လက်အံသေနေပြီ။ ချေးတွေ နဖူးပေါ်မှစီးကျပြီး မျက်စိထဲဝင်ကုန်သည်။ မျက်စိတွေ ကျိန်းစပ်နေ၏။ ချေးတွေကို လက်ဖျံအိတ်လက်ခုံဖြင့် သုတ်ပစ်သည်။ ပြီးတော့ ဆရာကို မျက်နှာချင်းဆိုင်လိုက်သည်။

သူ့အသံမာမာကြမ်းကြမ်းဖြစ်နေသည်။ သူလည်း ချေးတွေရွှဲနစ်လျက်...

"ဘယ်ဘက်လက်သီးကို ပင့်တင်ထား ဒင်နီ၊ နောက်ပြီး ထိုး၊ ဆက်ထိုး၊ ဘဲလေးကချေသည်လို လက်ကိုမလွှဲနဲ့။ ပခုံးကနေ အားယူပြီး ဆက်ထိုး၊ မြန်မြန်၊ ဒီမှာကြည့် ဒီလို"

သဲအိတ်ဘက်သို့လှည့်ပြီး ဘယ်ထောက်လက်သီးများ ထိုးပြသည်။ သူ့လက်လှုပ်ရှားမှုမှာ လျင်မြန်လွန်းသဖြင့် ခပ်ဝါးဝါးအရိပ်တွေပဲ မြင်ရသည်။ သဲအိတ်ကြီးသာ နောက်ခံပြားကို တဖုန်းဖုန်း သွားထိနေသည်။ သူက ကျွန်တော့်ဘက်လှည့်လာပြီး...

"ကဲ... ငါ့ကို ထောက်လက်သီးထိုးစမ်း၊ မြန်မြန်ထိုး"

ကျွန်တော့်လက်တွေ ပြန်မြှောက်တင်ပြီး သူ့ကို လှည့်ပတ်ချောင်းသည်။ လေ့ကျင့်သင်တန်းစခဲ့တာ ခုဆို သီတင်းပတ်နှစ်ပတ်ရှိပြီ။ ခုတော့ သူနှင့် လေ့ကျင့်လျှင် သတိကြီးစွာ ထားရမည်ဆိုသည်ကို ကောင်းကောင်းသင်ခန်းစာရနေပြီ။ သူက ခပ်ကြမ်းကြမ်းသင်တတ်သည့်ဆရာ။ ထို့ကြောင့် ကျွန်တော် တစ်ချက်မှားသည်နှင့် တစ်ချက်ခံလိုက်ရသည်ချည်း။ ထုံးစံအားဖြင့် မေးရိုးကိုတော့ တစ်ချက်အပုတ်ခံရတတ်သည်။

mgyoe.com

သူက လှည့်ပတ်ပြီး ကျွန်တော့်ကိုရင်ဆိုင်သည်။ လက်အိတ်တွေ မဆိုစလောက် လှုပ်ရှားနေသည်။ ကျွန်တော် ညာလက်သီးဖြင့် စွယ်ယောင်ပြလိုက်သည်။ ကျွန်တော့် ညာလက်သီးနောက်သို့ သူ့မျက်လုံးတွေ လှစ်ခနဲလိုက်သွားသည်ကို မြင်လိုက်ရ၏။ ကျွန်တော်က သူသင်ထားသည့်အတိုင်း ဘယ်ထောက်လက်သီးကို သူ့မျက်နှာဆီသို့ ဆတ်ခနဲ ဆန့်ထုတ်လိုက်၏။

လက်သီးချက်နှင့်အတူ သူ့ခေါင်းသည် နောက်သို့လန်သွားသည်။ ရှေ့သို့ ပြန်ရောက်လာချိန်တွင် သူ့ပါးရိုးပေါ်တွင် အနီရောင်အကွက်ကြီး ထင်နေသည်။ သူ ခါးမတ်ပြီး၊ လက်တွေ အောက်ချလိုက်၏။

"ကောင်းပြီ ချာတိတ်၊ ဒီနေ့အဖို့ တော်လောက်ပြီ၊ မင်းက အတတ်မြန်တဲ့ ကောင်ပဲ"

ကျွန်တော် ကျေးဇူးတင်ဝမ်းမြောက်စွာဖြင့် သက်ပြင်းမှုတ်ထုတ်လိုက်၏။ ပင်ပန်းနေပြီ၊ လက်အိတ်ကြိုးများကို သွားဖြင့်ကိုက်ပြီးဖြေသည်။

"နောက်တစ်ပတ်ဆို ကျောင်းပိတ်ပြီ ဒင်နီ"

မစ္စတာဂေါ့ကင် တွေးတွေးဆဆဖြင့် ကျွန်တော့်ကို ကြည့်နေသည်။

ကျွန်တော် လက်အိတ်တစ်ဖက်ကို ချွတ်လိုက်သည်။

"ကျွန်တော် သိတယ်"

"နွေရာသီ အနားယူစခန်းကို သွားမှာလား"

"ဟင့်အင်း၊ ကျွန်တော့်ဖေဖေ့ရဲ့ စတိုးဆိုင်မှာ ဝင်ကူမလို့"

"နွေကျရင် ကက်စကေးက ဟိုတယ်တစ်ခုမှာ အားကစား ညွှန်ကြားရေးမှူး အလုပ် ရထားတယ်ကွ၊ မင်းလုပ်ချင်တယ်ဆိုရင် ခရီးသည်ကြိုဆိုရေးအဖွဲ့မှာ အကူအလုပ်သမား တစ်နေရာတော့ရအောင် ငါလုပ်ပေးနိုင်တယ်။ ဒီလေ့ကျင့်ခန်း သင်တန်းကို မင်း အဆက်မပြတ်သွားစေချင်လို့"

"ကျွန်တော်လည်း အဆက်မပြတ်ချင်ဘူး မစ္စတာဂေါ့ကင်၊ ဒါပေမဲ့ ဖေဖေက ခွင့်ပြုမလား၊ ခွင့်မပြုဘူးလားဆိုတာ မပြောတတ်ဘူး"

လက်အိတ်တွေကို ငုံ့ကြည့်ရင်း တုံ့ဆိုင်းစွာ ပြောလိုက်၏။

သူ ကွပ်ပျစ်ပေါ်တွင် ထိုင်သည်။ သူ့မျက်လုံးတွေ ကျွန်တော့် တစ်ကိုယ်လုံး ကို လွှမ်းခြုံကြည့်သည်။

"မင်း အသက်ဘယ်နှနှစ်ရှိပြီလဲ ဒင်နီ"

mgyoe.com

“၁၃ နှစ်၊ လူလားမြောက်နေ့ပွဲကို ဒီလထဲမှာပဲ လုပ်ခဲ့တယ်”

သူ အံ့အားသင့်သွားပုံရ၏။ ထို့နောက် စိတ်တိုင်းမကျသည့် လေသံဖြင့်...

“ဒီလောက်ပဲရှိသေးလား၊ ငါက မင်း ဒီထက်ကြီးမယ်ထင်ထားတာ။ မင်းကြည့်ရတာ ပိုကြီးသလိုပဲ၊ မင်းက ၁၅ နှစ် သား ချာတိတ်အားလုံးနီးပါးထက် ပိုကြီးထွားနေတာကလား”

“ဘာပဲဖြစ်ဖြစ် ကျွန်တော် ဖေဖေ့ကို မေးပါဦးမယ်၊ သူက ကျွန်တော့်ကို ဆရာနဲ့ လိုက်ခွင့်ပြုချင်ပြုမှာပါ”

ဂေါ့ကင်ပြုံးသည်။

“အေးကွာ ချာတိတ်၊ မေးကြည့်ပေါ့။ သူ ခွင့်ပြုကောင်း ပြုမှာပါ”

*

စားပွဲခုံအောက်ရှိ ရက်စီကို အသားတစ်ဖဲ့ ချကျွေးသည်။ ပြီးတော့ ဖေဖေ့ကို လှမ်းကြည့်သည်။ သူ့ကြည့်ရတာ စိတ်ကြည်သာနေပုံရသည်။

“ဖေဖေ”

ခပ်တွန့်တွန့် ခေါ်လိုက်၏။ သူ ကျွန်တော့်ကိုကြည့်ကာ...

“ဆို...”

“ကျွန်တော့် ကာယသင်တန်းဆရာက ကျေးလက်ဟိုတယ်တစ်ခုမှာ အလုပ်ရတယ်။ တကယ်လို့ ကျွန်တော် လုပ်ချင်ရင် ကျွန်တော့်ကိုလည်း အကူအလုပ်သမားတစ်နေရာရအောင် လုပ်ပေးမယ်တဲ့”

ကျွန်တော် သူ့ကို အကဲခတ်ကြည့်နေခိုက် သူက လက်ဖက်ရည်ပန်းကန်ကို ဆက်ပြီးမွှေနေသည်။

“ဒီကိစ္စ သားမေမေကို ပြောပြီးပြီလား”

ထိုအခိုက်မှာပင် မေမေက စားဖိုဆောင်ထဲမှ ထွက်လာသည်။ မေမေက ကျွန်တော့်ကိုကြည့်လျက်...

“မေမေ့ကို ဘာပြောပြီးတာလဲ”

ဖေဖေ့ကိုပြောပြသည့်အတိုင်း ပြန်ပြောပြလိုက်၏။

“ဒီတော့ သားက သူ့ကိုဘာပြောလိုက်လဲ”

“ဖေဖေ့ကို စတိုးဆိုင်မှာ ကူရမယ်လို့ ပြောလိုက်တယ်။ ဒါပေမဲ့ သူက မေး

mgyoe.com

ကြည့်ပါဦးလို့ ပြောတယ် မေမေရဲ့"

သူက ဖေဖေ့ကို ခဏကြည့်နေ၏။ ပြီးမှ ကျွန်တော့်ဘက်လှည့်ကာ ယတိပြတ် ပြောသည်။

"သား သွားလို့မဖြစ်ဘူး"

စားပွဲပေါ်မှ ပန်းကန်အချို့ကို သိမ်းပြီး စားဖိုဆောင်ဘက်သို့ ထွက်သွားသည်။

မေမေ့အဖြေက ကျွန်တော် မျှော်လင့်ထားသည့်အတိုင်း ဖြစ်သည့်တိုင် ကျွန်တော် မကျေမနပ်ဖြစ်သွားသည်။ ကျွန်တော် စားပွဲခုံကို ငုံ့ကြည့်နေ၏။

ဖေဖေက မေမေ့ကိုပြန်ခေါ်ကာ နူးညံ့စွာ ပြောသည်။

"ဇမရီ ဒီလောက်ဆိုးတဲ့ စိတ်ကူးကြီး မဟုတ်ပါဘူးကွာ"

မေမေက ဖေဖေ့ဘက် မျက်နှာမူလိုက်ကာ...

"ဒီနွေကျရင် သားဟာ စတိုးဆိုင်ကိုသွားရမယ်လို့ ဆုံးဖြတ်ပြီးသား။ ဒီတော့ သားသွားရမှာ အဲဒီကိုပဲ။ ကျွန်မ သူ့ကို နွေတစ်နွေလုံး တစ်ရပ်တစ်ကျေးမှာ သူ့ချည်း သွားနေခွင့်မပေးနိုင်ဘူး။ သူဟာ ကလေးပဲရှိသေးတာ"

ဖေဖေက လက်ဖက်ရည်ကို ဖြည်းဖြည်းချင်း စုပ်ယူနေ၏။

"စတိုးဆိုင်မှာတောင် ဝင်ကူနိုင်တဲ့အရွယ် ရောက်နေမှတော့ ပိစိ ကလေးလေး မဟုတ်တော့ပါဘူးကွာ။ ပတ်ဝန်းကျင်အကြောင်း မင်းလည်း သိသားနဲ့။ ပြောသာပြော ရတယ်။ ကျေးလက်ဒေသမှာ နေသားကျရတာ သားအတွက် ကောင်းမယ်ကွ"

ဖေဖေ ကျွန်တော့်ဘက် ပြန်လှည့်ကာ...

"ဟိုတယ်က အကောင်းစားဟုတ်တယ်လား"

"မသိဘူးဖေဖေ၊ ကျွန်တော် သူ့ကို မမေးမိဘူး"

"ဖေဖေသိရအောင် အချက်လက်တွေအားလုံး မေးလာခဲ့ ဒင်နီ၊ အဲဒီအခါကျမှ သားရဲ့မေမေနဲ့ ဖေဖေတို့ အဆုံးအဖြတ်ပေးမယ်လေ"

*

အိမ်ထဲမှ သူတို့ထွက်လာချိန်တွင် ကျွန်တော်သည် အိမ်ရှေ့လှေကားခုံပေါ်တွင် ထိုင်နေသည်။ ဖေဖေက ကျွန်တော့်ရှေ့တွင်ရပ်ကာ...

"ဖေဖေတို့ မစ္စတာကွန်လွန်းတို့ လင်မယားနဲ့ ယူတီတံကို သွားပြီး ရုပ်ရှင်ကြည့်ကြမလို့။ ဒီတော့ သားက ၉ နာရီမှာ အိပ်ရာဝင်ဖို့ မမေ့နဲ့နော်"

mgyoe.com

"ဟုတ်ကဲ့ပါ ဖေဖေ"

ကတိပေးလိုက်၏။ မစ္စတာဂေါ့ကင်နှင့် ကျေးလက်ဒေသသို့ လိုက်သွားရမည့် အခွင့်အရေးကို အလွတ်မခံနိုင်။ သည်အခွင့်အရေး လက်လွတ်မည့် အပြုအမူမျိုးဆို ဘာတစ်ခုမျှ မလုပ်ချင်။

ဖေဖေက ကားဝင်လမ်းကို ဖြတ်လျှောက်သွားပြီး ကွန်လွန်းတို့အိမ်မှ လူခေါ် ခေါင်းလောင်းကို နှိပ်လိုက်၏။ လှေကားခုံပေါ်သို့ မိမိထွက်လာသည်။ သူက ကုတ် အင်္ကျီဝတ်ထားသည်။ ကျွန်တော် သူ့ကို စူးစူးစမ်းစမ်းကြည့်ပြီး မေးသည်။

"နင်လည်း လိုက်သွားမလို့လား"

တကယ်တော့ ကျွန်တော် သိပ်ဂရုစိုက်နေသည်မဟုတ်။ လူလားမြောက်နေ့ပွဲ ပြီးကတည်းက သူနှင့်ကျွန်တော် သိပ်မတည့်၊ သူက အပူဖေးမီးဖိုခန်းထဲတွင် မာဂျရီ နှင့် ကျွန်တော် ဘာတွေလုပ်ကြသည်ကို ပြောပြစေချင်သည်။ သူ သည်လောက် သိချင်နေလျှင် ဘာတွေလုပ်ကြသည်ဆိုတာ သူ့သူငယ်ချင်း မေးကြည့်ဟု ပြန်ပြောခဲ့ သည်။

"မာဂျရီနဲ့ ငါနဲ့ လိုက်သွားမှာ၊ ငါလိုက်ချင်ရင် လိုက်လို့ ဖေဖေကပြောတယ်"

သူက ရေးကြီးခွင့်ကျယ် ပြောနေ၏။ ပြီးတော့ လှေကားထစ်များအတိုင်း နန်းဆန်ဆန် ဟန်ရေးပြပြီး ဆင်းသည်။

ကွန်လွန်းမောင်နှံ သူတို့လှေကားခုံပေါ်သို့ ထွက်လာသည်။ သူတို့နှင့်အတူ မာဂျရီ ပါမလာ။

"မာဂျရီအင် မလိုက်ဘူးလား မစ္စစ်ကွန်လွန်း"

မိမိမေးသည်။ မစ္စစ်ကွန်လွန်းက

"မလိုက်ဘူး မိမိ၊ သူ သိပ်ပင်ပန်းနေလို့ စောစောအိပ်တော့မလို့တဲ့"

"ဒါဆို သမီးလည်း အိမ်မှာနေခဲ့ပါလား မိမိ"

မေမေ တွေဝေစွာ ပြော၏။

"ဒါနဲ့ မေမေတို့ပဲ သမီးလိုက်ချင်လိုက်ဆို"

မိမိ့အသံက တောင်းပန်တိုးလျှိုးသံ။

"လိုက်ပါစေ မေရီ၊ ကိုယ်တို့ သူ့ကို ကတိပေးထားတာပဲ။ ကိုယ်တို့ ၁၁ နာရီဆို အိမ်ပြန်ရောက်မှာပါ"

သူတို့တစ်တွေ ဖေဖေ့ကားထဲ ဝင်ကြသည်ကို ကျွန်တော် ကြည့်နေ၏။ အချိန်က

mgyoe.com

 mgyoe.com SAMPLE BOOK 

၈ နာရီထိုးဖို့ ၁၅ မိနစ်အလို။ စီးကရက် သောက်ချင်စိတ်ပေါက်လာသည်။ ထိုင်ရာမှ ထပြီး ဧည့်ခန်းထဲရှိ ဗီရိုကို ဖွင့်ကြည့်သည်။ ဖေဖေ့အပေါ်အင်္ကျီအိတ်ထဲတွင် တွန့်ကြေနေသည့် လပ်ကီးစထရိုက်တစ်ဘူး တွေ့သည်။ ထို့နောက် လှေကားခုံဆီသို့ ပြန်လာပြီး စီးကရက်တစ်လိပ် မီးညှိသောက်နေသည်။

တစ်လမ်းလုံး တိတ်ဆိတ်နေ၏။ ပင်ပျိုကလေးတွေပေါ်မှ သစ်ရွက်များအား လေတိုးသံကို ကြားနေရ၏။ အေးမြသော အုတ်ခဲများကို ခေါင်းမှီပြီး မျက်လုံးတွေ မှိတ်ထားလိုက်၏။ ပါးပေါ်သို့ ကူးစက်လာသော အေးမြမြအရသာကို ကျွန်တော် သဘောကျသည်။ အို… ကျွန်တော့်အိမ်နှင့်ပတ်သက်သမျှ အကုန်သဘောကျသည်။

"အဲဒါ ဒင်နီလားဟင်"

မာဂျရီအသံ၊ ကျွန်တော် မျက်လုံးတွေ ဖွင့်လိုက်၏။ သူက သူတို့လှေကားခုံပေါ်တွင် မတ်တတ်ရပ်နေသည်။

"ဟုတ်တယ်"

ကျွန်တော် ဖြေလိုက်၏။ သူက မယုံကြည်နိုင်သော လေသံဖြင့်…

"နင် ဆေးလိပ်သောက်နေတယ်"

"အဲဒါ ဘာဖြစ်လဲ။ နင့်အမေပြောတော့ နင် အိပ်နေပြီဆိုလားလို့"

ကျွန်တော်က မခိုးမခန့်ပုံစံဖြင့် စီးကရက်ကို တစ်ချက်ရှိုက်လိုက်၏။ သူ ကျွန်တော့် လှေကားခုံဘက်သို့ ကူးလာသည်။ အောက်ဆုံး လှေကားထစ်နားတွင် ရပ်နေသည်။ လမ်းဓာတ်မီးတိုင်မှ ဖြာကျလာသည့် မီးရောင်အောက်တွင် သူ့မျက်နှာ ဖြူဖွေးနေ၏။

"ငါ လိုက်မသွားချင်တာနဲ့…"

ကျွန်တော် မတ်တတ်ရပ်ပြီး အညောင်းဆန့်သည်။

"ငါ အိပ်တော့မှထင်တယ်"

"နင် အိပ်ကိုအိပ်ရတော့မှာလားဟယ်"

ကျွန်တော် သူ့ကိုငုံ့ကြည့်၏။ သူ့မျက်နှာပေါ်တွင် တစ်ခုခု လုပ်ချင်သည့် သွင်ပြင်ပေါ်နေ၏။

"မဟုတ်ဘူး၊ ဒါပေမဲ့ အိပ်တာကောင်းပါတယ်။ ဒီနေရာမှာ ဘာမှလုပ်စရာ ရှိတာမှမဟုတ်ဘဲ"

"ငါတို့ ထိုင်ပြီး စကားပြောကြရအောင်လေ"

mgyoe.com

 oe.com SAMPLE BOOK 

ခပ်သွက်သွက် ပြောသည်။ သူ့ပြောဟန်ကြောင့် ကျွန်တော် သိချင်လာသည်။

"ဘာအကြောင်း ပြောမှာလဲ"

"ဟိုအကြောင်း ဒီအကြောင်းပေါ့ဟယ်။ တို့ပြောမယ်ဆို ပြောစရာအကြောင်းတွေ အများကြီး ရှိပါတယ်"

ကျွန်တော့် ရင်ထဲတွင် ထူးခြားသော တက်ကြွမှုတစ်မျိုး ကြွထလာသည်။ လှေကားထစ်များပေါ်တွင် ပြန်ထိုင်လိုက်၏။

"ကောင်းပြီ၊ ဒီတော့ စကားပြောကြတာပေါ့"

ခပ်ပေါ့ပေါ့လေသံပေါက်အောင် တမင်လုပ်ပြောသည်။ သူက ကျွန်တော့်အောက်ဆင့် လှေကားထစ်မှာ ထိုင်သည်။ သူက ဘေးဘက်တွင် ကြိုးချည်ထားသည့် အပေါ် အင်္ကျီပွပွကြီး ဝတ်ထားသည်။ သူက ကိုယ်ကိုလှည့်ပြီး ကျွန်တော့်ကို မော့ကြည့်လိုက်တော့ သူ့အင်္ကျီဟသွားသည်။ ရင်ဖိုစရာမြင်ကွင်းကို ကျွန်တော် မြင်လိုက်ရ၏။ သူ ပြုံးသည်။

"နင် ဘာပြုံးနေတာလဲ"

ရုတ်တရက် မခံချင်စိတ် ပေါက်သွားသည်။ သူက ခေါင်းကို ဆတ်ခနဲခါပြီး...

"ငါ ဘာဖြစ်လို့ အိမ်မှာနေခဲ့တယ်ဆိုတာ နင်သိတယ် မဟုတ်လား"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲဆိုတော့ မီမီလိုက်သွားမယ်ဆိုတာ ငါသိနေလို့"

"နင် မီမီကိုခင်တယ်လို့ ငါထင်ထားတာ"

ကျွန်တော် အံ့သြစွာပြော၏။ သည်တော့ သူက စိတ်ထက်သန်စွာဖြင့်...

"ခင်ပါတယ်၊ ဒါပေမဲ့ မီမီလိုက်သွားရင် နင် အိမ်စောင့်မယ်ဆိုတာ ငါသိတယ်လေ၊ ဒီတော့ ငါလိုက်မသွားဘူးပေါ့"

သူက အသိရခက်သော အကြည့်မျိုးဖြင့် မော့ကြည့်သည်။ ကျွန်တော့် ရင်ထဲမှာ လှုပ်ရှားတက်ကြွမှုတွေ တဖွားဖွားပေါ်လာပြန်၏။ ကျွန်တော် ဘာပြန်ပြောရမှန်းမသိ။ သည်တော့ နှုတ်ဆိတ်နေလိုက်၏။ သူ့လက်တစ်ဖက် ကျွန်တော့် ဒူးခေါင်းပေါ် တင်လာသည်ကို သိလိုက်၏။ ကျွန်တော် ဆတ်ခနဲ တုန်သွားသည်။

"အဲဒီလို မလုပ်နဲ့"

ခပ်ဆတ်ဆတ်ပြော၏။ ကျွန်တော့် ခြေထောက်ကို ရုပ်သည်။ သူ့မျက်လုံးတွေဝိုင်းနေသည်။ ကြည်စင်နေသည်။

mgyoe.com

"နင် မကြိုက်ဘူးလား"

"ဟင့်အင်း၊ ကြက်သီးထတယ်ဟ"

သူ ညင်ညင်သာသာကလေး ရယ်သည်။

"ဒါဆို နင်ကြိုက်တာပေါ့။ ဒီလိုလုပ်တာကိုက အဲဒီလိုဖြစ်အောင် လုပ်တာပဲ ဟာ"

သူ ကျွန်တော့်အား စိုက်ကြည့်နေပုံကို မကြိုက်။ ကျွန်တော် ထိုင်ရာမှ ထလျက်...

"ငါ အိမ်ထဲဝင်တော့မယ်"

သူ ရယ်မောရင်း မတ်တတ်ရပ်သည်။

"နင် ဒီအပြင်ဘက်မှာ ငါနဲ့နေရမှာ ကြောက်နေတယ်ပေါ့"

"မကြောက်ပါဘူး၊ ငါ စောစောအိပ်ရာဝင်ပါ့မယ်လို့ ဖေဖေ့ကို ကတိပေးထားလို့"

သူ့လက်တစ်ဖက် လျင်မြန်စွာ လှုပ်ရှားသွားပြီး ကျွန်တော့်လက်ကို ဆွဲထားသည်။ ကျွန်တော်က ကျွန်တော့်လက်ကို ရုန်းသည်။

"လွှတ်စမ်း"

"နင် ကြောက်နေတယ်ဆိုတာ ငါသိပြီ။ မဟုတ်ရင် နင် အပြင်မှာ နေမှာပေါ့။ အစောကြီးရှိသေးတာပဲဟာ"

မထိတထိ ကလိသည်။

"ကောင်းပြီ၊ ကိုးနာရီထိ အပြင်မှာနေမယ်"

သူက တွေးရခက်နေသည့် လေသံဖြင့်...

"နင်ဟာ တော်တော်ရယ်စရာကောင်းတယ် ဒင်နီ။ တခြားကောင့်လေးတွေနဲ့လည်း မတူဘူး"

ကျွန်တော် စီးကရက်ကို တစ်ချက်ဖွာလိုက်၏။

"ဘယ်လိုမတူတာလဲ"

"နင်က ဘာလုပ်ဖို့မှလည်း မကြိုးစားဘူး"

လက်ထဲမှ စီးကရက်တိုကို ငုံ့ကြည့်ရင်း...

"ငါက ဘာကိစ္စ ကြိုးစားရမှာလဲ"

"တခြားကောင်လေးတွေအားလုံး ကြိုးစားကြတာချည်းပဲ"

သူက ရှင်းရှင်းပြတ်ပြတ် ပြောသည်။ ကျွန်တော်.စကားမပြော။ စီးကရက်ကို

mgyoe.com

 mgyoe.com SAMPLE BOOK 

ရှိုက်သည်။ မီးခိုးငွေ့တွေ အဆုတ်ထဲသို့ ပူလောင်စွာ ဝင်သွားသည်။ ချောင်းတစ်ချက် ဆိုးပြီး စီးကရက်တိုကို လွှင့်ပစ်လိုက်၏။ သူ ကျွန်တော့်ကို စိုက်ကြည့်နေဆဲ။

"နင် ဘာကြည့်နေတာလဲ"

သူ မပြော။

"ငါ ရေတစ်ခွက် သွားသောက်လိုက်ဦးမယ်"

ကျွန်တော် သွက်သွက်ပြောသည်။ ပြီးတော့ အိမ်ထဲသို့ ကသောကမျော ဝင်သည်။ စားဖိုဆောင်ဆီသို့ မှောင်မည်းနေသည့် အခန်းများကို ဖြတ်သွားသည်။ ရေပိုက်ခေါင်းဖွင့်ပြီး ဖန်ခွက်ထဲထည့်သည်။ ပြီးတော့ ရေကို မွတ်မွတ်သိပ်သိပ် သောက်သည်။

"ငါ့ကိုကော ရေနည်းနည်း မတိုက်တော့ဘူးလား"

ကျွန်တော် နောက်သို့လှည့်လိုက်၏။ ကျွန်တော့် နောက်နားတွင် သူရပ်နေသည်။ သူ လိုက်ဝင်လာသံကို ကျွန်တော် မကြားမိ။

"ရပါတယ်"

ဖန်ခွက်ထဲ ရေဖြည့်လိုက်ပြန်၏။

သူက ဖန်ခွက်ကို ခဏကိုင်ထားသည်။ ထို့နောက် ရေတစ်စက်မျှ မသောက်ဘဲ ဖန်ခွက်ကို လက်ဆေးကြွေခွက်ပေါ်တင်သည်။ ကျွန်တော့်မျက်နှာကို သူ့လက်တွေဖြင့် ကိုင်သည်။ ရေဖန်ခွက်ကိုင်ထားခဲ့သော သူ့လက်တွေ အေးစက်နေ၏။

ကျွန်တော် သစ်သားရုပ်ကြီးလို ရပ်နေသည်။ တစ်ကိုယ်လုံး တောင့်တင်းလျက် မလှုပ်မယှက်။ ထို့နောက် သူ့နှုတ်ခမ်းများ ကျွန်တော့် နှုတ်ခမ်းတွေပေါ်သို့ ကျရောက်လာသည်။ လက်ဆေးကြွေဇလုံကို နောက်မှီထားသော ကျွန်တော့်ကို သူက နောက်ပြန်လန်နေစေ၏။ သူ့ကို တွန်းပစ်ဖို့ ကြိုးစား၏။ သို့သော် ကျွန်တော် ဟန်ချက်ပျက်နေသည်။

သူ့ပခုံးနှစ်ဖက်ကို တင်းတင်းညှစ်လိုက်၏။ သူ နာကျင်စွာ ညည်းလိုက်သံကို ကြားရ၏။ ကျွန်တော် ထပ်ပြီး ခပ်နာနာညှစ်လိုက်တော့ သူ ညည်းလိုက်ပြန်သည်။ ကျွန်တော် ခါးဆန့်ရပ်သည်။ သူ ကျွန်တော့်ရှေ့မှာ ရပ်နေသည်။ သူ့မျက်လုံးတွေထဲမှာ ဝေဒနာတွေ၊ ကျွန်တော် ရယ်ပစ်လိုက်၏။ ကျွန်တော် သူ့ထက် သန်မာသည် လေ။ သူ့ပခုံးနှစ်ဖက်ကို ထပ်ညှစ်လိုက်ပြန်၏။

သူ့မျက်နှာ ရှုံ့မဲ့သွားပြီး ကျွန်တော့်လက်တွေကို အသည်းအသန် ဆုပ်ကိုင်ထားသည်။ သူ့နှုတ်ခမ်းများက ကျွန်တော့်နားရွက်နားမှာ ကပ်လျက်...

mgyoe.com

mgyoe.com  SAMPLE BOOK 

"ငါ့ကို ရန်မလုပ်ပါနဲ့ ဒင်နီရယ်၊ ငါ နင့်ကိုကြိုက်တယ်၊ နင် ငါ့ကိုကြိုက်တယ် ဆိုတာလည်း ငါသိတယ်"

ကျွန်တော် သူ့ကို ခပ်ကြမ်းကြမ်း တွန်းပစ်လိုက်၏။ သူ အခြေယိုင်ပြီး နောက်ဘက်သို့ ခြေလှမ်းအနည်းငယ်စာမျှ လန်သွားသည်။ ထို့နောက် ရပ်ပြီး ကျွန်တော့်ကို ကြည့်နေသည်။

သူ့မျက်လုံးတွေ ဝင်းနေသည်၊ အရောင်ထွက်တော့မတတ်၊ အမှောင်ထုထဲမှ ကြောင်တစ်ကောင်၏ မျက်လုံးတွေလို။ အကြမ်းပတမ်းလုပ်ရပ်ကြောင့် သူ့ရင်ဘတ်သည် ဖားဖိုလို မို့လိုက် ပိတ်လိုက် ဖြစ်နေသည်။

ကျွန်တော် သူ့ကို စေ့စေ့ကြည့်ရင်း သိလိုက်သည်။ သူပြောတာမှန်သည်။

လမ်းဖြတ်အတိုင်း ချိုးကွေ့ဝင်လာသည့် ကားသံသည် ကျွန်တော်တို့နားထဲ ရောက်လာသည်။ ကျွန်တော့်အသံသည် ညဥ့်ဦးယံထဲတွင် အထိတ်ထိတ် အလန့်လန့် ဖြစ်နေ၏။

"သူတို့ ပြန်လာကြပြီ၊ နင် ဒီကနေ လစ်ရင်ကောင်းမယ်"

သူက ရယ်သည်။ ကျွန်တော့်ဆီသို့ ခြေတစ်လှမ်း တိုးလာသည်။ ဘာကြောင့် ပေါ်ပေါက်လာမှန်း မသိသော ရင်ထိတ်မှုကြောင့် ကျွန်တော် လှေကားဆီသို့ ကမူး ရှူးထိုး ပြေးသည်။ လှေကားထစ်တွေနားတွင် ရင်ခုန်လှိုက်မောစွာ ရပ်နေသည်။ အမှောင်ထဲတွင် မျောပါလာသည့် သူ့အသံကို နားထောင်နေသည်။

သူက သိပ်သေချာသည်၊ သိပ်သိသည်။ သူက ကျွန်တော့်ထက် သိပ်နားလည် လွန်းနေသည်။ သည်တော့ သူနှင့်ဆက်ပြီး ပတ်သက်နေလျှင် အကောင်းတွေ ဖြစ်လာ စရာမရှိကြောင်း၊ သူ့မေးခွန်းတွေကို ဖြေရင်း ကျွန်တော် သိနေသည်။

ထို့နောက် သူမရှိတော့။ တစ်အိမ်လုံး တိတ်ဆိတ်သွားသည်။ ကျွန်တော့် အခန်းသို့သွားရန် လှေကားအတိုင်း ဖြည်းလေးစွာ တက်ခဲ့၏။

*

အိပ်ရာပေါ်မှာ ပက်လက်လှန်နေသည်။ အမှောင်ထုထဲသို့ စိုက်ကြည့်နေသည်၊ အိပ်လို့မရ။ တပ်အပ်သိသော အထာပေါက်သော သူ့ရယ်သံ၊ သည်ရယ်သံက ကျွန်တော့် နားထဲမှာ ပဲ့တင်ထပ်နေဆဲ။

သူ့အခန်းဘက်ဆီမှ မီးခလုတ်ဖွင့်သံ ကြားလိုက်ရ၏။ ထိုအခန်းဘက်သို့

mgyoe.com

 mgyoe.com SAMPLE BOOK 

အလိုအလျောက် ကြည့်မိလျက်သား ဖြစ်သွားသည်။ ပြတင်းဝမှာ သူ၊ ကျွန်တော် ပြတင်းပေါက်ဘက်သို့ လှမ်းကြည့်နေသည်။ ပြုံးနေသည်။ လျှပ်စစ်မီးရောင်အောက်တွင် သူ့ခန္ဓာကိုယ်သည် ဝင်းလက်နေသည်။ ဖွင့်ထားသည့် ပြတင်းပေါက်ကို ဖြတ်ကျော်ဝင်လာသည့် သူ့အသံသည် နွဲ့လျတိုးတိတ်နေ၏။

"ဒင်နီ... နင်နိုးနေပြီလား"

မျက်စိတွေ စုံမှိတ်ပြီး ပြတင်းပေါက်ဆီမှ မျက်နှာလွှဲလိုက်၏။ သူ့ကိုမကြည့်၊ သူ့ကိုမဖြေ။

"ငါ့ကို အရူးမလုပ်ပါနဲ့ ဒင်နီ၊ နင်ရှိနေတာ ငါသိပါတယ်"

သူ့အသံ ကြမ်းလာသည်။ အမိန့်ပေးသံ ထွက်လာသည်။

"ငါ့ကိုကြည့်စမ်း ဒင်နီ"

ကျွန်တော့်အား ရိုက်ခတ်နေသော သူ့အသံကို ဆက်ပြီး သည်းခံမနေနိုင်တော့။ ဒေါသဖြင့် ပြတင်းဝသို့ သွားသည်။ ပြတင်းပေါင်ကို မှီထားသော ကျွန်တော့်ကိုယ်ခန္ဓာ တဆတ်ဆတ်တုန်နေသည်။

"ငါ့ဘာသာငါ နေပါရစေ၊ တစ်ဆိတ်လောက် ငါ့ဘာသာငါ နေပါရစေဟယ်"

ကျွန်တော် တောင်းပန်သည်၊ သူက ရယ်သည်။ သူ့အသံ နူးညံ့ညင်သာနေ၏။

"ငါ့ကိုကြည့်စမ်း ဒင်နီ၊ ငါ့ကိုကြည့်ရတာ သဘောမကျဘူးလား"

ကျွန်တော် ထိုင်နေရာမှာပင် ရပ်နေမိ၏။ ဆွံ့အစွာ သူ့ကို စိုက်ကြည့်နေမိ၏။ သူ့ကို မကြည့်ချင်၊ သို့သော် မျက်နှာလွှဲလို့မရ။

သူ ခါးဆန့်ပြီး ရယ်မောသည်။

"ဒင်နီ"

"ဘာလဲ"

ပြင်းပြသော ဝေဒနာခံစားသံဖြင့် မေးလိုက်သည်။

"နင် မီးဖွင့်လိုက်ပါလား ဒင်နီ၊ ငါ နင့်ကိုကြည့်ချင်တယ်"

ရုတ်တရက် သူပြောတာ အဓိပ္ပာယ်မပေါက်၊ နောက်မှ သူ့စကားလုံးတွေ ကျွန်တော့်ရင်ထဲ စိမ့်ဝင်သွားသည်။ အသက်ရှူလို့ မရတော့၊ လည်ချောင်းမှာ တစ်ဆို့နေသည်။

"ဟင့်အင်း"

အော်လိုက်၏။ ရှက်ခြင်းနှင့် ကြောက်ခြင်းတရားတွေ ကျွန်တော့်ရင်ထဲ တိုးဝင်

mgyoe.com

လာသည်။ ပြတင်းပေါက်ဆီမှ ခွာလိုက်၏။

"ငါ့ဘာသာ နေပါရစေလို့ ငါပြောတယ်နော်၊ ငါ့ဘာသာ ငါနေပါရစေ"

"မီးဖွင့်လိုက်ပါ ဒင်နီရယ်၊ ငါ့အတွက်လေ ဒင်နီ၊ တစ်ဆိတ်လောက်ကွယ်"

သူ့အသံ နူးညံ့နေသည်၊ သိမ်းသွင်းနေသည်။

"မဖွင့်ဘူး"

ကိုယ့်စိတ်ကိုယ် တော်လှန်ထိန်းသိမ်းနိုင်သည့် အခိုက်အတန့်ကလေးကို အမိအရ ဖမ်းပြီး ကျုံးအော်လိုက်၏။ ကျွန်တော် ဘာတွေဖြစ်နေသလဲ။ ဖြစ်ပျက်နေသမျှတွေကို မုန်းသည်။ ကျွန်တော့်အတွက် ဖြစ်ပေါ်လာမည့် အရာအားလုံး၊ ယောကျ်ားတစ်ဦး၏ ယောကျ်ားပီသမှု။ အဆိုပါ ယောကျ်ားပီသမှုကို ဖော်ထုတ်ပြသခြင်း ဒါတွေအားလုံးကို မုန်းသည်။

"မဖွင့်ဘူး"

အော်ဟစ်ပြီး ပြေးထွက်ခဲ့သည်။ ကျွန်တော် မြင်တွေ့နေရသည့် မြင်ကွင်းနှင့်အတူ အခန်းတံခါးကို ဝုန်းခနဲ ဆောင့်ပိတ်ပစ်ခဲ့၏။

ရေချိုးခန်းဆီသို့ ပြေးဝင်သည်။ ညဥ့်ဝတ်အင်္ကျီကို ချွတ်သည်။

လက်ဆေးကြွေခွက်ကို လက်တစ်ဖက်ဖြင့် ထိန်းပြီး ရေပန်းပိုက်ခလုတ်ကို ဖွင့်သည်။ ရေချိုးကြွေဇလုံပေါ်သို့ ကျနေသည့် ရေသံက စိတ်အေးချမ်းစရာ။ ထိုနေရာမှာပင် ခဏရပ်နေသည်။ ထို့နောက် ရေပန်းအောက်သို့ လှမ်းဝင်လိုက်၏။

ပူလောင်နေသည့် ကိုယ်ခန္ဓာပေါ်သို့ ကျရောက်လာသည့် ရေအေးအေးက ကိုယ်တွင်းကို အေးစိမ့်သွားစေ၏။ ခေါင်းမော့ပြီး စူးစူးရှရှ ရေပန်းဖွားကလေးများကို ဆီးကြိုပွေ့ဖက်လိုက်သည်။ ထို့နောက် ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ် ထိုင်ချပြီး ငိုကြွေးနေမိ၏။

*

မနက်ကျတော့ ညက ဘာမျှမဖြစ်ခဲ့သလို အိပ်ရာမှနိုးလာသည်။ မနေ့ညက အဖြစ်အပျက်တွေသည် အိပ်မက်တစ်ခု၊ အိပ်မက်ဆိုးတစ်ခု၏ အစိတ်အပိုင်းတစ်ခုပမာ အဆိုပါအစိတ်အပိုင်းကိုလည်း အိပ်စက်ခြင်းက ဆေးကြောဖျောက်ဖျက်ပစ်လိုက်သည့်ပမာ။

ကျွန်တော် သွားတိုက်သည်၊ ခေါင်းဖြီးသည်၊ အဝတ်အစား လဲနေတုန်း

mgyoe.com

 pe.com SAMPLE BOOK 

တေးတစ်ပုဒ်ကို ညည်းနေသည်။ ကိုယ့်ကိုယ်ကိုယ် တအံ့တသြဖြင့် မှန်ထဲကြည့်သည်။ ကျွန်တော် ဘာမျှမဖြစ်ပါကလား။ ကျွန်တော် ဘာမျှမပြောင်းလဲပါကလား။

အခန်းထဲမှ ပြုံးလျက် ထွက်လာသည်။ စင်္ကြံလမ်းတွင် ရေချိုးခန်းသို့သွားနေသည့် မီမီကိုတွေ့သည်။

"မင်္ဂလာရှိတဲ့ မနက်ခင်းပါ"

ကျွန်တော် သီကြွေးလိုက်၏။ သူ ကျွန်တော့်ကိုကြည့်ပြီး ပြုံးသည်။

"မင်္ဂလာရှိတဲ့ မနက်ခင်းပါ။ နင် မနေ့ညက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလိုက်တာ၊ တို့ပြန်လာတာတောင် မကြားဘူး"

"ဟုတ်တယ်"

ကျွန်တော် ပြုံးပြသည်။ ကျွန်တော်တို့နှစ်ဦး၏ ကိုယ်ရေးကိုယ်တာစစ်ပွဲ ပြီးဆုံးသွားပြီထင်သည်။ ရက်စီက အောက်ထပ်သို့ ကျွန်တော့်နောက်မှ လိုက်လာ၏။

"မင်္ဂလာပါ မေမေ"

နှုတ်ဆက်ရင်း စားဖိုဆောင်ထဲ ဝင်သွားသည်။

"ဒီနေ့ ကိတ်ခွေမုန့်လား"

မေမေ့ စိတ်ရှည်လက်ရှည် ပြုံးကြည့်ကာ...

"ပေါက်ကရတွေ လာမေးမနေစမ်းနဲ့ ဒင်နီ"

"ကောင်းပါပြီ မေမေ"

လက်ဆေးကြွေခွက် အပေါ်ဘက်ရှိ ဖန်ကရားထဲမှ ပိုက်ဆံနှိုက်ယူပြီး တံခါးပေါက်ဘက် ထွက်ခဲ့သည်။

"လာကွာ ရက်စီ"

ရက်စီက အမြီးကိုနှန့်ရင်း အိမ်အပြင်ဘက် ထွက်လိုက်လာသည်။ လမ်းကြားထဲရောက်တော့ သူ ကျွန်တော့်ကို ဖြတ်ကျော်ပြီး လမ်းမကြီးရောက်အောင် ပြေးသည်။ ပြီးတော့ ရေမြောင်းထဲတွင် ဆောင့်ကြောင့်ထိုင်နေသည်။ ကျွန်တော် သူ့ကို ပြုံးကြည့်သည်။

သည်နေ့ကား လှပသောနေ့၊ စိတ်ဝင်စားစရာ ကောင်းသည့်နေ့တစ်နေ့ ဖြစ်လာမည်အမှန်။ နေသာနေသည်၊ လေက လတ်ဆတ်ပြီး အေးမြနေသည်။

ရုပ်ကွက်လမ်းဖြတ်အတိုင်း ရက်စီပြေးသွားသည်။ ကျွန်တော် သူ့နောက်မှ လိုက်သည်။ မနေ့ညက အဖြစ်သည် အိပ်မက်ဆိုးတစ်ခု၊ ဒါပါပဲ။ ဘယ်တုန်းကမျှ

mgyone.com

တကယ်ဖြစ်ခဲ့တာမဟုတ်။ အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းသည်။ အဆုတ်ထဲမှာ လေတွေပြည့်သွားတော့ ရုပ်အင်္ကျီပွင့်ထွက်မတတ် ကျွန်တော့် ရင်သားတွေ မို့မောက်ဖောင်းကြွလာသည်ကို သတိထားမိ၏။

"ဒင်နီ"

နူးညံ့တိုးတိတ်သော သူ့အသံက ကျွန်တော့်ကို လမ်းလျှောက်ရပ်သွားစေသည်။ ကျွန်တော် ဖြည်းဖြည်းချင်း ကိုယ်ကိုလှည့်သည်။ သူတို့ လှေကားခုံပေါ်သို့ မော့ကြည့်သည်။ လှေကားခုံပေါ်မှာ သူ မတ်တတ်ရပ်နေသည်။ သူ့မျက်လုံးတွေက တတ်သိနားလည်စွာ ပြုံးရယ်နေသည်။

"မနေ့ညက ဘာဖြစ်လို့ ထွက်ပြေးသွားရတာလဲ"

အပြစ်တင်သလို မေးသည်။

ပါးစပ်ထဲတွင် ခါးသီးသော အရသာပေါ်လာသည်။ မနေ့ညက အဖြစ်သည် တကယ့်အဖြစ်ပါကလား။ ဒါဆို အိပ်မက်မဟုတ်ဘူးပေါ့။ ကျွန်တော် မလွတ်မြောက်နိုင်ပါတကား။ ကျွန်တော် သူ့ကိုမုန်းလာသည်။ လမ်းဘေးစကြံပေါ်သို့ ပက်ခနဲတံတွေးထွေးပစ်လိုက်၏။

"ကမြင်းမ"

လှေကားခုံပေါ်မှဆင်းပြီး ကျွန်တော့်ဆီ လာနေသော သူသည် ပြုံးနေဆဲ။ သူ့ကိုယ်ခန္ဓာ လှုပ်ရှားမှုက သူ့စိတ်ခံစားချက်ကို ထင်ဟပ်ဖော်ပြနေ၏။ ယုံကြည်စိတ်ချခြင်း၊ သူလမ်းလျှောက်ပုံက မနေ့ညက မြင်ကွင်းကို သတိရစေသည်။ သူပြတင်းဝတွင် ရပ်နေသောသူ၊ သူ့ကိုယ်သူ ယုံကြည်စိတ်ချမှု အပြည့်ရှိသော ဟန်ပန်၊ သူ ကျွန်တော့်အနား ရောက်လာသည်။ သူ့နှုတ်ခမ်းတွေပြုံးပြီး ကျွန်တော့်မျက်နှာဆီသို့ မော့ထားသည်။

"နင် ငါ့ကိုကြိုက်ပါတယ် ဒင်နီ၊ ဒီတော့ ငြင်းမနေပါနဲ့"

သူက မြူဆွယ်ဖြားယောင်းသည့်လေသံဖြင့် ပြောသည်။

"ငါ နင့်ကိုကြိုက်တယ်"

ကျွန်တော် သူ့ကို အေးစက်စွာ စိုက်ကြည့်လိုက်၏။

"နင့်သတ္တိကို ငါမုန်းတယ်"

သူ ကျွန်တော့်ကို ပြန်စိုက်ကြည့်သည်။ မျက်နှာပေါ်တွင် အပြုံးမရှိတော့။ စိတ်လှုပ်ရှား တက်ကြွရိပ်တွေ ထင်လာသည်။

mgyoe.com

 oe.com SAMPLE BOOK 

"နင့်စိတ်ထဲမှာ ဒီစကားကို တကယ်ပြောစာယ်လို့ ထင်နေတာပါဟာ။ တကယ်တော့ နင်တကယ်ပြောနေတာ မဟုတ်ပါဘူး"

ကျွန်တော် သူ့ကိုကြည့်သည်၊ သူ ပြုံးနေသည်။

ကျွန်တော် ချာခနဲလှည့်သည်။ ရက်စီကို အော်ခေါ်ရင်း လမ်းဖြတ်လမ်းအတိုင်း ပြေးထွက်ခဲ့၏။ သို့သော် ကျွန်တော် ခွေးမလေးနောက်သို့ တကယ်တမ်း ပြေးလိုက်နေခြင်းမဟုတ်။ ကျွန်တော်သည် မာဂျရီနှင့် ဝေးရာသို့ ထွက်ပြေးနေခြင်းမျှသာ။

နောက်ပြီး ကျွန်တော် သိနေတာ တစ်ခုရှိသည်။ ကျွန်တော်သည် လူလားမြောက် ကြီးထွားလာခြင်းကို ထိန်းထားနိုင်လောက်အောင် လျင်မြန်စွာ မပြေးနိုင်သည့်အကြောင်း။

၀

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း [၆]

ကျွန်တော် လှေကားခုံပေါ်မှာ တိတ်ဆိတ်စွာ ထိုင်နေသည်။ လက်တစ်ဖက်က ရက်စိခေါင်းကို လေးကန်စွာ ပွတ်ပေးနေသည်။ သည်ညသည် ကျွန်တော့်အိမ်မှာ နောက်ဆုံးအိပ်ရမည့်ည။ နက်ဖြန်နံနက်ဆို မစ္စတာဂေါ့ကင်းက သူ၏ဖို့ကားဖြင့် လာခေါ်မည်။ ပြီးတော့ ကျေးလက်သို့သွားကြမည်။ ကျွန်တော် ကြေကွဲနေသည်။ ကျွန်တော်သည် မိသားစုနှင့် ခဏတစ်ဖြုတ်တောင် ခွဲမနေခဲ့စဖူး။ အချိန်ကြာကြာ ခွဲနေရမည်မှာ သည်တစ်ကြိမ် ပထမဦးဆုံးဖြစ်၏။

ညဥ့်သည် ကျွန်တော်တို့ကို တိတ်ဆိတ်အေးချမ်းစွာ လွှမ်းခြုံထား၏။ တစ်အိမ်လုံး မှောင်နေသည်။ စားဖိုဆောင်တစ်ခုပဲ မီးလင်းနေသည်။ စားဖိုဆောင်ထဲမှာ မေမေနှင့် ဖေဖေ စကားကောင်းနေကြဆဲ။ ကျွန်တော်က ခွေးမလေးဆီသို့ ခါးကိုင်းလိုက်၏။

"ငါမရှိတုန်း လိမ်လိမ်မာမာနေနော်"

ခပ်တိုးတိုးပြော၏။ သူက အမြီးကို ဖြည်းဖြည်းလေးလေး လှုပ်ခါယမ်းသည်။ ကျွန်တော် ပြောသမျှ သူနားလည်သည်။ ကျွန်တော် တွေ့ဖူးသည့် ခွေးတွေထဲမှာတော့ အတော်ဆုံး ခွေးမလေးတစ်ကောင်ပင်။

"ဘာပဲဖြစ်ဖြစ် နွေကာလက မကြာပါဘူးကွာ။ မင်း မသိလိုက်ခင်မှာဘဲ ဆောင်းဦးပေါက်ပြီး ငါပြန်ရောက်လာမှာပါ"

အေးစက်သော သူ့နှုတ်သီးဖြင့် ကျွန်တော့်လက်ကို ထိုးသည်။ သူ့မေးစေ့ကို လက်ဖြင့် ပွတ်ပေးလိုက်သည်။ သည်လိုလုပ်ပေးတာကို သူက ကြိုက်သည်။

mgyoe.com

 oe.com SAMPLE BOOK 

ကွန်လွန်းတို့ တံခါးဖွင့်သံ ကြားရသည်။ ကျွန်တော် မော့ကြည့်သည်၊ လှေကားခုံပေါ်သို့ မာဂျရီအင် ထွက်လာသည်။ ကျွန်တော် ကမန်းကတန်း မတ်တတ်ထသည်။ ရက်စီကိုခေါ်ပြီး လမ်းဘက်ထွက်ခဲ့သည်။ သူ့ကို စကားမပြောချင်။

"ဒင်နီ"

နောက်မှ ပြေးလိုက်လာသည့် မာဂျရီ၏ ခြေသံများကို ကြားရ၏။ ကျွန်တော် ပြန်လှည့်ကြည့်လိုက်၏။ သူ မောကြီးပန်းကြီးဖြင့် ကျွန်တော့်ကို မီလာသည်။

"မနက်ဖြန်ဆို နင် သွားတော့မှာလားဟင်"

"အေး"

ခေါင်းညိတ်ပြလိုက်၏။

"ငါ နင်နဲ့အတူ လမ်းနည်းနည်း လျှောက်လို့ရမလားဟင်"

သိမ်ငယ်နိုမ့်ချသော အသံကလေးဖြင့် မေးသည်။ ကျွန်တော် သူ့ကို တအံ့တသြ ကြည့်လိုက်၏။ မာဂျရီအင်မှ ဟုတ်ရဲ့လား၊ ယခုပုံစံက ခါတိုင်း သူ့ပုံစံနှင့် လုံးဝမတူ။

"ဒီနိုင်ငံက လွတ်လပ်တဲ့နိုင်ငံပဲ"

ကျွန်တော် ပြောပြီး လမ်းဆက်လျှောက်သည်။ သူ ကျွန်တော့်နံဘေးမှ လိုက်လျှောက်သည်။ ပြီးတော့ စကားရောဖောရော ပြောသည်။

"အားလုံးအောင်ရဲ့လား ဒင်နီ"

"အားဟား... ပျမ်းမျှ ၈၅ မှတ်ရတယ်"

ဝင့်ကြွားစွာ ပြောလိုက်၏။ သူက မြှောက်ပင့်သည့်လေသံဖြင့်...

"ကောင်းတာပေါ့ဟယ်၊ ငါဖြင့် သင်္ချာကျတော့မလို့"

"သင်္ချာက လွယ်ပါတယ်"

"ငါ့အတွက် မလွယ်ဘူးလေ"

သူ ဝင်းပစွာ ပြန်ပြော၏။ လမ်းထောင့်ကို တိတ်ဆိတ်စွာ ချိုးကွေ့ခဲ့ကြ၏။ ကျွန်တော်တို့၏ခြေသံတွေသည် လမ်းဘေးစကြ်လမ်းပေါ်တွင် ထုထည်မဲ့စွာ ပဲ့တင်သံထွက်နေ၏။ သူ စကားမပြောမိ ကျွန်တော်တို့ နောက်ထပ် လမ်းဖြတ်တစ်ပတ် လျှောက်ခဲ့ကြသည်။

"ငါ့ကို စိတ်ဆိုးတုန်းလား ဒင်နီ"

ကျွန်တော် သူ့ကို မျက်နက်ထောင့်ကပ်ကြည့်သည်။ သူ့မျက်နှာပေါ်တွင်

mgyoe.com

mgyoe.com SAMPLE BOOK
နာကြည်းရိပ်များ၊ ကျွန်တော် မဖြေ။

နောက်ထပ် လမ်းတစ်ဖြတ်နီးပါး လျှောက်ခဲ့ကြပြန်သည်။ ထို့နောက် သူ့ဆီမှ တရှုပ်ရှုပ်အသံကို ကြားရသည်။ ကမ္ဘာပေါ်မှာ ကျွန်တော် မုန်းတီးသည့်အရာ ရှိသည်ဆိုလျှင် ထိုအရာသည် မိန်းကလေးတစ်ယောက် ငိုနေခြင်းပင်ဖြစ်၏။

"ဘာဖြစ်တာလဲ"

ခပ်မာမာ မေးလိုက်၏။ သူ့မျက်လုံးတွေ မျက်ရည်များဖြင့် ရွှန်းလက်နေသည်။

"နင် ငါ့ကို စိတ်ဆိုးရက်ကြီးနဲ့ ခရီးထွက်မသွားစေချင်ဘူး ဒင်နီ၊ ငါ နင့်ကို ကြိုက်တယ်"

ကျွန်တော်က သရော်တော်တော်ဖြင့် 'ဟွန်း' ခနဲ အသံပြုလိုက်၏။

"နင်ကြိုက်တာပြပုံကြီးက ရယ်စရာကောင်းတယ်နော်။ အမြဲတမ်း ငါ့ကို မထိတထိစတယ်။ နောက်ပြီး ငါမလုပ်ချင်တာတွေ လုပ်ခိုင်းတယ်"

ခုတော့ သူတကယ်ငိုနေပြီ။

"ငါ... ငါက နင်သဘောကျမယ့်ကိစ္စတွေကို လုပ်ပေးဖို့ ကြိုးစားတာပါ ဒင်နီရယ်"

ကျွန်တော် လမ်းဆက်လျှောက်ပြန်သည်။

"အင်းလေ၊ အဲဒီလိုလုပ်တာကို ငါမကြိုက်ဘူး။ အဲဒီလိုလုပ်တော့ ငါက ဂနာမငြိမ် ဖြစ်ရတယ်ဟ"

"ငါ မလုပ်တော့ပါဘူးလို့ ကတိပေးရင်ကော နင် ငါ့ကို စိတ်ဆိုးနေဦးမှာပဲလား ဒင်နီ"

ကျွန်တော့်လက်ကို သူ ဆွဲလိုက်၏။ ကျွန်တော် သူ့ကိုငုံ့ကြည့်လျက်...

"မလုပ်တော့ဘူးလို့ နင်တကယ် ကတိပေးရင် ငါ စိတ်မဆိုးတော့ဘူး"

"ဒါဆို ငါကတိပေးတယ်"

သွက်သွက်ကြီး ပြောသည်။ သူ့မျက်ရည်များကြားမှ အပြုံးတစ်ပွင့် ဖူးပွင့်လာသည်။

သူ့အပြုံးကို ကျွန်တော့် အပြုံးဖြင့် တုံ့ပြန်လိုက်၏။

"ဒါဆို ငါလည်း စိတ်မဆိုးတော့ဘူး"

ကျွန်တော် သူ့ကို ဘယ်တုန်းကမျှ တကယ်တမ်း စိတ်မဆိုးခဲ့ဖူးကြောင်း ရုတ်တရက် သိမြင်လိုက်၏။ ကျွန်တော် ဒေါသထွက်ခဲ့သည်မှာ ကိုယ့်ကိုယ်ကိုယ်သာ

mgyoe.com

 mgyoe.com SAMPLE BOOK 

ဖြစ်၏။ စင်စစ် သူ ကျွန်တော့်အပေါ် ပြုခဲ့သမျှတွေကို ကျွန်တော် နှစ်သက် သဘောကျခဲ့သည်သာ။

ကျွန်တော်တို့ ဆက်လျှောက်ကြသည်။ သူ့လက်က ကျွန်တော့်လက်ကို ဆွဲကိုင်ထားဆဲ။ ရက်စီက ကွက်လပ်တွေထဲ ပြေးဝင်သည်။ ကျွန်တော်တို့ ရက်စီပြန်ထွက်အလာကို စောင့်ကြည့်ကြသည်။

မာဂျရီက ကျွန်တော့်ကို မော့ကြည့်ကာ...

"ငါ နင့်ကောင်မလေး ဖြစ်နိုင်မလား ဒင်နီ"

"ဘုရားရေ..."

တအံ့တသြ ရေရွတ်သံသည် မရည်ရွယ်ဘဲ ပွင့်ထွက်သွားခဲ့သည်။

သူ့မျက်လုံးတွေထဲတွင် မျက်ရည်များ ချက်ချင်းပြည့်လျှံလာပြန်သည်။ တရှိုက်ရှိုက် ငိုကြွေးရင်း နောက်ကြောင်းပြန်လှည့်ပြီး ကျွန်တော်နှင့်ဝေးရာသို့ ပြေးထွက်သွားသည်။

ကျွန်တော် ထိုနေရာမှာပင် ရပ်နေသည်။ သူ့ကို ငေါင်တောင်တောင်ကြီး ကြည့်နေသည်။ ပြီးမှ သူ့နောက် ပြေးလိုက်သွားပြီး သူ့လက်မောင်းကို ဆွဲကိုင်ထားလိုက်၏။

"မာဂျရီအင်"

သူ ကျွန်တော့်ဘက်လှည့်သည်။ သူ့ကိုယ်ခန္ဓာသည် တသိမ့်သိမ့် တုန်ခါနေဆဲ။

"ငိုမနေနဲ့၊ နင်လိုလားရင် နင် ငါ့ကောင်မလေး ဖြစ်နိုင်ပါတယ်ဟယ်"

"အို... ဒင်နီ"

ကျွန်တော့်လည်ပင်းကို လက်နှစ်ဖက်ဖြင့် သိုင်းဖက်ပြီး ကျွန်တော့်ကို နမ်းဖို့ကြိုးစားသည်။

ကျွန်တော်က သူ့ကို ရှောင်လိုက်ကာ...

"ဩော်... တော်စမ်း မာဂျရီ၊ နင်ပဲ ကတိပေးထားတယ် မဟုတ်လား"

"အနမ်းကလေးတစ်ချက်ပါ ဒင်နီ"

ကမန်းကတန်း ပြောသည်။

"ငါ နင့်ကောင်မလေးဆိုရင် ဒီလောက်နဲ့တော့ ဘာမှမဖြစ်ပါဘူးဟာ"

ကျွန်တော် သူ့ကို စိုက်ကြည့်နေ၏။ သူ၏ ကြောင်းကျိုးပြချက်ကို ဆင်ခြေတက်လို့မရ။ ခက်သည်က ကျွန်တော်က သူ့ကို နမ်းချင်နေသည်။

"ကောင်းပြီလေ၊ ဒါပေမဲ့ ဒီလောက်ပဲနော်"

mgyoe.com

ကျွန်တော် တွန့်တိုစွာ ပြောလိုက်၏။

သူ ကျွန်တော့် မျက်နှာကိုဆွဲယူပြီး နမ်းသည်။ ကျွန်တော့် နှုတ်ခမ်းများအောက်တွင် လှုပ်ရှားနေသည့် သူ့နှုတ်ခမ်းနွေးနွေးများကို ထိတွေ့ခံစားရ၏။ ကျွန်တော် သူ့ကိုယ်ကို ဆွဲယူပွေ့ကပ်လိုက်၏။ သူက သူ့မျက်နှာကို ကျွန်တော့်ပခုံးတွင် ကပ်ပြီး ဝှက်ထားသည်။ သူ့အသံသည် ကျွန်တော် ကြားရသည့် ဆိုရုံမျှကလေး။

"ခု ငါက နင့်ကောင်မလေး ဖြစ်ပြီဆိုတော့ နင်ဖြစ်စေချင်တာကို ငါ ဘာမဆို လုပ်ပါ့မယ် ဒင်နီ။ နင် ဆန္ဒရှိသမျှ အကုန်လုပ်ပေးမယ်။ ငါ နင့်ကို နောက်ထပ် မစတော့ပါဘူး"

သူ့မျက်လုံးတွေ စိတ်အားထက်သန်မှုကြောင့် ရွှန်းလက်တောက်ပနေသည်။ သူ့ကြည့်ရတာ ကျွန်တော် တစ်ချိန်လုံး သိနေခဲ့သည့် မိန်းကလေးတစ်ယောက်နှင့် မတူတော့။ ကျွန်တော် ယခင်က မမြင်မတွေ့ခဲ့ဖူးသော နွေးထွေးမှုကို သူ့ထံတွင် မြင်တွေ့နေရ၏။

ကျွန်တော် သူ့ကို ဖြည်းညင်းစွာ နမ်းလိုက်ပြန်၏။ သူ ကျွန်တော့်ကိုယ်နှင့် ဖိကပ်ထားသည်ကို သိလိုက်၏။ ကျွန်တော့်သွေးတွေ ဆူပွက်လာသည်။ နားထင်တွင် သွေးတိုးသံ တဒိန်းဒိန်း မြည်နေသည်။ သူ့ကို ကမန်းကတန်း တွန်းပစ်လိုက်၏။

"ကဲ... တို့များ အိမ်ပြန်ကြစို့ မာဂျရီအင်၊ ငါလိုချင်တာ ဒီလောက်ပါပဲ"

ကျွန်တော် ဣန္ဒြေကြီး တစ်ခွဲသားဖြင့် ပြောလိုက်၏။

*

ကျွန်တော် လှေကားပေါ်အတက်တွင် ဖေဖေက လှမ်းခေါ်သည်။ ကျွန်တော် သူ့ဆီ ပြန်သွားသည်။

"ဘာလဲ ဖေဖေ"

သူ့မျက်နှာမှာ စိတ်ကသိကအောက် ဖြစ်နေသည့်အသွင်၊ သူက မေမေ့ကို ကြည့်သည်။ သို့သော် မေမေက ညနေပိုင်းထုတ် သတင်းစာကို မဲပြီးဖတ်နေသည်။ မော့ကြည့်ဖော်ပင်မရ။ ဖေဖေက ကြမ်းပြင်တစ်နေရာကို စိုက်ကြည့်နေရင်း ချောင်းတစ်ချက်ရှင်းသည်။ ပြီးတော့ အိုးတိုးအမ်းတမ်းဖြင့် စကားစသည်။

"သား ပထမဆုံးအကြိမ်အဖြစ် ခရီးဝေး သွားရတော့မယ် ဒင်နီ"

"ဟုတ်ကဲ့ ဖေဖေ"

mgyoe.com

mgyoe.com SAMPLE BOOK


ခုတော့ သူက မျက်နှာကြက်ကို မော့ကြည့်နေပြန်သည်။ ကျွန်တော့် မျက်လုံးများနှင့် မဆိုင်မိအောင် ဂရုတစိုက် လွှဲရှောင်နေခြင်း။

"သားက ထွားကျိုင်းတဲ့ ကလေးတစ်ယောက် ဒင်နီ။ ဒီတော့ သားကို ဖေဖေ ပြောပြဖို့ ကိစ္စကလေးတွေရှိတယ်လို့ သားမေမေနဲ့ ဖေဖေက ထင်တယ်လေ"

ကျွန်တော် ပြုံးဖြီးဖြီးဖြင့်...

"ကောင်မလေးတွေအကြောင်းလား ဖေဖေ"

သူ ကျွန်တော့်ကို တအံ့တသြ ငုံ့ကြည့်သည်။ မေမေက သတင်းစာကိုချပြီး ကျွန်တော့်ကို အကဲခတ်ကြည့်နေသည်။ ကျွန်တော် သူတို့နှစ်ယောက်ကို ပြုံးပြလိုက်၏။

"ဖေဖေတို့က နည်းနည်းနောက်ကျနေပြီ ဖေဖေ၊ ဒီခေတ်မှာ အဲဒီအကြောင်းတွေကို သူတို့က ကျောင်းမှာ သင်ပေးနေကြတာ"

"သင်ပေးတယ် ဟုတ်လား"

ဖေဖေ မယုံကြည်နိုင်စွာမေး၏။ ကျွန်တော် ပြုံးစိစိလုပ်ရင်း ခေါင်းညိတ်ပြသည်။

"ဖေဖေ သိချင်တာများရှိရင် ရှက်မနေနဲ့ ဖေဖေ၊ ကျွန်တော့်ကိုသာ မေး"

စိတ်သက်သာရာရသွားသော အပြုံးတစ်ပွင့် သူ့နှုတ်ခမ်းများတွင် ဖူးပွင့်လာသည်။

"တွေ့လား မေရီ၊ ကိုယ်တို့ သူ့ကို ဘာမှပြောစရာမလိုပါဘူးလို့၊ ကိုယ်ပြောတယ်မဟုတ်လား"

မေမေက ကျွန်တော့်အား သံသယအကြည့်ဖြင့် ကြည့်သည်။ ကျွန်တော် သူ့ကို အားပေးသည့်အနေဖြင့် ပြုံးပြလိုက်သည်။

"မေမေ ကျွန်တော့်အတွက် စိတ်ပူစရာမလိုပါဘူး မေမေ၊ ကျွန်တော့်ကိုယ် ကျွန်တော် ထိန်းနိုင်ပါတယ်"

ကျွန်တော် ပြုံးလျက်ပင် လှေကားကို တက်ခဲ့၏။ မေမေတို့၊ ဖေဖေတို့သည် သူတို့ ဘယ်သူ့ကို စကားပြောနေကြမှန်းမှမသိဘဲ၊ ကျွန်တော်က မိန်းမကျမ်းကျေသူလေ။ သည်အချက် မှန်ကန်ကြောင်း သည်ညနေပဲ သက်သေထူခဲ့ပြီမဟုတ်လား။

၀

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း [၇]

မြင်မြင်သမျှ မိန်းမတွေအကြောင်း မဖွယ်မရာမေးမေးနေသည့် ကောင်လေးကို ကျွန်တော် အော့နှလုံးနာစွာ ကြည့်လိုက်၏။ သူ့မျက်နှာ သွေးရောင်လျှမ်းပြီး မျက်လုံးတွေ လေသာဆောင်ပေါ်မှ ကောင်မလေးကို လိုက်ကြည့်နေသည်။

ကျွန်တော်က အရောင်းဆိုင်ကောင်တာကို သော့ခတ်ပိတ်၏။ ပြီးတော့ သူ့မေးခွန်းကို ဖြေချင်ရာဖြေပစ်၏။ မွန့်ဖန်းဟိုတယ်နှင့် ကျေးရွာကလပ်တွင် ကျွန်တော်လာပြီး အလုပ်လုပ်သည်မှာ သည်တစ်နွေနှင့်ဆိုလျှင် သုံးနွေဆက်တိုက်ရှိပြီ။

ကျွန်တော့်အဖြေကြောင့် မေးသည့် ကောင်လေးကော၊ ကောင်တာရှေ့တွင် လာစုနေသည့် ကောင်ကလေးတွေပါ ရယ်မောကြသည်။ သူတို့ရယ်နေတုန်း ကျွန်တော် ဆိုင်ပိတ်လိုက်၏။ သည်စားပွဲထိုးတွေနှင့် အကူအလုပ်သမားတွေက တစ်ပြားတစ်ချပ်မှ အိတ်ထဲမှ ထုတ်သူများမဟုတ်။ သူတို့ သည်နေရာသို့ ရောက်နေတာကိုက ငွေစ အနည်းငယ်နှင့် ဆုချတာလေးတွေ မျှော်ကိုးပြီး ရောက်နေကြခြင်းဖြစ်၏။

သူတို့သည် ကိုယ့်အလုပ်ကိုပင် ကောင်းကောင်းမကျွမ်းကြ။ သို့သော် ဟိုတယ်က ဂရုမစိုက်။ ဟိုတယ်က ဖြစ်စေချင်သည်မှာ သူတို့၏ ဧည့်သည်များ ပျော်ရွှင်ချမ်းမြေ့ရေးပင်။ သူတို့၏ ဧည့်သည်တွေကလည်း အမျိုးသမီးတွေသာ များ၏။ သည်တော့ သည်အစီအစဉ်နှင့်ပတ်သက်ပြီး လူတိုင်း စိတ်ချမ်းသာကြသည်။

ကောင်လေးတွေ လေသာဆောင်ပေါ်သို့ တရွေ့ရွေ့ လျှောက်သွားကြသည်။ သူတို့ ထွက်ခွာသွားသည်ကို ကျွန်တော် လိုက်ကြည့်နေ၏။ သူတို့အများစုသည် ကျွန်တော့်ထက် အသက်ကြီးကြသည်။ သို့သော် သူတို့သည် ကျွန်တော့်ထက်

mgyoe.com

ငယ်သည်ဟု ကျွန်တော် ထင်နေသည်။ ကျွန်တော်ကိုက လူကြီးစိတ်ပေါက်နေသည်။ ကျွန်တော့် ကိုယ်လုံးကိုယ်ထည်ကြောင့် ဖြစ်ကောင်းဖြစ်မည်။ ကျွန်တော့်အရပ်က ၅ ပေ ၁၁ လက်မ၊ သို့မဟုတ် ကျွန်တော်သည် သည်နေရာသို့ သုံးနွေဆက်တိုက် ရောက်ခဲ့ပြီဆိုသော သမ္မာကြောင့်လည်း ဖြစ်ကောင်းဖြစ်မည်။

ကျွန်တော်က နေ့စဉ်ပြေစာများကို ကောက်ယူပြီး စီကာစဉ်ကာ ထပ်နေ၏။ ဆမ်က ပြေစာများကို စနစ်တကျ ထပ်ထားမှ ကြိုက်သည်။

သည်ဟိုတယ်မှာ ကျွန်တော်၏ ပထမနွေ အတွေ့အကြုံများကို သတိရမိသည်။ ထိုစဉ်က ကျွန်တော်သည် အစိမ်းသက်သက်။ ကျွန်တော်၏ လူလားမြောက်နေ့ပွဲအပြီးမှာ သည်ကို ရောက်လာခဲ့ခြင်းဖြစ်၏။ ကျွန်တော်သည် ဆောင်းဦးပေါက်တွင် ဘောလုံးအသင်းထဲ ဝင်ခွင့်ရနိုးဖြင့် ဂေါ့ကင်နောက်က တကောက်ကောက်လိုက်ပြီး ဖော်လံဖားနေရသည့် ခပ်ကြမ်းကြမ်း လူငယ်တစ်ယောက်သာဖြစ်၏။ သို့သော် ဂေါ့ကင်သည် ကျောင်းသို့ ဘယ်တော့မျှ ပြန်မလာတော့ပေ။

သည်ဟိုတယ်သို့ရောက်ပြီး ပထမညမှာပင် ဂေါ့ကင်က လေးကောင်ဂျင်ဝိုင်းတွင် မူလဆိုင်ရှင်ဟောင်းကို အပြောင်ရှင်းပစ်လိုက်၏။ နောက်နေ့ကျတော့ ဂေါ့ကင်ဆိုင်ရှင်ဖြစ်နေပြီ။ ပထမသီတင်းပတ်မကုန်မီမှာပင် သူ ကျောင်းသို့ မပြန်တော့ဆိုတာ သူသိနေပြီ။

"ဒီနေရာက ငါ့နေရာ၊ တခြား နလပိန်းတုံး တစ်ကောင်ကောင်ပဲ ကောင်လေးတစ်သိုက်ကို ဝတ်ကြီးဝတ်ငယ် ပြုနေပါစေတော့"

သူ့စကားကို ကျွန်တော် ကြားယောင်နေသည်။

ကျွန်တော်က ဟိုတယ်မှာ အလုပ်လုပ်မည့်အစား သူ့ကိုကူသည်။ သူ့အလုပ်ကလည်း အောင်မြင်သည်။ ဆောင်းတွင်းကျတော့ မီယာမီကမ်းခြေဘက်မှာ ဆိုင်သွားဖွင့်သည်။ နောက်နေ့ကျတော့ သည်ဟိုတယ်မှာကော၊ သည်ဟိုတယ်နှင့် လမ်းကြောတစ်ကြောတည်းရှိသည့် နေရာမှ ဟိုတယ်တစ်ခုမှာပါ ဆိုင်ဖွင့်သည်။ သည်နွေတွင် ဆိုင်ငါးဆိုင် ဖွင့်ဖြစ်သည်။ တစ်ဆိုင်တွင် ကောင်လေးနှစ်ယောက်စီ ငှားထားသည်။ သူကတော့ ဆိုင်သို့ တစ်နေ့တစ်ကြိမ်လာပြီး ငွေသိမ်းသည့်အလုပ်ပဲ လုပ်တော့သည်။ ခုဆို ဖို့ကားကြီး စီးမနေတော့။ အမိုးဖွင့် 'ပယာ့စ်' ကားကလေးကို မောင်းနေပြီ။

သို့သော် ကျွန်တော်၏ ပထမနွေ အတွေ့အကြုံကတော့ သိပ်မချောင်။ ကျွန်တော့်နဖူးမှာပဲ 'အချဉ်' ဆိုသည့် စာတန်းပေါ်နေသလားမသိ။ ကျွန်တော်သည်

mgyoe.com

သစ်ငုတ်တိုဘ၀ဖြင့် ကောင်လေးတွေ ဟာသလုပ်သရွှေ့ကို ခံရသည်။ တွေ့သမျှ ကောင်မလေးတွေကလည်း ကျွန်တော့်ကို စသည်၊ နောက်သည်။ နောက်ဆုံးတော့ ကျွန်တော့်ကို လက်ရှောင်ကြဖို့ ဆမ်က ပြောယူရသည်။ သူက ကျွန်တော် စိတ်မထိန်းနိုင်ဖြစ်ပြီး တစ်ယောက်ယောက်ကို ဖြိုမိမှာ စိုးရိမ်နေသည်။

နောက်နွေကျတော့ ကျွန်တော် ပြန်မသွားချင်။ သို့သော် အိမ်သို့ ဆမ်ရောက်လာပြီး ဒုတိယဟိုတယ်တစ်ခု ရွေးထားကြောင်း၊ ထိုဟိုတယ်မှ ဆိုင်ကို ကျွန်တော် ဦးစီးရမည်ဖြစ်ကြောင်း ပြောတော့ ကျွန်တော် သူနှင့်လိုက်သွားဖြစ်သည်။ ကျွန်တော်တို့မှာ ငွေလိုသည်။ ဖေဖေ့လုပ်ငန်းမှာ မြောင်းထဲရောက်နေပြီ။ ထိုနွေအကုန်တွင် ကျွန်တော် ဒေါ်လာ ၅၀၀ စုမိခဲ့သည်။

အဆိုပါငွေတွေကို ထမင်းစားစားပွဲပေါ် တင်ပေးပြီး မေမေ ယူထားဖို့ ပြောစဉ်က မေမေ့မျက်နှာကို ကျွန်တော် မြင်ယောင်နေ၏။ သူ့မျက်လုံးတွေထဲမှာ မျက်ရည်တွေ၊ မျက်ရည်တွေကို ကျွန်တော် မမြင်အောင် မျက်နှာကို ဖေဖေ့ဘက်လှည့်လိုက်၏။ သူ့ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်ခါနေ၏။ သို့သော် သူပြောလိုက်သည့် စကားကို ကျွန်တော် ကြားရသည်။

"မေမေ့ ရွှေသွေးရယ်"

ထိုမျှသာ။

ဖေဖေလည်း မျက်ရည်ကျမတတ်ဖြစ်နေသည်။ စတိုးဆိုင်မှာ ကျင်လည်ရသည့် နေ့များသည် တစ်နေ့ထက်တစ်နေ့ စိတ်ပျက်စရာ ကောင်းလာသည်။ ငွေကြေးသည် သူလက်လှမ်းမမီနိုင်သည့် အရာတစ်ခုဖြစ်လာသည်။ သို့သော် ဖေဖေက မာနကြီးစွာဖြင့် အံကိုခဲထားခဲ့သည်။

"အဲဒီငွေကို ဘဏ်မှာအပ်ထား ဒင်နီ၊ သား ကောလိပ်တက်တဲ့အခါ ငွေလိုလိမ့်မယ်"

ဖေဖေ ပြောခဲ့သည်။ ကျွန်တော် ပြုံးခဲ့သည်။ သူ ကျွန်တော့်ကို နောက်နေတာမဟုတ်။ ကျွန်တော်က သူထင်ထားတာထက် ပိုသိနေပါသည်။

"ဒီငွေကို ခုသုံးလို့ရပါတယ်။ ကောလိပ်ကျောင်းထဲ ခြေချခွင့်ရဖို့ နောက် နှစ်နှစ်တောင် လိုပါသေးတယ်။ အဲဒီတော့မှပဲ အဲဒီကိစ္စအတွက် ပူပင်ကြတာပေါ့"

ကျွန်တော်က ငြင်းပယ်လို့မရသော ယုတ္တိဗေဒဖြင့် ပြောခဲ့၏။

ဖေဖေ ကျွန်တော့်ကို ကြည့်သည်။ အချိန်အကြာကြီး ထင်ရလောက်အောင်

mgyoe.com

mgyoe.com
ကြည့်နေခဲ့၏။ ထို့နောက် တုန်ယင်သော လက်တစ်ဖက်ဖြင့် ငွေစများကို လှမ်းယူသည်။

"ကောင်းပြီ ဒင်နီ၊ ဒါပေမဲ့ ဖေဖေတို့ သတိရနေမှာပါ။ လုပ်ငန်းကိုင်ငန်း အခြေအနေကောင်းလာရင် သား ဒီငွေကို ပြန်ရမှာပါ"

သို့သော် သူ မည်သို့ပင် ကတိပေးပေး သည်ငွေသည် ကျောက်ခဲရေထဲကျသလို စုံးစုံးမြုပ် ပျောက်ကွယ်သွားမည်ဖြစ်ကြောင်း ကျွန်တော်တို့အားလုံး သိနေခဲ့သည်။ စီးပွားရေးက ပိုကောင်းမလာ၊ ပိုဆိုးလာသည်။ စီးပွားရေးအခြေအနေက အခြားအခြားသောကိစ္စများ လျှောက်လှမ်းသည့် လမ်းအတိုင်း လိုက်လျှောက်နေသည်။ မြောင်းထဲသို့။

သို့သော် ထိုအဖြစ်သည် လွန်ခဲ့သည့်နှစ်က ဖြစ်ပျက်ခဲ့ခြင်း၊ ကျွန်တော်လည်း ထိုငွေကို နှုတ်ဆက်အနမ်းကလေး နမ်းခဲ့ပြီးသား။ သည်နှစ်မှာတော့ လွန်ခဲ့သည့်နှစ်၏ ဝင်ငွေကို စံချိန်ချိုးနိုင်လျှင် ကျွန်တော့်အား ဒေါ်လာ ၁၀၀ ထပ်ဆောင်းပေးမည်ဟု ဆမ်က ကတိပေးထားသည်။

ပြေစာများကို စနစ်တကျ ထပ်ပြီးသွားပြီ။ ကျွန်တော်က သည်ရာသီ၏ ဝင်ငွေ အခြေအနေကို သိရအောင် ပေါင်းကြည့်သည်။ ကျွန်တော့်အတွက် လိုအပ်သည်မှာ သည်ရာသီ၏ နောက်ဆုံးသီတင်းပတ်များအတွင်း အနားယူခွင့် တစ်ကြိမ်ရရေးပဲ ဖြစ်၏။ အနားယူဖို့လည်း ပြင်ဆင်ထားသည်။ ကျွန်တော် လက်ပတ်နာရီကို ကြည့်လိုက်၏။ နေ့လယ်စာမစားမီ ရေတစ်ခေါက်ကူးဖို့ အချိန်ရသေးသည်။

အရောင်းဆိုင်ကို သိမ်းဆည်းသော့ခတ်ပြီး လေသာဆောင်ပေါ်ထွက်ခဲ့၏။ အသစ်ရောက်လာသည့် အမျိုးသမီးနှင့် မျက်လုံးပြူးပြူး ကောင်လေးတစ်ယောက် စားပွဲတင်တင်းနစ် ကစားနေသည်။ ကောင်မလေး ကစားပုံက ပုံစံမှန်သည်။ သို့သော် သူ၏ လက်ပြန်ရိုက်ချက်များကို နည်းနည်းပြုပြင်ပေးလိုက်လျှင် ပိုကောင်းလာမည်။

ကျွန်တော် သူ့နောက်သို့လျှောက်သွားပြီး သူ့လက်ထဲမှ ဘက်တံကို ယူလိုက်၏။

"လက်ကောက်ဝတ်ကို ဖျော့ထားကလေး၊ ဖျော့ထား"

ကျွန်တော် ယုံကြည်စိတ်ချမှုအပြည့်ဖြင့် ပြော၏။

"ကိုယ့်ကိုကြည့်၊ မင့်လက်ကောက်ဝတ်က တောင့်လွန်းနေတယ်"

မျက်ပြူးက ကျွန်တော့်ကို စိန်းစိန်းကြည့်ပြီး ဘောလုံးကို တအားရိုက်လွှတ်

လိုက်၏။ ကျွန်တော် လွယ်လွယ်ကူကူပင် ပြန်တင်ပေးလိုက်၏။ သူက နောက် တစ်ချက် ထပ်ဆွဲသည်။ ကျွန်တော်ကလည်း ပြန်တင်ပေးသည်။ ကျွန်တော် လုံလုံပပ ကစားပြ နိုင်သည်။ ဒါကို ကျွန်တော် သိသည်။ နောက်တစ်ကြိမ်ကျတော့ ဘောလုံးကို အေးတိုက်လည်အောင် အသာကလေး ခုတ်ပေးလိုက်သည်။ ဘောလုံးကလေးသည် သဲကြီးမဲကြီး ရိုက်ဖို့အားထုတ်နေသည့် မျက်ပြူး၏ ဘက်တံရှေ့တွင်ထောက်ပြီး ရွှီးခနဲ ဘေးဘက်သို့ လည်ထွက်သွားတော့သည်။

ကျွန်တော်က ကောင်မလေးကို ပြုံးပြလိုက်သည်။

"တွေ့လား ကလေး၊ လွယ်ပါတယ်"

"ရှင်ကစားပုံကတော့ ဟုတ်တာပေါ့။ ဒါပေမဲ့ ကျွန်မမှ အဲဒီလိုမတတ်ဘဲ"

ကောင်မလေး ကျွန်တော့်ကို ပရိယာယ်ကြွယ်စွာ ပြောသည်။ ပြီးတော့ ပြန် ပြုံးပြသည်။

"မင်း တတ်ရမှာပေါ့၊ ကိုယ်သင်ပေးမယ်လေ"

ကျွန်တော် ခပ်ပေါ့ပေါ့ပြောသည်။ သူ့လက်ထဲ ဘက်တံပြန်ထည့်ပေးပြီး သူ့ နောက်မှာ သွားရပ်သည်။ သူ့လက်ကို နောက်မှနေပြီး ကိုင်ထားသည်။ သူ့ညာဘက် လက်ကို ဖြည်းဖြည်းချင်း မြှောက်ယူသည်။ ပခုံးလောက်ထိ မြင့်သွားတော့ သူ့လက် ကို ကိုယ်ခန္ဓာ၏ ဘယ်ဘက်ခြမ်းသို့ တံတောင်ဆစ်မှ ကွေးပြီး ပို့ပေးသည်။ ကျွန်တော် တို့ လက်နှစ်ဖက် ထိနေတော့ သူက သူ့လက်ကို ကျွန်တော့်လက်ပေါ် ဖိထားသည်။ သည်သူငယ်မ စိတ်မထိန်းနိုင်တော့၊ ငြိသွားပြီ။ သူ့ရင်ခုန်သံတွေ ကျွန်တော့် လက်မောင်းကို လာတိုးနေ၏။

မျက်ပြူးကို ကျွန်တော် အထာပေါက်စွာ ပြုံးပြသည်။ သည်ငနဲလေး ဒေါသ အမျက်ခြောင်းခြောင်းထွက်နေပြီ။ သို့သော် တစ်ချက်ကလေးမျှ မဟောင်ဝံ့။ ကျွန်တော် သည် သူ့အတွက် အကောင်ကြီးလွန်းနေသည်။

ကျွန်တော် ပြုံးပြီး ကောင်မလေးကို ငုံ့ကြည့်သည်။ ပြီးတော့ စကားရောဖော ရော ပြောသည်။

"ကဲ... မလွယ်ဘူးလား"

သူ့မျက်နှာ ရဲတွတ်နေ၏။ သူ့လည်တိုင်ဆီမှ သွေးရောင် လျှမ်းတက်လာသည် ကို ကျွန်တော် မြင်နေရ၏။ သူက မသိမသာကလေး ကျွန်တော့်လက်မှ လွတ်အောင် ရုန်းသည်။ လွတ်သွားလျှင် သည်ကောင်မလေး ထွက်ပြေးလိမ့်မည်။ သူထွက်မပြေး

mgyoe.com

mgyone.com
SAMPLE BOOK


နိုင်ပါ။ ကျွန်တော်က သူ့အတွက် သန်မာလွန်းနေသည်။ သူ ဘာဆိုဘာမျှမပြောရဲ၊ ဘာကြောင့်ဆို ကျွန်တော်တို့ကို အခြားကောင်လေးတွေ ဝိုင်းကြည့်နေကြသည်။ ရုတ်ရုတ်သဲသဲဖြစ်လျှင် သူ့ကို ဗရုတ်ကျသူဟု တေးမှတ်ထားကြလိမ့်မည်။

"လွယ်... လွယ်မယ်ထင်ပါတယ်"

နောက်ဆုံးတွင် သူဖြေသည်။ ကျွန်တော် ပြုံးပြပြီး သူ့ကို လွှတ်ပေးလိုက်၏။ သည်စားပွဲတင်တင်းနစ် သင်ခန်းစာတစ်ခုကိုတော့ သူ သိပ်လွယ်လွယ်ကူကူကြီး မေ့ပျောက်သွားလိမ့်မည် မဟုတ်ပါ။ ကျွန်တော့် လုပ်ဖော်ကိုင်ဖက်တွေကလည်း မေ့လျော့မည်မဟုတ်။ သူတို့ ကြည့်နေကြသည်ကို ကျွန်တော် တွေ့သည်။ သူတို့ မျက်လုံးတွေထဲတွင် အားကျ မနာလိုရိပ်များ ဖုံးလွှမ်းလျက်။ သည်နေရာ သည်အလုပ်ခွင်တွင် ဒေါ်လာတွေ အဓိကမဟုတ်။ မိန်းကလေးတွေက အဓိက။ ဒါက သည်ကောင်တွေ သတ်မှတ်ထားသည့် 'စံ'။ ခုလောက်ဆို သည်ကောင်တွေ ကျွန်တော့်အပေါ် သံသယရှိမည်မဟုတ်တော့။ ကျွန်တော်သည် လုပ်ခွင်ကို တစ်နွေလုံး လာနေခြင်းမှာ မိန်းမတွေနှင့် ရှုပ်ချင်လို့ မဟုတ်ကြောင်း၊ ငွေရှာဖို့သက်သက် လာတာဖြစ်ကြောင်း။

"နည်းနည်းလေးဆက်ပြီး လေ့ကျင့်လိုက်ပါ"

ကျွန်တော် ပြောပြီး လေ့သာဆောင်ပေါ်မှ ထွက်ခွာခဲ့၏။ ကိုယ့်ကိုယ်ကိုယ် ကျေနပ်နှစ်သိမ့်စွာဖြင့်။

ကျွန်တော် ဘောလုံးကွင်းကိုဖြတ်ပြီး လောင်းကစားရုံဆီသို့ သွားသည်။ လောင်းကစားရုံ၏ နောက်ဘက်တွင် ဘန်ဂလိုတစ်လုံးရှိသည်။ အခန်းတစ်ခန်းသာပါသည့် ထိုဘန်ဂလိုတွင် ဆမ်နှင့် ကျွန်တော် နေကြသည်။

သည်နေရာသို့ ပထမဆုံး ရောက်လာသည့်နှစ်ကဆို လောင်းကစားရုံထဲရှိ အခန်းတစ်ခန်းမှာ ကျွန်တော်တို့ အိပ်ကြရသည်။ သည်တော့ ကျွန်တော်တို့မှာ တစ်ခါမှ ကောင်းကောင်း မနားကြရ။ သည်နှစ်တော့ ဆမ်က ဘန်ဂလိုကို ငှားထားမည်။ ပစ္စည်းသိုလှောင်ခန်းအဖြစ်ကော၊ ကျွန်တော်တို့ အိပ်ခန်းအဖြစ်ပါ တွဲသုံးသည်။ ဆမ်က တယ်လီဖုန်းတစ်လုံးပင် တပ်ဆင်ထား၏။ သို့မှ သူဖွင့်ထားသည့် အခြားဆိုင်များနှင့် ဆက်သွယ်ရ လွယ်ကူမည်မဟုတ်ပါလား။

ကျွန်တော် ဘန်ဂလို တံခါးသော့ကို ဖွင့်သည်၊ အထဲဝင်သည်။ ကျွန်တော့် ပတ်လည်ကို ရွံရှာစက်ဆုပ်စွာ လှည့်ပတ်ကြည့်သည်။ တစ်ခန်းလုံး ရှုပ်ပွလျက်။ ကတ်ထူဘူးတွေ အိတ်တွေ တစ်ခန်းလုံး ပြန့်ကျဲနေ၏။ ဒါတွေကို သပ်သပ်ရပ်ရပ်

mgyone.com

ဖြစ်အောင် ကျွန်တော် ဘယ်တော့မျှ လုပ်နိုင်မည် မဟုတ်ဟုပင် ထင်ရ၏။

ခုတင်ပေါ်မှာ တန်းထားသည့် ကြိုးတန်းပေါ်မှ ရေကူးဘောင်းဘီ အဟောင်းတစ်ထည်ကို ယူပြီးဝတ်သည်။ စက္ကူဘူးတွေကို မနင်းမိအောင် ဂရုတစိုက် ကျော်လွှားပြီး တံခါးဝသို့ သွားသည်၊ အပြင်သို့ထွက်သည်။ သည်ညနေတော့ သည်အခန်းကို ရှင်းပစ်မည်ဟု တစ်ကိုယ်တည်း ကတိပြုလိုက်၏။ တံခါးသော့ကို ဂရုတစိုက်ခတ်ပြီး ရေကူးကန်ဆီသို့ လျှောက်ခဲ့သည်။

ရေကူးကန်သည် ကျွန်တော့်အကြိုက် အနေအထားမှာ ရှိနေသည်။ လူတစ်ယောက်မျှမရှိ။ ကျွန်တော်က ရေပြင်ကျယ်ကျယ်ပြန့်ပြန့်ထဲတွင် ကူးချင်သည်။ ထို့ကြောင့် နံနက်ပိုင်းတွင် လာခဲ့ခြင်းဖြစ်၏။ ဧည့်သည်များသည် နေ့လယ်စာစားပြီးချိန်ထက် စော၍လာခဲ့သည်။

ရေကူးကန် အဝင်ဝ အပေါ်ဘက်ရှိ ဆိုင်းဘုတ်အိုကြီးအောက်မှ ဖြတ်လျှောက်ရင်း ဆိုင်းဘုတ်ပေါ်မှ စာသားကို ကြည့်သည်။ သည်စာလုံးတွေကို ကြည့်ပြီး ရင်ထဲတစ်မျိုးခံစားလိုက်ရ၏။ သည်စာလုံးများကို ရေးခြယ်ခါစ ရွှေဦးတုန်းကတော့ အနီရောင်တောက်တောက်။ သို့သော် ခုတော့ ယင်း အနီရောင်တောက်တောက်သည် မှေးမှိန်ပြီး မှုန်ဝါးဝါးပဲ ဖတ်လို့ရတော့သည်။

ရေဝဲစားရောဂါကို သတိထား
ရေကူးသူအားလုံး ရေကန်ထဲမဆင်းမီ
ခြေဆေးခွက်ထဲတွင် ခြေဆေးပါ။

ကျွန်တော်က သည်အမိန့်ကို ရိုသေလေးစားစွာ လိုက်နာပါသည်။ ကျွန်တော် မလိုလားဆုံး အရာတစ်ခုမှာ ခြေထောက်ရေဝဲစားခြင်းဖြစ်၏။ ကျွန်တော်သည် ခြေဆေးခွက်ထဲတွင် နှစ်မိနစ်နီးပါး ရပ်နေ၏။ ပြီးမှ ကန်ပေါင်ပေါ်သို့ လျှောက်ခဲ့သည်။ ကန်ပေါင် သမံတလင်းပေါ်တွင် ရေစိုခြေရာတွေ ထင်ကျန်ခဲ့သည်။

ကျွန်တော့်အား တစ်စုံတစ်ယောက်များ ကြည့်နေမလားဆိုပြီး လေသာဆောင်ဘက် လှမ်းကြည့်သည်။ မျက်ပြူးနှင့် ကောင်မလေးသည် စားပွဲတင် တင်းနစ်ကစားနေဆဲ။ ကျွန်တော့်ကို ကြည့်နေသူ ဘယ်သူမျှမရှိ။ စိတ်ထဲ အောင့်သက်သက်ဖြစ်သွားသည်။

mgyoe.com

 mgyoe.com SAMPLE BOOK 

ရေထဲသို့ လျှောခနဲထိုးဆင်းသွားပြီး ကန့်တစ်ဖက်စွန်းဆီသို့ ခပ်ဆတ်ဆတ်ကူးသည်။ သည်နေ့မနက် ရေက တော်တော်အေးသည်။ အရိုးစိမ့်အောင် မချမ်းချင်လျှင် ဆက်တိုက် ရေကူးနေမှဖြစ်မည်။ ကောင်းသည်၊ ဘေးဘီမှာ ဘယ်သူမှမရှိခိုက် လက်ပစ်ကူးနည်းကို ကျင့်နိုင်သည်။ တစ်ခါတလေ အရေအတွက်များပြီး အသက်ရှူထုတ်ရမည့်အချိန်တွင် အသက်ရှူသွင်းမိပြီး နှာခေါင်းထဲ ရေတွေတစ်ဝကြီး ဝင်ကုန်တတ်သည်။ ထိုအခါ ရေတွေ တဖူးဖူးမှုတ်ထုတ်ရင်း မွန်ထူပြီး ရေပေါ် ပေါ်လာက အရူးတစ်ယောက်လို ခံစားရတတ်သည်။

ခပ်မှန်မှန် လက်ပစ်ကူးရင်း ကူးချက်ကို ရေတွက်နေသည်။ ၁၅ မိနစ်လောက်ကူးပြီးချိန်တွင် ကျွန်တော့်နာမည်ကို ခေါ်နေသည့် ယောက်ျားသံတစ်သံကို ကြားရသည်။ ခေါ်သံကြောင့် လန့်ဖျပ်ပြီး အရေအတွက်များကာ ပါးစပ်ထဲ ရေတွေ အပြည့်ဝင်လာသည်။ ကျွန်တော် စိတ်ဆိုးမာန်ဆိုးဖြင့် မော့ကြည့်လိုက်၏။

အသံရှင်မှာ ဟိုတယ်အကူအလုပ်သမားတစ်ဦး။

"ညှော်ကြိုစားပွဲမှာ မိန်းမတစ်ယောက် ရောက်နေတယ်၊ မင့်ဆရာကို မေးနေလေရဲ့"

ကျွန်တော် ကန်စပ်သို့ ရေကူးသွားပြီး သည်ငနဲကို မော့ကြည့်လိုက်၏။

"ငါ့ဆရာ ဒီမှာမရှိဘူးဆိုတာ မင်းသိသားနဲ့၊ ဘာကိစ္စ ငါ့ကိုလာပြောနေလဲ။ ပြောလိုက်ကွာ၊ ပြန်ပေဦးတော့လို့"

"ပြောပြီးပြီ၊ ဒီတော့ သူက မင်းကိုထပ်မေးလို့"

ကျွန်တော့်ကိုမေးတာ ဘယ်သူများဖြစ်နိုင်ပါလိမ့်။

"သူ့ကိုယ်သူ ဘယ်သူတဲ့လဲ"

အကူအလုပ်သမားက ပခုံးတစ်ချက် တွန့်လိုက်၏။

"ငါက ဘယ်လိုလုပ် သိနိုင်မှာလဲဟ၊ မေးမှမမေးဘဲ။ သူ့ကို ငမ်းနေရတာနဲ့ မေးဖို့ သတိမရဘူး။ ငါသာ မင်းဆိုရင်တော့ သွားတွေ့မှာပဲ၊ ငနဲမက နိပ်တယ်ကွ"

မျက်လုံးနှစ်လုံးကို ကလယ် ကလယ်လှည့်ပြီး ပါးစပ်ကို လက်ဝါးဖြင့် ပုတ်ပြသည်။

ကျွန်တော် ပြုံးစိစိဖြင့် ကန်ပေါင်ပေါ်တက်သည်။ ရေတွေ ကျွန်တော့်ကိုယ်ပေါ်မှစီးကျပြီး ခြေထောက်နားတွင် အိုင်ကလေးတွေ ထွန်းနေသည်။ ဖာဘက်တစ်ထည်လှမ်းယူပြီး ကိုယ်ကို ခြောက်အောင်သုတ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဒါဆို မင်းက ဘာစောင့်နေတာလဲ၊ သူ့ကို ဒီကိုလွှတ်လိုက်ပေါ့"

ကိုယ်ကို တဘက်ဖြင့်သုတ်ရင်း ခုံတန်းရှည်တစ်လုံးပေါ် ထိုင်ချကာ ညှပ်ဖိနပ်စီးဖို့ ပြင်ဆင်နေတုန်း ကျွန်တော့်ခြေထောက်ပေါ်သို့ အရိပ်တစ်ရိပ် ဖြတ်ထိုးလာသည်။ ကျွန်တော် မော့ကြည့်လိုက်၏။

"ဟဲလို... ဒင်နီ"

မီးစ်ရှင်ဒလာက ရပ်ပြီးပြုံးပြနေသည်။

ကျွန်တော် ရုတ်တရက် အားနာသွားပြီး ထိုင်ရာမှ ခုန်ထလိုက်၏။ ကျွန်တော်သည် သူ့ထက် ခေါင်းတစ်လုံးစာ ပိုမြင့်နေကြောင်း တအံ့တဩ သတိထားလိုက်မိ၏။

"မာ... မီးစ်ရှင်ဒလာ"

အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေသည်။

သူ ကျွန်တော့်မျက်နှာကို မော့ကြည့်သည်၊ ပြုံးနေဆဲ။

"ထွားလာလိုက်တာ ဒင်နီရယ်၊ ဆရာမဖြင့် မင်းကို မှတ်တောင် မမှတ်မိဘူး"

ကျွန်တော် ငုံ့ပြီး သူ့ကို စိုက်ကြည့်လိုက်၏။ သူ့ကိုတွေ့မှ အိမ်ကိုသတိရသည် ဆိုတာကတော့ တစ်မျိုးကြီး။ ရယ်စရာ အကောင်းသား။ သည်နေရာ သည်ဒေသက ကိုယ့်အိမ် ကိုယ့်ရာနှင့်မတူ။ တခြားကမ္ဘာတစ်ခုသို့ ရောက်နေသည့်နှယ်။ ခုမှ ထိတ်ခနဲ သတိရသည်။ ဖေဖေ့ဆီ စာပြန်ရဦးမည်။ မေမေ့စာသည် ဘန်ဂလိုထဲက စားပွဲတွင် လဲလျောင်းအိပ်စက်နေသည်မှာ တစ်ပတ်နီးပါးရှိပြီ။

၁

mgyoe.com SAMPLE BOOK

အခန်း (၈)

"လောလောဆယ်တော့ ဆမ် ဒီမှာမရှိဘူးခင်ဗျာ"

သူ့မေးခွန်းကို ဖြေလိုက်၏။ ထို့နောက်...

"တခြားဆိုင်တွေကို လိုက်စစ်ဆေးနေတယ်။ သူ ဒီညတော့ ပြန်ရောက်မှာပါ"

သူ့မျက်နှာပေါ်တွင် စိတ်သက်သာရာရသည့် အသွင်တစ်ရပ် ပေါ်လာသည်။ စိတ်ဝင်စားစရာ သွင်ပြင်။ ထို့နောက် သူက ကမန်းကတန်းပြောသည်။

"ဆရာမ ဒီအနီးအနား ရောက်နေတော့ ဝင်ကြည့်လိုက်ဦးမှပဲလို့ စိတ်ကူးရလို့ ဝင်လာတာပါ"

သူက နေပူကျဲကျဲထဲတွင် ကြောင်စီစီရပ်လျက် မျက်ကြောတွေရှုံ့ပြီး ကျွန်တော့်ကို မော့ကြည့်နေသည်။

ကျွန်တော် ဘာမှမသိနားမလည်သလို လုပ်နေသည်။ နီးနားဝန်းကျင်တဲ့လား၊ မြို့နှင့် မိုင် ၉၀ ဝေးသည့်နေရာ၊ ကျွန်တော် အကြံရသည်။

"ဟုတ်လား၊ ဆရာမ ဘယ်မှာတည်းမှာလဲဟင်၊ သူ ပြန်ရောက်လာရင် သူ့ကို ဖုန်းဆက်ခိုင်းလိုက်မယ်လေ"

"အို..၊ နေပါစေ"

သူဖြေသည်။ ကမန်းကတန်း နိုင်လွန်းသည်ထင်၏။ နီးနားဝန်းကျင် တစ်နေရာရာတွင် သူ့ယောက်ျား ရှိနေရမည် မုချ။ သူက သူ့ယောက်ျား သိစေချင်မည်မဟုတ်။ ကျွန်တော့်ခေါင်းထဲတွင် ဘာတွေတွေးနေသည်ကို သူမှန်းမိပုံရသည်။

"သိတယ်မဟုတ်လား၊ ဆရာမက ခရီးလှည့်နေတာဆိုတော့ ဒီည ဘယ်မှာ

mgyoe.com